ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၆၄ ခုနှစ် ၊ တပို့တွဲလပြည့် ၊ စနေနေ့ ၊ (4-2-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၂၈၀)

ဒီတာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

ထိုင်းနိုင်ငံတွင် ရောက်ရှိနေပြီး အကြောင်းအမျိုးမျိုးကြောင့် မြန်လာရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသော မြန်မာနိုင်ငံသူ၊ နိုင်ငံသားများကို အမိမြန်မာနိုင်ငံသို့ အောင်မြင်စွာပြန်လည်ခေါ်ဆောင်ခဲ့ပြီး သက်ဆိုင်ရာဒေသအသီးသီးသို့ ဆက်လက်ပို့ဆောင်

ထိုင်းနိုင်ငံတွင် ရောက်ရှိနေပြီး အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသို့ ပြန်လာရန် အခက်အခဲကြုံတွေ့ခဲ့ရသော နေရပ်ပြန် မြန်မာနိုင်ငံသားများ ရေယာဉ်ပေါ်တွင် ကိုယ်လက်လေ့ကျင့်ခန်းများဆောင်ရွက်နေမှုကို တွေ့ရစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၃ – နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှာကြားချက်အရ ထိုင်းနိုင်ငံတွင် ရောက်ရှိနေပြီး အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသို့ ပြန်လာရန် အခက်အခဲကြုံတွေ့ခဲ့ရသော နေရပ်ပြန် မြန်မာနိုင်ငံသား ၆၇၉ ဦးတို့ကို ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် မိမိနေအိမ်များသို့ စာမျက်နှာ ၁၆ ကော်လံ ၁ မှာ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဝတိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါကဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

တိုင်းစစ်ဌာနချုပ်အသီးသီး၌ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲများ ပြုလုပ်

စာမျက်နှာ - ၂၁

မာရဝိဇယပုဒ္ဓရုပ်ဖွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ပဟိုဌာနများတွင် ဌာပနာတော်ထပ်မံထည့်သွင်း လှူဒါန်းပူဇော်မည်ဖြစ်ပါသဖြင့် သွင်းလှူပူဇော်နိုင်ရေး အသိပေးနှိုးဆော်ခြင်း

စာမျက်နှာ - ၁၇

ရတနာပုံ
၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်
အယ်ဒီတာ့အာဘော်

ချမ်းအေးပိုက် လတပို့တွဲ

မြန်မာနိုင်ငံတွင် ဆယ့်နှစ်လရှိသည့်အနက် (၁၁)လမြောက်သည် တပို့တွဲလဖြစ်သည်။ တပို့တွဲလ၏ ရာသီအမည်မှာ ကုံ၊ စန်းယှဉ်နက္ခတ်မှာ မာယ၊ ယှဉ်တာရာမှာ ချိန်တာရာ၊ ရာသီရုပ်မှာ အိုးထမ်းယောက်ျား၊ ရာသီပန်းမှာ ပေါက်၊ လဲ၊ ရာသီပွဲမှာ မီးဖုန်းပွဲ၊ ထမနဲပွဲဖြစ်သည်။

တပို့တွဲလ၏ ထူးခြားသော ဝိသေသများမှာ ထမနဲပွဲ၊ မီးဖုန်းပွဲတော်နှင့် သြဝါဒပါတိမောက်အခါတော်နေ့ဖြစ်သည်။ တပို့တွဲလသည် အအေးဓာတ်လွန်ကဲမှုကြောင့် မြတ်စွာဘုရားရှင်ကိုယ်တိုင် မီးလင်းဖို(မီးမယ်ဖျူး)တွင် ရွှေလက်တော်များကင်၍ အနွေးဓာတ်ကိုရယူခဲ့ကြောင်း မှတ်သားရသည်။ ၎င်းကိုရည်ရွယ်၍ ယနေ့အချိန်ထိ တပို့တွဲလပြည့်နေ့ရောက်တိုင်း မြတ်စွာဘုရားကိုရည်မှန်း၍ မီးဖုန်းတော်များ လျှုဒါန်းပူဇော်ကြသည်။

သြဝါဒပါတိမောက်ဒေသနာတော်အနှစ်ချုပ်အဆုံးအမမှာ မကောင်းမှုကို မပြုကြရန်၊ ကောင်းမှုကိုသာဆည်းပူးရန်နှင့် ဖြောင့်မတ်ဖြူစင်သောစိတ်ထားကြရန်တို့သည် ဘုရားရှင်တို့၏အဆုံးအမများဖြစ်သည်။ သီလ၊ သမာဓိနှင့် ပညာ သာသနာသုံးရပ် သို့မဟုတ် ဝိနည်း၊ သုတ်နှင့် အဘိဓမ္မာဟူသော ပိဋကသုံးပုံလုံးပါဝင်သော သြဝါဒပါတိမောက်ဒေသနာတော်ကို ဗုဒ္ဓလမ်းစဉ် အခြေခံမူဝါဒကို မြတ်စွာဘုရားက ဘုရားဖြစ်ပြီး ကိုးလပြည့်သော သာသနာသက္ကရာဇ် ၁၀၃ ခုနှစ် တပို့တွဲလပြည့်နေ့၌ ဟောကြားတော်မူခဲ့သည်။

တပို့တွဲလကို ပုဂံခေတ်ကျောက်စာများတွင် တပိုင်တွယ်၊ တပိုတွယ်၊ တပိုတွဲနှင့် တပိုင့်တွယ်ဟူ၍ အမျိုးမျိုးကမှည်းရေးထိုးခဲ့ကြသည်။ တပိုမှ ထဖိုဖြစ်၍ ထန်းဖိုပင်ဟုဆိုလိုဟန်ရှိသည်။ တွဲမှာ တွဲလျားကျသည်။ တွဲစေသည်။ တ=ထန်း၊ ထန်းဖူး၊ ထန်းခိုင်။ တွဲ=အောက်သို့ကိုင်းညွှတ်ဆွဲနိုင်အောင် တွဲကျနေသည်။ ထန်းဖူး၊ ထန်းခိုင်၊ ထန်းလက်များ အောက်သို့ညွှတ်ကိုင်းတွဲလျက်ကျနေသောကာလ၊ ထန်းရည်နင်းသောလဟုလည်း ခေါ်ဆိုမှတ်တမ်းပြုခဲ့ကြသည်။ တပို့တွဲလတွင် ထန်းသမားတို့သည် ထန်းရည်ခံယူရန် ထန်းပြင်ကြရသည်။ ထန်းရည်မှ သကာရည်နှင့် ထန်းလျက် ထုတ်လုပ်ကြလေ့ရှိသည်။

တပို့တွဲလတွင် ထမနဲပွဲတော်ကို ရှေးမြန်မာမင်းများလက်ထက်ကတည်းက အစဉ်အဆက်ကျင်းပခဲ့ကြကြောင်း အထောက်အထားများစွာရှိခဲ့သည်။ တပို့တွဲလသည် အအေးဆုံးလဖြစ်သောကြောင့် အဆီခန်းခြောက်ကြလေ့ရှိသည်။ ထို့ကြောင့် ဆီနိုင်ထည့် အပူစာထမနဲ(ထမင်းနဲ)ကို စားသုံးကြပါက ကိုယ်ငွေ့ကောင်းပြီး အသားအရေစိုပြည်လာကာ အပူဓာတ်ရနိုင်ကြောင်း၊ မိုးဦးကျတွင် ဖြစ်လေ့ဖြစ်ထရှိသော ဝမ်းရောဂါကိုကြိုတင်ကာကွယ်ရာရောက်ကြောင်း၊ ပထဝီပျက်သူများ ထမနဲစားသုံးသင့်ကြောင်း၊ ရှေးမြန်မာလူကြီးများက ဆေးပညာရှုထောင့်မှ "အစာလည်းဆေး ဆေးလည်းအစာ"ရာသီစာအဖြစ် သတ်မှတ်ထားခဲ့ကြသည်။

သို့ဖြစ်ရာ မိမိတို့နိုင်ငံတွင် ကောက်ဦး၊ နှမ်းဦး၊ ဒါနထူးအဖြစ် ပြုလုပ်လျှုဒါန်းကြသော ထမနဲ(နှမ်းမနဲ)ပွဲများကား ရှေးမြန်မာဘုရင်များလက်ထက်မှ ယနေ့ထိ အသွင်အမျိုးမျိုးဖြင့် ရပ်တည်နေသည်မှာ ရိုးရာယဉ်ကျေးမှုအစဉ်အလာကောင်းဖြစ်သောကြောင့် ထိုအစဉ်အလာကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ရမည်ဖြစ်ကြောင်း ရေးသားလိုက်ပါသည်။

ရောဝတီမြစ် မန္တလေး-တကောင်း ရေလမ်းကြောင်းတစ်လျှောက်တွင် ရေလမ်းညွှန်အမှတ်အသား အခုရေ ၂၄၀ စိုက်ထူပြုသမည်

မန္တလေး ဖေဖော်ဝါရီ ၃

ရောဝတီမြစ် မန္တလေး-တကောင်း ရေလမ်းကြောင်းတစ်လျှောက်တွင် ဖေဖော်ဝါရီလ ဒုတိယပတ်အတွင်း ရေလမ်းညွှန်အမှတ်အသားအခုရေ ၂၄၀ စိုက်ထူပြုသမည်ဖြစ်ကြောင်း ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး၊ ရေလမ်းညွှန်ဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။

ရောဝတီမြစ်မန္တလေး-တကောင်း ရေလမ်းကြောင်း တစ်လျှောက် ရေယာဉ်များ သွားလာရာတွင် အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေးအတွက် ဖေဖော်ဝါရီလ ဒုတိယပတ်အတွင်း ရေပေါ်ပြရေလမ်းညွှန်အမှတ်အသား အခုရေ ၁၄၀ နှင့် ကမ်းပေါ်ပြ ရေလမ်းညွှန်အမှတ်အသား အခုရေ ၁၀၀ စုစုပေါင်း ရေလမ်းညွှန်အမှတ်အသား အခုရေ ၂၄၀ စိုက်ထူပြုသပေးမည်ဖြစ်ကြောင်း သိရသည်။

"ရောဝတီမြစ်ကြောင်းတစ်လျှောက် မန္တလေး-တကောင်း ရေလမ်းကြောင်းမှာ သင်္ဘောတွေ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ဖို့ ဖေဖော်ဝါရီလ ဒုတိယပတ်မှာ ရေပေါ်ပြ၊ ကမ်းပေါ်ပြရေလမ်းညွှန်အမှတ်အသားတွေ စိုက်ထူပြုသပေးသွားမှာပါ"ဟု ဦးရဲထွန်းလင်းအောင်က ပြောပြသည်။

ယခုအခါ ရောဝတီမြစ်အတွင်း ရေနည်းချိန်ကာလဖြစ်သောကြောင့် သောင်ထွန်းမှုများ ဖြစ်ပေါ်နေပြီး ရေလမ်းကြောင်း ပြောင်းလဲမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ကြောင့် မန္တလေးဆိပ်ကမ်းမှ မန္တလေး-တကောင်း ရေလမ်းကြောင်းအတိုင်း သွားလာကြမည့် ရေယာဉ်များအနေဖြင့် သောင်တင်မှုများ မရှိစေရေးနှင့် ရေလမ်းကြောင်း မမှားစေရေးအတွက် ရေလမ်းညွှန်အမှတ်အသားများကို ဂရုပြုသွားလာကြရန် လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

မန္တလေး ဖေဖော်ဝါရီ ၃

မန္တလေး အိမ်ခြံမြေဈေးကွက်သည် ယခုအခါ ပြန်လည်လှုပ်ခတ်စပြုလာသော်လည်း အရောင်းအဝယ် သိသိသာသာ ပြောင်းလဲခြင်းမျိုး မရှိကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ယခုအခါအိမ်ခြံမြေများ ကာလပေါက်ဈေးထက် ဈေးနှုန်းကျဆင်းလာသော်လည်း သိန်းထောင်ကြီးပိုင်းနှင့် သိန်းသောင်းဂဏန်းပိုင်းရှိနေသည့် အိမ်ခြံမြေများမှာ အရောင်းအဝယ်ဖြစ်မှု အလွန်နည်းကြောင်း၊ အငှားဈေးကွက်လည်း ကျဆင်းသွားခြင်းမျိုးမရှိဘဲ မြို့တွင်းအချက်အချာကျသည့်နေရာများ အပါအဝင် လူနေရပ်ကွက်များတွင် ငှားရမ်းရမှု များနေဆဲဖြစ်ကြောင်း သိရသည်။

"အိမ်ခြံမြေလုပ်ငန်းရင်းနှီးမြှုပ်နှံသူတွေနဲ့ ဆောက်လုပ်ရေးလုပ်ငန်းရှင်တွေအပါအဝင် အိမ်ခြံမြေနဲ့ ဆက်စပ်နေတဲ့ စီးပွားရေးလုပ်ငန်းရှင် တော်တော်များများက အိမ်ခြံမြေဈေးကွက် သိသိသာသာပြောင်းလဲသွားနိုင်တယ်လို့ မျှော်လင့်ထားကြပေမဲ့ ထင်သလောက်ဖြစ်လာတာ မတွေ့ရပါဘူး။ ဈေးကွက်မှာက ခေါ်ဈေးထက် ဈေးလျှော့ရောင်းမှ အဆင်ပြေတာများပါတယ်။ အားလုံးမျှော်လင့်ထားသလို အရောင်းအဝယ်ပိုင်း သိသိသာသာ မြင့်တက်မလာသေးဘဲ တိုက်ခန်းဝယ်ယူတာတွေကိုတော့ ပိုပြီးစိတ်ဝင်စားလာကြပါတယ်"ဟု အိမ်ခြံမြေအကျိုးတော်ဆောင် ဦးဌေးဌေးက ပြောပြသည်။

ထို့ပြင် ဈေးကွက်အတွင်း တန်ဖိုးနည်း အကွက်ရိုက်မြေကွက်များအပြင် တန်ဖိုးသင့်နေအိမ်ပါပြီး မြို့တွင်းပိုင်း မြေကွက်များကိုလည်း မေးမြန်းဝယ်ယူမှု အနည်းငယ် ရှိလာကြောင်း၊ အကွက်ရိုက်မြေကွက်များမှာ မြေတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းပေးချေပြီး ကျန်ငွေကို အရစ်ကျစနစ်ဖြင့် ရောင်းဝယ်နေခြင်းကြောင့် အမှန်တကယ်နေထိုင်လိုသူများ အများဆုံးဝယ်ယူနေကြကြောင်း သိရသည်။

အရောင်းအဝယ်ဖြစ်နေသည့် အကွက်ရိုက်မြေကွက်များမှာ ချမ်းမြသာစည်မြို့နယ် အရှေ့ခြမ်းရှိ အကွက်ရိုက်မြေကွက်များ၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်ရှိ ကျေးရွာမြေများဖြစ်ကြောင်း သိရသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့် စက်မှုဇုန်နှင့် အနီးဝန်းကျင် ရပ်ကွက်များမှ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၂၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀ နှင့်အထက်၊ အမရပူရမြို့နယ်တွင် ရပ်ကွက်အတွင်းပိုင်းရှိ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၈၀၀ ခန့်နှင့်အထက်၊ လမ်းမတန်းကြီးများတွင် လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၁၅၀၀ ခန့်နှင့် အထက်ရှိကြောင်း အိမ်ခြံမြေအကျိုးတော်ဆောင် ဦးဌေးဌေးထံမှ သိရသည်။

(၁၇၃)

မြို့နယ် ၁၂ မြို့နယ်ရှိ တောင်သူများကို ဆောင်းသီးနှံ စိုက်ပျိုးစရိတ်ချေးငွေကျပ် သန်း ၇၅၀ ကျော် ထုတ်ချေးပြီးဖြစ်

မန္တလေး ဖေဖော်ဝါရီ ၃

မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအနေဖြင့် ၂၀၂၂ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီအတွက် မြို့နယ် ၁၂ မြို့နယ်ရှိ တောင်သူများကို စိုက်ပျိုးစရိတ်ချေးငွေကျပ်သန်း ၇၅၀ ကျော် ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း အဆိုပါဘဏ်ခွဲမှ တိုင်းဒေသကြီးမန်နေဂျာ ဦးစိုးကိုကိုဝင်းက ပြောပြ၍ သိရသည်။

မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ခွဲအနေဖြင့် ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေကို စပါးနှင့် အခြားသီးနှံများ ဧကအလိုက်အတွက် မြို့နယ် ၁၂ မြို့နယ်ရှိ တောင်သူများကို ၂၀၂၂ ခုနှစ် အောက်တိုဘာလမှစ၍ ထုတ်ချေးပေးခဲ့ရာ ယနေ့ထိ မြို့နယ် ၁၂ မြို့နယ်ရှိ ကျေးရွာ ၉၈ ရွာ၊ စိုက်ဧကပေါင်း ၇၂၉၇ ဧက၊ တောင်သူပေါင်း ၁၇၁၈ ဦးတို့အတွက် ချေးငွေကျပ် ၇၅၆ ဒသမ ၆ သန်းထုတ်ချေးပေးပြီးဖြစ်ကြောင်း သိရသည်။

"ဘဏ်က တောင်သူတွေအကျိုးစီးပွားအတွက် ချေးပေးနေတာပါ။ အောက်တိုဘာလကနေ စတင်ချေးပေးခဲ့တာပါ။ ဒီနေ့မှာဆိုရင် ချေးငွေအားလုံးကို ချေးပေးပြီးပါပြီ။ ချေးပေးတဲ့အခါ တောင်သူတွေရဲ့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်(ပုံစံ-၇)ကို အာမခံရယူကာ ဘဏ်မှာချေးပြီး ဘဏ်မှာဆပ်စနစ်ဖြစ်ပါတယ်။ အတိုးနှုန်းကတော့ ငွေကျပ် ၁၀၀ ကို တစ်နှစ်ကို ငါးရာခိုင်နှုန်းနဲ့ ထုတ်ချေးတာပါ။ ဆောင်းသီးနှံစိုက်ပျိုးတဲ့ တောင်သူတွေကို အဓိကထုတ်ချေးပေးပါတယ်" ဟု ဦးစိုးကိုကိုဝင်းက ပြောပြသည်။

အဆိုပါ ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေကို စပါးတစ်ဧက လျှင် ငွေကျပ် ၁၅၀၀၀၀ နှင့် မြေပဲ၊ ပဲတီစိမ်း၊ နှမ်း၊ ဝါ၊ ကုလားပဲ၊ မတ်ပဲ၊ ပဲပုပ်၊ ပဲလွမ်း၊ ပြောင်း စသည့် အခြားသီးနှံများအတွက် တစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀၀ ချေးပေးကြောင်း၊ ထုတ်ချေးပေးခဲ့သည့် မြို့နယ်များမှာ ချမ်းအေးသာစံ၊ အမရပူရ၊ ပုသိမ်ကြီး၊ ကျောက်ဆည်၊ စဉ်ကူး၊ စဉ်ကိုင်၊ မတ္တရာ၊ သပိတ်ကျင်း၊ တံတားဦး၊ သာစည်၊ မြင်းခြံ၊ ကျောက်ပန်းတောင်းမြို့နယ်တို့ဖြစ်ကြောင်း သိရသည်။

(၁၈၅)

ထုတ်ဝေဌာန်အမှတ်-၀၀၃၂၄၊ ပုံနိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၀၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၀၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အိုးရာစောလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနိပ်ထုတ်ဝေသည်။

မင်းဘူးမြို့နယ် စကုမြို့ အမှတ်(၂)ရပ်ကွက်၌ ကွန်ကရစ်တံတား တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

မင်းဘူး ဖေဖော်ဝါရီ ၃

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၈၈ ဒသမ ၈ သန်းဖြင့် စကုမြို့ အမှတ်(၂) ရပ်ကွက် ဂူကြီးတောရဘုန်းတော်ကြီးကျောင်းသွားလမ်းပေါ်၌ ကွန်ကရစ်တံတား တည်ဆောက်ခြင်းနှင့်ဆက်စပ်လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကို၊ ခရိုင်နှင့် မြို့နယ် တာဝန်ခံအင်ဂျင်နီယာများက စကုမြို့ အမှတ်(၂)ရပ်ကွက် ဂူကြီးတောရဘုန်းတော်ကြီးကျောင်းသွားလမ်းပေါ်၌ ကွန်ကရစ်တံတား၊ ကျောက်စီမြေထိန်းနံရံ၊ Toe Wall တည်ဆောက်ခြင်း၊ ချဉ်းကပ်လမ်းဆောင်ရွက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ဆောင်ရွက်ပြီး လုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မင်းဘူးမြို့နယ် စကုမြို့ အမှတ်(၂) ရပ်ကွက် ဂူကြီးတောရဘုန်းတော်ကြီးကျောင်းသွား လမ်းပေါ်၌ အရှည်ပေ ၄၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၀ ပေရှိ ကွန်ကရစ်တံတား၊ ကျောက်စီမြေထိန်းနံရံ၊ Toe Wall တည်ဆောက်ခြင်း၊ ချဉ်းကပ်လမ်းဆောင်ရွက်ခြင်း လုပ်ငန်းများကို တင်ဒါအောင်မြင်သော Shwe Group ကုမ္ပဏီက ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၂ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **စင်မာ**

မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဧဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ပုသိမ်ကြီးမြို့နယ် နေရွှာကျေးရွာနေ ဦးသန်းစိုး-ဒေါ်ညီကြည် မိသားစုက ဆွမ်း၊ ဆေးပဒေသာပင်အတွက် ငွေကျပ် ၈၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်း ဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏ၊ အဖွဲ့ဝင် ဦးဝင်းမြင့်နှင့် ရုံးအဖွဲ့မှူး ဦးသန့်စင်တို့က လက်ခံရယူစဉ်။

ရောဝတီတိုင်းဒေသကြီးမှ ရန်ကုန်မြို့သို့ ဇန်နဝါရီလအတွင်း ဆန်အိတ်ရေ ၁၉၅၅၀၀ တင်ပို့ခဲ့

ပုသိမ် ဖေဖော်ဝါရီ ၃

ရောဝတီတိုင်းဒေသကြီးမှ ဆန်များကို ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိရာ ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇန်နဝါရီ ၃၁ ရက်ထိ ဆန်အိတ်ရေ ၁၉၅၅၀၀ ထိ တင်ပို့ရောင်းချခဲ့ကြောင်း ပုသိမ်မြို့ ဆန်နှင့် စပါးရောင်းဝယ်ရေးလုပ်ငန်းရှင်များအသင်းမှ ဒေါ်စုစုလှိုင်ထံမှ သိရသည်။

ရောဝတီတိုင်းဒေသကြီးမှ ဆန်စပါးရောင်းဝယ်ရေး လုပ်ငန်းရှင်များသည် ဒေသထွက်စပါးများကို ဝယ်ယူကြိတ်ခွဲပြီး ဆန်အဖြစ် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်းက ဆန်တစ်တင်းခွဲအိတ်ရေ ၁၄၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇန်နဝါရီ ၃၁ ရက်ထိ ဆန်တစ်တင်းခွဲအိတ်ရေ ၁၉၅၅၀၀ ထိ တင်ပို့ရောင်းချခဲ့ကြောင်း သိရသည်။

"ရန်ကုန်မြို့ကို ရောဝတီတိုင်းဒေသကြီးက အဓိကထွက်ကုန်ဖြစ်တဲ့ စပါးအဖြစ်နဲ့ကော ဆန်အဖြစ်နဲ့ပါ တင်ပို့ရောင်းချနေပါတယ်။ ဇန်နဝါရီလတစ်လအတွင်း ဆန်တစ်တင်းခွဲ အိတ်ရေ ၁၉၅၅၀၀ ထိ တင်ပို့ရောင်းချထားရပါတယ်။ ဆန်တွေဝယ်လိုအားကောင်းလာသလို ဈေးကလဲ အနည်းငယ်တက်လာပါတယ်။ လက်ရှိဆန်အိတ်တွေကို ပုသိမ်ကနေ အဓိကတင်ပို့နေတာဖြစ်ပါတယ်။ ကုန်ပစ္စည်းတွေများများနဲ့ မြန်မြန်တင်ပို့လို့ရတဲ့ ကုန်တင်ကားတွေနဲ့ ကုန်းလမ်းကြောင်းကနေ အဓိကထားပြီး ဆန်အိတ်တွေကို တင်ပို့ရောင်းချနေတယ်" ဟု ပုသိမ်မြို့ ဆန်နှင့် စပါးရောင်းဝယ်ရေးလုပ်ငန်းရှင်များအသင်းမှ ဈေးကွက်ရှာဖွေရေး တာဝန်ခံ ဒေါ်စုစုလှိုင်က ပြောပြသည်။

ရောဝတီတိုင်းဒေသကြီးမှ ရန်ကုန်မြို့သို့ ဇန်နဝါရီ ၁ ရက်မှ ယနေ့ထိ ဖျာပုံပေါ်ဆန်းမွှေး တစ်အိတ်လျှင် ငွေကျပ် ၆၇၀၀၀၊ ညီမထတစ်အိတ်လျှင် ငွေကျပ် ၄၆၀၀၀၊ ရက် ၉၀ တစ်အိတ်လျှင် ငွေကျပ် ၄၆၅၀၀၊ မနောသုခတစ်အိတ်လျှင် ငွေကျပ် ၄၅၅၀၀၊ သီးထပ်ရင်တစ်အိတ်လျှင် ငွေကျပ် ၄၅၀၀၀၊ ထိုင်းဘေးကျားတစ်အိတ်လျှင် ငွေကျပ် ၄၃၀၀၀၊ နံကားတစ်အိတ်လျှင် ငွေကျပ် ၄၂၅၀၀၊ ရောမင်းတစ်အိတ်လျှင် ငွေကျပ် ၄၆၀၀၀၊ ဆင်းသုခတစ်အိတ်လျှင် ငွေကျပ် ၄၃၅၀၀၊ ပုသိမ်ပေါ်ဆန်းတစ်အိတ်လျှင် ငွေကျပ် ၆၃၀၀၀၊ ကျားပျံတစ်အိတ်လျှင် ငွေကျပ် ၇၃၀၀၀ ပေါက်ဈေးဖြင့် တင်ပို့ရောင်းချရကြောင်း သိရသည်။

ကျော်ကျော်လင်း

ကွမ်းလုံမြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ကွမ်းလုံ ဖေဖော်ဝါရီ ၃

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွမ်းလုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖာဖိန်ကျေးရွာအုပ်စု ဖာဖိန်ကျေးရွာနှင့် ကျန်ကြာကျိုင်းကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ဆဋ္ဌမအကြိမ်ထုတ်ချေးခြင်းကို ဇန်နဝါရီ ၂ ရက်နံနက်ပိုင်းက ဖာဖိန်ကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကွမ်းလုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးဇော်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများကိုရရှိစေပြီး မိသားစုဝင်ငွေတိုးပွားကာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် အကျိုးပြုစေမည်ဖြစ်ကြောင်း၊ ရရှိလာသော မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်နှင့် ပြန်ဆပ်ရမည့်ကာလတို့ကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၄၁၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက ဖာဖိန်ကျေးရွာနှင့် ကျန်ကြာကျိုင်းကျေးရွာတို့ရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၄၁၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကျော်စောဦး(မောရှမ်းမြေ)

ရှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံ ၁၁၄၃၆၁ ဧက စိုက်ပျိုးပြီးစီး

ဝက်လက် ဖေဖော်ဝါရီ ၃

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံ ၁၁၄၃၆၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံလျာထား ၁၁၄၂၆၇ ဧကကို ၂၀၂၂ ခုနှစ် အောက်တိုဘာလက စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ပဲမျိုးစုံသီးနှံ ၁၁၄၃၆၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ လျာထားကေထက်ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် ဝက်လက်မြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ ပဲမျိုးစုံသီးနှံ ၁၁၄၂၆၇ ဧက စိုက်ပျိုးဖို့လျာထားခဲ့တာ လက်ရှိ ၁၁၄၃၆၁ ဧက စိုက်ပျိုးပြီးစီးခဲ့ပြီ။ ပဲမျိုးစုံသီးနှံစိုက်ပျိုးမှုကတော့ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့တာပါ။ ပဲမျိုးစုံစိုက်ပျိုးမှုကတော့ အောင်မြင်ဖြစ်ထွန်းလျက်ရှိပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ပဲမျိုးစုံသီးနှံကေ စိုက်ပျိုးနိုင်မှုအနေဖြင့် ပဲတီစိမ်း ၄၅၁၆ ဧက၊ ပဲလွမ်း ၃၇၇၅ ဧက၊ စွန်တာပြာ ၃၆၈၈ ဧက၊ ထောပတ်ပဲ ၁၃၅၂ ဧက၊ မတ်ပဲ ၂၇၉၅ ဧက၊ ကုလားပဲ ၅၆၈၈ ဧက၊ စားတော်ပဲ ၅၅ ဧက၊ စွန်တာနီ ၃၀၉၉ ဧက၊ ပဲကြီး ၁၃၄၅ ဧက၊ ပဲကျား ၆၅၈၈ ဧက၊ အခြားပဲ ဧက ၃၀၂၆၀ တို့ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဝက်လက်မြို့နယ်တွင် ပဲမျိုးစုံသီးနှံ ၁၁၅၆၂၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပဲမျိုးစုံသီးနှံ စိုက်ပျိုးတောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၂၀၆)

တပို့တွဲလပြည့် သြဝါဒပါတိမောက်အခါတော်နေ့၊ မီးပုံသဘင်၊ ယာဂုအလှူနှင့် ထမနဲပွဲအခါတော်

တပို့တွဲလသည် ချမ်းအေးလှသော ဆောင်းရာသီ ဖြတ်သန်းကြရသည့် အချိန်ကာလပင်ဖြစ်သည်။ ချမ်းလို့ပင် ခိုက်ခိုက်တုန် စောင်ခြုံလို့မနွေးသည့် အချိန်ပင်ဆိုလျှင်လည်း မှားမည်မထင်ပါ။ ချမ်းအေးလွန်းသည့် ကာလဖြစ်သောကြောင့် ရှေးက မြတ်စွာဘုရားရှင်ပင်လျှင် တပို့တွဲလနှင့် တပေါင်းလအကူး ရှစ်ရက်တာကာလကို မီးလှုံခွင့်ပင် ခွင့်ပြုပေးခဲ့ရသည်ဟုဆိုသည်။ ချမ်းအေးမှုများနှင့်အတူ သည်ကာလသည် အမှန်တကယ် ထူးခြားခဲ့သည်မှာ လွန်ခဲ့သည့်နှစ်ပေါင်း ၂၆၁၁ ခုနှစ် တပို့တွဲလပြည့်က သက်သေပြခဲ့သည်။ တပို့တွဲလပြည့်နေ့ တွင်ပင် ဘုရားရှင်တိုင်းက တပည့်သားသာဝကတို့ကို သြဝါဒပေးတော်မူသည်ကို အကြောင်းပြု၍ ထိုနေ့ကို သြဝါဒပါတိမောက် အခါတော်နေ့အဖြစ် ပွဲတော်များ ကျင်းပကြခြင်းဖြစ်သည်။

တပို့တွဲလပြည့်နေ့

တပို့တွဲလသည် ဆောင်းဥတု၏ နောက်ပိုင်းအချိန်ကာလဖြစ်သည်။ တပို့၏ အဓိပ္ပာယ်သည် ထန်းဖူး၊ ထန်းခိုင်ဖြစ်သည်ဟု အဓိပ္ပာယ်ကောက်ယူဟန်ရှိသည်။ သို့အတွက် တပို့တွဲလ၏ အဓိပ္ပာယ်သည် ထန်းဖူး၊ ထန်းခိုင်တို့ကို အောက်သို့ကိုင်းညွှတ်ဆွဲဆိုင်းခြင်း၊ တွဲကျခြင်းဖြစ်အောင်ပြုသောလ၊ ထန်းရည်နင်းသောလ ဖြစ်သည်ဟု ဦးဖိုးလတ်၏ မြန်မာနေ့၊ မြန်မာလ၊ မြန်မာနှစ်အမည်များစာအုပ်တွင် ရေးသားထားသည်။ တပို့တွဲလပြည့်နေ့၏ ထူးခြားချက်များမှာ ရှင်သာရိပုတ္တရာရဟန္တာဖြစ်တော်မူသောနေ့ဖြစ်ခြင်း၊ ရှင်သာရိပုတ္တရာနှင့် ရှင်မဟာမောဂ္ဂလာန် တေဒဂ်ရတော်မူသောနေ့ဖြစ်ခြင်း၊ အဂ်ါလေးရပ်နှင့် ပြည့်စုံသောရဟန်းပရိသတ်တို့ အလိုအလျောက် စုဝေးမိသောနေ့ဖြစ်ခြင်းနှင့် ဘုရားရှင်တိုင်း သြဝါဒပါတိမောက်ပြတော်မူသောနေ့ဖြစ်ခြင်းတို့ဖြစ်သည်။

သြဝါဒပါတိမောက်

အပါယ်ဘေးမှ ကင်းဝေးစေသော အဆုံးအမကို သြဝါဒဟုခေါ်သည်။ သြဝါဒပါတိမောက္ခဆိုသည်မှာ 'ပါတိ'က ကျဆုံးခြင်း၊ ကျရှုံးခြင်း၊ 'မောက္ခ'က လွတ်မြောက်ခြင်းဟူ၍ ဖြစ်သည်။ မြတ်ဗုဒ္ဓများက ကျဆုံးခြင်း၊ ကျရှုံးခြင်းမှ လွတ်မြောက်စေရန်၊ အောက်တန်းကျ နောက်တန်းကျခြင်းမှ လွတ်မြောက်စေရန် သြဝါဒကို ပေးခဲ့သည်ဟုဆိုသည်။ ပါတိမောက်တွင် သြဝါဒပါတိမောက်နှင့် အာဏာပါတိမောက်ဟူ၍ နှစ်ပါးရှိသည်။ မြတ်စွာဘုရားတို့သည် သြဝါဒပါတိမောက်ကိုသာ ပြတော်မူသည်။ တပည့်သံယာများသည် အာဏာပါတိမောက်ကိုသာပြဋ္ဌင့်ရှိသည်။ ဘုရားရှင်တို့သည် သြဝါဒပါတိမောက်ကို အသက်ထက်ဆုံးပြတော်မူကြသည်။ ဂေါတမဘုရားရှင်သည် သြဝါဒပါတိမောက်ကို ဝါတော် ၂၀ အတွင်းမှာသာ ပြတော်မူသည်။ လောဘ၊ ဒေါသ စသောစရိုက်များ ထူပြောချိန်တွင် သြဝါဒတည်မြဲရန် ခဲယဉ်းသောကြောင့် ဝါတော် ၂၀ ကျော်သောအခါ တပည့်သားသံယာများကို အာဏာပါတိမောက်ပြတော်မူသည်။

ဘုရားရှင်တိုင်းသည် သြဝါဒပါတိမောက်ကို အဂ်ါလေးချက်နှင့် ညီသောအခါမှသာ ပြတော်မူသည်။ သြဝါဒပါတိမောက်၏ အဂ်ါလေးချက်မှာ တပို့တွဲလပြည့်နေ့ဖြစ်ခြင်း၊ ဖေါ်ဘိက္ခုရဟန်းတော်ချည်းသာ စုဝေးမိခြင်း၊ ဆဋ္ဌာဘိညရဟန္တာ၊ ပဋိသမ္ဘိဒါပတ္တရဟန္တာချည်းသာစုဝေးမိခြင်း၊ မည်သူကိုမျှ မပင့်ဖိတ်ဘဲ အလိုလိုသာ စုဝေးမိသောအခါဖြစ်ခြင်းတို့ဖြစ်သည်။ ထိုသို့သောအခါ သြဝါဒပါတိမောက်ပြမြဲတည်း။ ဂေါတမမြတ်စွာဘုရားသည် ပထမဦးဆုံးသော ပါတိမောက်ကို မဟာသက္ကရာဇ် ၁၀၃ ခုနှစ် တပို့တွဲလပြည့်နေ့တွင် အထက်ပါအဂ်ါတို့နှင့် ပြည့်သည်ဖြစ်၍ ကဿပညီနောင် ရှင်တစ်ထောင်၊ ရှင်သာရိပုတ္တရာ၊ ရှင်မဟာမောဂ္ဂလာန်နှင့် တပည့် ၂၅၀ စုစုပေါင်းရဟန္တာအပေါ်း ၁၂၅၀ တို့ကို ဂါထာသုံးပုဒ်ဖြင့် ပြတော်မူသည်။

သီလ၊ သမာဓိ၊ ပညာကို ဟောကြားထား၍ ပိဋကသုံးပုံ အနှစ်ချုပ်တရားဟုလည်း ခေါ်ဆိုနိုင်သည်။ သြဝါဒပါတိမောက်နှင့်အညီ လိုက်နာကျင့်ကြံပါက ကိုယ်နှုတ်စိတ်တို့ ယဉ်ကျေးလိမ္မာပြီး အိုနာသေလွတ်ရာ နိဗ္ဗာန်သို့မုချရောက်နိုင်သည်ဟုဆိုသည်။ ဘုရားရှင်တစ်ဆူနှင့်တစ်ဆူ သြဝါဒပေးပုံ ကွဲပြားမှု၊ ခြားနားမှုမရှိကြပါ။ သြဝါဒပါတိမောက်ဂါထာကို ဘုရားရှင်အားလုံးရှတ်မြည်းမြဲဖြစ်ပြီး ပြတော်မူသည့်အချိန်ကာလသာ ကွဲပြားကြသည်ဟုဆိုသည်။ ဝိပဿီမြတ်စွာဘုရားသစ်တွေ ပရိယောဒပန်၊ ဧတံ ဗုဒ္ဓါန သာသနံ။"

မကောင်းမှု ဟူသမျှကို မပြုလုပ်ရာ။ ကောင်းမှု ဟူသမျှကို ပြည့်စုံစေရာ၏။ မိမိစိတ်ကို သန့်ရှင်းဖြူစင်စေရာ၏။ ဤသည်ကား ဘုရားရှင်တို့၏ အဆုံးအမတော်ပေတည်း။

"အနူပ ဝါဒေါ အနူပ ယာတော၊ ပါတိမောက္ခေစ သံဝရော။ မတ္တညုတာ စ ဘတ္တသ္မိံ၊ ပန္တဉ္စ သယနာသနံ။ အဓိစိတ္တေစ အာယောဂေါ၊ ဧတံ ဗုဒ္ဓါန သာသနံ။

သူတစ်ပါးကို မစွပ်စွဲ မပြစ်မှားရာ။ သူတစ်ပါးကို မညှဉ်းဆဲ မနှိပ်စက်ရာ။ မြတ်သောသီလ၌ စောင့်စည်းလုံခြုံရာ၏။ စားသုံးဖွယ်၌ ပမာဏကို သိရာ၏။ အစွန်အဖျားကျောင်းအိပ်ရာ၌ နေရာ၏။ ထူးမြတ်သောစိတ်၌ လွန်စွာအားထုတ်ရာ၏။

> ❖ မြတ်ဗုဒ္ဓများက ကျဆုံးခြင်း၊ ကျရှုံးခြင်းမှ လွတ်မြောက်စေရန်၊ အောက်တန်းကျ နောက်တန်းကျခြင်းမှ လွတ်မြောက်စေရန် သြဝါဒကို ပေးခဲ့သည်ဟုဆိုသည်။ ပါတိမောက်တွင် သြဝါဒပါတိမောက်နှင့် အာဏာပါတိမောက်ဟူ၍ နှစ်ပါးရှိသည်။ မြတ်စွာဘုရားတို့သည် သြဝါဒပါတိမောက်ကိုသာ ပြတော်မူသည်။ တပည့်သံယာများသည် အာဏာပါတိမောက်ကိုသာ ပြဋ္ဌင့်ရှိသည်။ ဘုရားရှင်တို့သည် သြဝါဒပါတိမောက်ကို အသက်ထက်ဆုံးပြတော်မူကြသည်။ ဂေါတမဘုရားရှင်သည် သြဝါဒပါတိမောက်ကို ဝါတော် ၂၀ အတွင်းမှာသာ ပြတော်မူသည်။ လောဘ၊ ဒေါသ စသောစရိုက်များ ထူပြောချိန်တွင် သြဝါဒတည်မြဲရန် ခဲယဉ်းသောကြောင့် ဝါတော် ၂၀ ကျော်သောအခါ တပည့်သားသံယာများကို အာဏာပါတိမောက် ပြတော်မူသည်။ ❖

ဘုရားရှင်တိုင်းသည် သြဝါဒပါတိမောက်ကို အဂ်ါလေးချက်နှင့် ညီသောအခါမှသာ ပြတော်မူသည်။ သြဝါဒပါတိမောက်၏ အဂ်ါလေးချက်မှာ တပို့တွဲလပြည့်နေ့ဖြစ်ခြင်း၊ ဖေါ်ဘိက္ခုရဟန်းတော်ချည်းသာ စုဝေးမိခြင်း၊ ဆဋ္ဌာဘိညရဟန္တာ၊ ပဋိသမ္ဘိဒါပတ္တရဟန္တာချည်းသာစုဝေးမိခြင်း၊ မည်သူကိုမျှ မပင့်ဖိတ်ဘဲ အလိုလိုသာ စုဝေးမိသောအခါဖြစ်ခြင်းတို့ဖြစ်သည်။ ထိုသို့သောအခါ သြဝါဒပါတိမောက်ပြမြဲတည်း။ ဂေါတမမြတ်စွာဘုရားသည် ပထမဦးဆုံးသော ပါတိမောက်ကို မဟာသက္ကရာဇ် ၁၀၃ ခုနှစ် တပို့တွဲလပြည့်သည် ခုနှစ်နှစ်လျှင်တစ်ကြိမ် သြဝါဒပါတိမောက်ကို ပြသတော်မူသည်။ တစ်ကြိမ် ဆုံးမရုံနှင့် နှစ်ပေါင်းခုနှစ်နှစ်ကြာအဆုံးအမတည်သည်ဟုဆိုသည်။

သီဝီမြတ်စွာဘုရားနှင့် ဝေဿဘူမြတ်စွာဘုရားတို့သည် ခြောက်နှစ်လျှင် တစ်ကြိမ် သြဝါဒပါတိမောက်ကို ပြတော်မူကြပြီး ခြောက်နှစ်တိုင်တိုင် အဆုံးအမတည်တော်မူသည်ဟုဆိုသည်။ ကကုသန်နှင့် ကောဏာဂုံမြတ်စွာဘုရားတို့မှာ တစ်နှစ်လျှင် တစ်ကြိမ် သြဝါဒပါတိမောက်ကို ပြတော်မူသည်။ တစ်ကြိမ်သြဝါဒပေးရုံနှင့် တစ်နှစ်တိုင်တိုင် အဆုံးအမ တည်တော်မူသည်ဟုဆိုသည်။ ကဿပမြတ်စွာ ဘုရားမှာ ခြောက်လလျှင် တစ်ကြိမ် သြဝါဒပါတိမောက်ကို ပြတော်မူပြီး တစ်ကြိမ်သြဝါဒပေးရုံနှင့် ခြောက်လတိုင်တိုင် အဆုံးအမတည်တော်မူသည်ဟုဆိုသည်။

သြဝါဒပါတိမောက်ဂါထာ သုံးပုဒ်၏အဓိပ္ပာယ်

"ခန္တီ ပရမံ တပေါတိ တိက္ခာ၊ နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။ နဟိ ပဗ္ဗဇိတော ပရူပဃာတီ၊ နဟိ သမဏော ဟောတိ ပရံ ဝိဟေဌယန္တော။"

လွန်စွာချုပ်တည်းမှုဟူသော သည်းခံခြင်းသည် အလွန်မြတ်သော အကျင့်ပေတည်း။ နိဗ္ဗာန်တရားကို အမြတ်ဆုံးဟူ၍ ဘုရားရှင်တို့ဟောတော်မူကုန်၏။ သူတစ်ပါးကို သတ်သောသူသည် စိတ်အညစ်အကြေးကို နှင်ထုတ်သူမဟုတ်။ သူတစ်ပါးကို ညှဉ်းဆဲသောသူသည် မကောင်းမှုတို့ကို ဗြိမ်းစေသူမဟုတ်။

"သဗ္ဗပါပဿ အကရဏံ၊ ကုသလဿ ဥပသမ္ပဒါ၊ သစိတ္တ ပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါန သာသနံ။"

မီးပုံသဘင်၊ ယာဂုအလှူနှင့် ထမနဲပွဲ

မီးပုံအလှူ၊ ယာဂုအလှူနှင့်ပတ်သက်၍ တပို့တွဲလတွင် ဆက်ကပ်လှူဒါန်းကြောင်းကို ရှေးစာဆိုများ ဖွဲ့ဆိုကြသည့်အထဲမှ တချို့ကို ထုတ်နုတ်၍ သာဓကပြလိုသည်။ ရှေးစာဆို ဦးအောင်ကြီး၏ လူးတားတွင် "ယာဂုအဖျော်၊ ပူဇော်ရွှင်ပြုံး၊ ပွဲမဆုံးလျှင်၊ မီးပုံသဘင်၊ သူကြီးယင်သည်၊ ရောက်ချင်နိဗ္ဗာန်ကျွန်းသည်နှင့်လေး"ဟု စပ်ဆိုပူဇော်ထားသည်ကို တွေ့ရလေသည်။

ထို့ပြင် "ငွေသော်တာမှာ ကြယ်မာယင်ယ်နှင့်၊ ထွန်းလျှံပပြည့်ကာညီ၊ ပြာရီလဲ့ မြူခိုး။ ယာဂုပွဲကိုတဲ့၊ လှုမြဲအလွန်ရှင်လို့၊ ခုနစ်စင် တာရာလျှမ်းသည်နှင့်၊ ဆူးပန်းတွေ ဝေဝေပွင့်ကြတယ်၊ ထူးတင့်မည်း"ဆိုသည့် ရှေးစာဆို ဦးပြုံးချို့ဖွဲ့ဆိုခဲ့သည့် လေးဆစ်သဖြန်တွင်လည်း မာယကြယ်ထွန်းလင်းသည့် တပို့တွဲလတွင် ယာဂုပွဲလှူသည့်အကြောင်း ထည့်သွင်းဖွဲ့ဆိုထားသည်ကိုတွေ့ရသည်။

တပို့တွဲလကုန် တပေါင်းလကူးကြားရှစ်ရက်သည် အလွန်အေးမြသောကြောင့် ထိုရက်များအတွင်း ရဟန်းမီးလှုံရန်ခွင့်ပြုတော်မူရုံမျှမကသေး မြတ်စွာဘုရားကိုယ်တော်တိုင်လည်း မီးလှုံတော်မူလေ့ရှိသည်ဟု ဆိုသည်။ ဤသည်ကို အစွဲပြု၍ တပို့တွဲလ၌ မီးပုံသဘင်ကို ဆင်ယင်ကျင်းပကြသည်။ အလှူရှင် ဒါယကာ၊ ဒါယိကာမတို့သည် မီးပုံပွဲကိုကျင်းပရန်အလို့ငှာ တောသို့တက်၍ နံ့သာ စသောထင်းများကိုလူစုလူဝေးနှင့်ခုတ်ကြသည်။ ထို့နောက်ထိုထင်းများကို စုပုံ၍ဘုရားကျောင်းကန်၊ တန်ဆောင်းတို့၌ အပူဓာတ်ကို လျှော့ပါန်းပူဇော်သည်။ တချို့ကလည်း မီးလင်းဖို၌ အမွှေးနံ့သာထင်းများကိုထည့်၍ မီးဖိုကာ ပူဇော်ကြသည်။ ဤပွဲသဘင်ကို ဆင်ယင်ကျင်းပရာ၌ ဆောင်ရွက်ရမြဲထုံးစံမှာ လူဦးရေ ၁၀၀၀ စု၍ နံ့သာထင်းခုတ်ပြီးလျှင် ထင်းစည်း ၁၀၀၀၊ မီးလင်းဖို ၁၀၀၀၊ ယာဂုအိုး ၁၀၀၀၊ ထန်းစင် ၁၀၀၀ တို့ကိုစီမံပြီးလျှင် ဘုရား၊ ကျောင်း၊ တန်ဆောင်းများ၌ မီးအပူဓာတ်ကိုလျှော့ပါန်းပူဇော်ကြသည်။ မီးပုံပွဲတွင် ယာဂုအိုး ၁၀၀၀ ကိုလည်း လျှော့ပါန်းလေ့ရှိသည်ဟုဆိုသည်။

တပို့တွဲလတွင် ယာဂုလျှောတန်းခဲ့ရာမှ ထမနဲကိုလည်း တစ်ဆက်တစ်စပ်တည်း လျှော့ပါန်းခဲ့ကြောင်းကို ရှေးစာဆိုများဖွဲ့ဆိုခဲ့သည့် စာကဗျာများတွင်တွေ့ရပေသည်။ ထမနဲနှင့်ပတ်သက်၍လည်း အမည်မသိ ရှေးစာဆိုကဖွဲ့ဆိုခဲ့ရာတွင် "ရှေးသူဟောင်းတို့ နည်းထုံးမယွင်းစေဖို့၊ မီးပုံထင်း ဘုရားလှူကြတာပေါ့၊ အများမတူသပ သာဓုပွဲဟာမို့၊ ယာဂုထမနဲထိုးချိန်အခါကမှ၊ မိုးတိမ်ပြာဝေဝေရီလျက်၊ ရွှေရွှေပြည် အစစကောင်းတာကြောင့်"ဟု ရေးဖွဲ့ခဲ့လေသည်။ ထမနဲတွင်ပါရှိသည့် ပစ္စည်းများနှင့်ပတ်သက်၍

"စားတော်ရသန်ပေါက်ဝါ
လေးပြည်သာထည့်မြဲ၊
ချိန်ပိသာ လှုံ့ကြည်ရွှဲအောင်လို့
နှမ်းသီလဲထည့်ပြန်၊
မြေပဲဆန် အဋ္ဌသုညယ်နှင့်
ဒွတ္တိသတိလဗီဇံ။
အုန်းသီးစိတ် ကျပ်ဝီသံဃယ်
လော နှ တံ ချိန်သတ်နှင့်၊
ချင်းနုဖတ် သိဂ်ီမျှင်ရွှေ
သုံးကျပ်မသွေ၊
နည်းစဉ်ဆက် သမုဆွေငယ်၊
ဥပဒေမော်ကွန်းပလေး။ ။"

ဟူ၍ တေးထပ်အရသိရသည်မှာ ကောက်ညှင်းဆန် လေးပြည်၊ နှမ်းဆီတစ်ပိသာ၊ မြေပဲဆန် ၈၀ ကျပ်သား၊ နှမ်း ၃၂ ကျပ်သား၊ အုန်းသီးစိတ် ၂၀ ကျပ်သား၊ ဆား ခုနစ်ကျပ်သား၊ ချင်းစိမ်း သုံးကျပ်သားတို့ကို ဒယ်အိုးတွင် နံ့အောင်မွှေ၍ ထမနဲပြုလုပ်လေ့ရှိသည်။

မည်သို့ပင်ဆိုစေကာမူ နှာရည်ယိုရွဲတပို့တွဲကာလ အခါတွင် ရှေးမူမပျက် မြတ်စွာဘုရားရှင်အား ထမနဲ၊ မီးဖုန်း၊ ပန်း၊ ရေချမ်း၊ ဆီမီးတို့ဖြင့် ကပ်လှူပူဇော်ပြီး အပါယ်ဘေးမှကင်းဝေးရာအမှန် မြတ်နိဗ္ဗာန်သို့ လှမ်းမျှော်ရည်ကာ လှူဒါန်းပြီး ကုသိုလ်မှုများပြုကြသည်။ ထို့ပြင် ရှေးကထက် ယခုအခါတွင် ထမနဲထိုးခြင်းကို ရိုးရာမပျက် စုပေါင်းဆင်ယင်ခွဲကာ ကုသိုလ်ယူရင်း ရရှိသောထမနဲများကို မြတ်စွာဘုရားအား ကပ်လှူပူဇော်ခြင်း၊ ဘုန်းကြီးကျောင်းကိုလှူဒါန်းခြင်း၊ မိတ်ဆွေများကို ဝေငှခြင်းများဆောင်ရွက်နေကြသည်မှာ စိတ်ကြည်နူးဖွယ်ရာဖြစ်ပေသည်။ ထိုသို့သောကုသိုလ်များပြုလုပ်သော တပို့တွဲလပြည့် သြဝါဒပါတိမောက်အခါတော်နေ့၊ တပို့တွဲလပြည့်နေ့အခါသမယကို ပူဇော်ရေးသားလိုက်ရပါသည်။

ကိုးကား

- **ဦးဖိုးလတ်၏ မြန်မာနေ့၊ မြန်မာလ၊ မြန်မာနှစ်အမည်များ**

ပြေအေးသက်

၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထာဝစဉ်တည်တံ့ရေးနှင့် ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ပြည်တွင်းအင်အားဖြင့် ကြိုးပမ်းတည်ဆောက်ရေး။

(၂) ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားလူမျိုးများ အားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(၃) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံစေရေး အမျိုးသားရေး လုပ်ငန်းစဉ်(၂)ရပ် အောင်မြင်စေရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီ လက်ညီ လက်တွဲဆောင်ရွက်ရေး။

(၄) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်မျိုးသားလုံး ကျန်းမာ၊ ကြံ့ခိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဆောင်ရွက်ပေးရေး။

(၅) တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး။

ကောလင်းခရိုင်တွင် ဆောင်းနှမ်းကေ ၂၇၇၅၀ စိုက်ပျိုးပြီးစီး

ကောလင်း ဖေဖော်ဝါရီ ၃

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ဆောင်းနှမ်း ဧက ၂၇၇၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းနှမ်း ၂၉၇၆၇ ဧကစိုက်ပျိုးရန် လျာထား၍ ၂၀၂၂ ခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဆောင်းနှမ်းဧက ၂၇၇၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကောလင်းခရိုင်မှာ ဆောင်းနှမ်းစိုက်ပျိုးမှုကတော့ တစ်နှစ်နဲ့ တစ်နှစ် တိုးစိုက်နိုင်တဲ့အနေအထားမှာရှိပါတယ်။ ဒီနှစ် ဆောင်းမှာလဲ ဆောင်းနှမ်းဧက ၂၉၀၀၀ ကျော် ဧကစိုက်ပျိုးဖို့ လျာထားတယ်။ လက်ရှိမှာ ဆောင်းနှမ်းဧက ၂၇၀၀၀ ကျော်ထိ စိုက်ပျိုးပြီးနေပြီ။ ကျန်ဧကတွေ ဆက်လက်စိုက်ပျိုးနေကြတယ်။ ဆောင်းနှမ်းဧက လျာထားချက်ပြည့်မီအောင်တော့ စိုက်ပျိုးသွားမှာပါ"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ကောလင်းခရိုင်အတွင်း ဆောင်းနှမ်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ၁၃၆၁၅ ဧက၊ ဝန်းသိုမြို့နယ်တွင် ၉၀၀၃ ဧက၊ ပင်လည်ဘူးမြို့နယ်တွင် ၅၁၃၂ ဧက တို့ဖြစ်ကြောင်း သိရသည်။

နှမ်းစိုက်တောင်သူများ အနေဖြင့် နှမ်းသီးနှံအထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ GAP စနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် အခြားနည်းစနစ်များဖြင့် စိုက်ပျိုးသည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင် သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိကြောင်း သိရသည်။ (၂၀၆)

ထူးမြတ်သာစွ တပို့တွဲလ

- ရာသီချိန် လေရူးထလို့
  နွေဦးအစ ကုံရာသီ၊
  နှင်းဝတ်ရည် စိုလို့ရွှဲ
  တပို့တွဲမည်၊
  ပေါက်လဲပန်းတို့ဖူးငုံစီ
  ရဲရဲနီ လက်ပံပွင့်၊
  ဆက်ရက်သံစုံ တေးသံနှောလို့
  မြိုင်ကြောမှာတင့်။

- နွေတေးရှင် ပင်ယံအမြင့်မှာ
  အသွင်သဏ္ဌာန်တင့် တေးသီကာ၊
  တောတောင်ယံ ရှစ်ခွင်တိုင်း
  မှိုင်းမှုန်လို့ပြာ၊
  ဥသြဌက်တို့ တေးသံသာ
  အဝေးထံမှာ လွင့်ပျံ့သွား၊
  သာယာဖွယ် တေးအလှ
  နားဝမှာကြား။

- စည်းလုံးခြင်းသည် အင်အားမို့
  ထင်ရှားသည့် ပွဲတော်ပင်၊
  ရှေးရိုးရာ ထမနဲပွဲ
  နွဲကြပျော်ရွှင်၊
  ဗုဒ္ဓရည်စူး ဆွမ်းတော်တင်
  နံ့သာစုံလင် မီးပူဇော်ပွဲ၊
  ညံရိုးမီးကို ပူဇော်ကြသည့်
  လမြတ်တပို့တွဲ။ ။

ရွှေတိုး(ထုံးဘို)

ကြိုပင်ကောက်မြို့နယ် အိုးဖိုစုကျေးရွာ၌ လျှပ်စစ်မီးလင်းရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

ကြိုပင်ကောက် ဖေဖော်ဝါရီ ၃

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြိုပင်ကောက်မြို့နယ် အိုးဖိုစုကျေးရွာ၌ လျှပ်စစ်မီးလင်းရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၂ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြိုပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးလွင်နှင့်ဝန်ထမ်းများသည် ကျေးရွာတွင်း မီးလင်းရေးဖြစ်မြောက်မှုကော်မတီဝင်များနှင့်အတူ အိုးဖိုစုကျေးရွာ၌ ကျေးရွာတွင်း ၄၀၀ ဝိုဓာတ်အားလိုင်း ပေ ၂၃၀၀ သွယ်တန်းခြင်း လုပ်ငန်းပြီးစီးမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာ ရပ်မရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေး ကျေးရွာတာဝန်ရှိသူများအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ကြိုပင်ကောက်မြို့နယ် အိုးဖိုကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၆၂ ဒသမ ၉၇၆ သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၁၇ ဒသမ ၄၃၈ သိန်း စုစုပေါင်းငွေကျပ် ၁၈၀ ဒသမ ၄၁၄ သိန်းအသုံးပြုပြီး ကျေးရွာတွင်း ၄၀၀ ဝိုဓာတ်အားလိုင်း ပေ ၂၃၀၀ သွယ်တန်းခြင်းလုပ်ငန်းကို မြို့နယ်တာဝန်ခံအင်ဂျင်နီယာများ၏ နည်းပညာကူညီမှုဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ၀၆နေ့ဝါရီ ၇ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁ ရက်တွင် လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများ အားလုံးပြီးစီးမှုကြောင့် ကျေးရွာရှိ အိမ်ထောင်စု ၁၀၅ စု၊ လူဦးရေ ၃၆၀ တို့မှာ လျှပ်စစ်မီးရရှိသုံးစွဲနိုင်ပြီဖြစ်ကြောင်း ကြိုပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးလွင်ထံမှသိရသည်။

ကိုညို

မိုးမိတ်မြို့နယ် မိုးဟောက်ကျေးရွာ၌ အခြေခံစက်ချုပ်သင်တန်းဆင်း

မိုးမိတ် ဖေဖော်ဝါရီ ၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွင့်လှစ်ခဲ့သည့် အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကို ယနေ့ နံနက်ပိုင်းက မိုးဟောက်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးမိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးဇော်ထွန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထက်အောင်က သင်တန်းသူများ အနေဖြင့် သင်တန်းမှ သင်ကြားပို့ချပေးသော အတတ်ပညာများကို စဉ်ဆက်မပြတ်ဆက်လက်လေ့လာပြီး လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိအသုံးချကာ မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများကို တစ်ဖက်တစ်လမ်းက ဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မိုးမိတ်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက သင်တန်းသူများကို သင်တန်းထူးချွန်ဆုနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြသည်။

အဆိုပါသင်တန်းသို့ မိုးမိတ်မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသူ ၂၅ ဦး တက်ရောက်ခဲ့ပြီး သင်တန်းတွင် အခြေခံလက်ချုပ်၊ စက်ချုပ်၊ လုံချည်ချုပ်နည်း၊ ကြယ်သီးဖောက်နည်း၊ ကလေးဘောင်းဘီ၊ ကလေးအင်္ကျီ၊ အမျိုးသမီးဝတ် ရင်ဖုံးအင်္ကျီ စသည့် အခြေခံစက်ချုပ်နည်းအမျိုးမျိုးကို နည်းပြဆရာများက စာတွေ့၊ လက်တွေ့ဖြင့် ရက် ၃၀ ကြာ အခမဲ့ သင်ကြားပို့ချခဲ့ကြောင်း ခရိုင်ဦးစီးမှူး ဦးမျိုးဇော်ထွန်းထံမှ သိရသည်။

ဖြိုးထက်အောင်(ပျော်ဘွယ်)

ကြိုပင်ကောက်မြို့နယ် အိုးဖိုစုကျေးရွာ၌ လျှပ်စစ်မီးလင်းရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

ကြိုပင်ကောက် ဖေဖော်ဝါရီ ၃

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြိုပင်ကောက်မြို့နယ် အိုးဖိုစုကျေးရွာ၌ လျှပ်စစ်မီးလင်းရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၂ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြိုပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးလွင်နှင့်ဝန်ထမ်းများသည် ကျေးရွာတွင်း မီးလင်းရေးဖြစ်မြောက်မှုကော်မတီဝင်များနှင့်အတူ အိုးဖိုစုကျေးရွာ၌ ကျေးရွာတွင်း ၄၀၀ ဝိုဓာတ်အားလိုင်း ပေ ၂၃၀၀ သွယ်တန်းခြင်း လုပ်ငန်းပြီးစီးမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာ ရပ်မရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေး ကျေးရွာတာဝန်ရှိသူများအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ကြိုပင်ကောက်မြို့နယ် အိုးဖိုကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၆၂ ဒသမ ၉၇၆ သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၁၇ ဒသမ ၄၃၈ သိန်း စုစုပေါင်းငွေကျပ် ၁၈၀ ဒသမ ၄၁၄ သိန်းအသုံးပြုပြီး ကျေးရွာတွင်း ၄၀၀ ဝိုဓာတ်အားလိုင်း ပေ ၂၃၀၀ သွယ်တန်းခြင်းလုပ်ငန်းကို မြို့နယ်တာဝန်ခံအင်ဂျင်နီယာများ၏ နည်းပညာကူညီမှုဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ၀၆နေ့ဝါရီ ၇ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁ ရက်တွင် လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများ အားလုံးပြီးစီးမှုကြောင့် ကျေးရွာရှိ အိမ်ထောင်စု ၁၀၅ စု၊ လူဦးရေ ၃၆၀ တို့မှာ လျှပ်စစ်မီးရရှိသုံးစွဲနိုင်ပြီဖြစ်ကြောင်း ကြိုပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးလွင်ထံမှသိရသည်။

ကိုညို

နိုင်ငံတကာ သတင်းများ

ပီဆို ၂၀၀၀ တန် ငွေစက္ကူသစ်ထုတ်ဝေရန် အာဂျင်တီးနားပဟိုဘဏ် စီစဉ်ထား

ဗျူနိုဇ်အေရိုစ် ဖေဖော်ဝါရီ ၃

အာဂျင်တီးနားနိုင်ငံသည် ပီဆို ၂၀၀၀ တန် ငွေစက္ကူသစ်များထုတ်ဝေရန် စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက ဖေဖော်ဝါရီ ၂ ရက်တွင် ဖော်ပြခဲ့သည်။

ပီဆို ၂၀၀၀ တန်ငွေစက္ကူသစ်များကို လက်ရှိ ပီဆို ငွေကြေးစနစ်အတွင်းပေါင်းစပ်ထည့်သွင်းအသုံးပြုမည်ဖြစ်ကြောင်း အာဂျင်တီးနားဗဟိုဘဏ်က ဖေဖော်ဝါရီ ၂ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

သို့သော် အဆိုပါ ငွေစက္ကူသစ်ထုတ်ဝေမည့် အချိန်ကို အာဂျင်တီးနားဗဟိုဘဏ်က ထုတ်ဖော်ပြောကြားခြင်း မရှိကြောင်း သိရသည်။

အဆိုပါ ပီဆို ၂၀၀၀ တန်ငွေစက္ကူသစ်သည် ပြင်ပစျေးကွက်၌ အမေရိကန်ဒေါ်လာ ငါးဒေါ်လာထိသာ ပေါက်စျေးရှိမည်ဖြစ်သည်။

အာဂျင်တီးနား နိုင်ငံသည် ငွေကြေးတန်ဖိုး ဖောင်းပွမှုပြဿနာနှင့် ရင်ဆိုင်နေရစဉ် ပီဆို ၂၀၀၀ တန် ငွေစက္ကူသစ်ကို ထုတ်ဝေရန် စီစဉ်ထားခြင်းဖြစ်သည်။

လက်ရှိ သုံးစွဲနေသော ပီဆို ငွေစက္ကူများအနက် တန်ဖိုးအမြင့်ဆုံးမှာ ပီဆို ၁၀၀၀ တန် ငွေစက္ကူဖြစ်ပြီး ပြင်ပစျေးကွက်ငွေလဲလှယ်နှုန်းအရ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၀ ဒေါ်လာသာ စျေးပေါက်ခဲ့ကြောင်း သိရသည်။

KKO

ဗီယာဖက်တမင်းဆေးပြားလက်ဝယ်ထားရှိမှု စည်းမျဉ်းများကို ထိုင်းအစိုးရတင်းကျပ်မည်

ဗန်ကောက် ဖေဖော်ဝါရီ ၃

ဗီယာဖက်တမင်းမူးယစ်ဆေးဝါး လက်ဝယ်ထားရှိမှုဆိုင်ရာ စည်းမျဉ်းဥပဒေများကို ထိုင်းနိုင်ငံက ထပ်မံတင်းကျပ်မည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖေဖော်ဝါရီ ၂ ရက်တွင် ဖော်ပြခဲ့သည်။

ထိုင်းအစိုးရ၏စည်းမျဉ်းဥပဒေ အပြောင်းအလဲများအရ ဗီယာဖက်တမင်းဆေးပြားများ သယ်ဆောင်သွားလာနေစဉ် ဖမ်းဆီးရမိသူ မည်သူကိုမဆို မူးယစ်ဆေးဖြန့်ချိသူအဖြစ် သတ်မှတ်အရေးယူနိုင်မည်ဖြစ်သည်။

သို့ရာတွင် ထိုင်းအစိုးရ၏ စည်းမျဉ်းဥပဒေ အပြောင်းအလဲသည် ပြည်သူ့ကျန်းမာရေးထက် အပြစ်ပေးရေးကို ဦးစားပေးထားရာ လက်ရှိမူးယစ်တိုက်ဖျက်ရေး မူဝါဒ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ထိခိုက်သွားနိုင်ကြောင်း ကျွမ်းကျင်သူများက သတိပေးထားသည်။

ပြီးခဲ့သည့်နှစ် အောက်တိုဘာလအတွင်း မူးယစ်ဆေးသုံးစွဲမှုကြောင့် တာဝန်မှအနားပေးခံထားရသော ရဲတပ်ဖွဲ့ဝင်တစ်ဦး၏ တိုက်ခိုက်မှုကြောင့် ကလေး ၂၄ ဦး အပါအဝင် လူပေါင်း ၃၇ ဦး သေဆုံးခဲ့ရပြီးနောက် ဝန်ကြီးချုပ် ပရာယုဒျန်အိုချာ၏ တိုက်တွန်းချက်အရ မီသာဖက်တမင်း မူးယစ်ဆေး လက်ဝယ်ပိုင်ဆိုင်မှုဆိုင်ရာ စည်းမျဉ်းဥပဒေများအား တင်းကျပ်ရန် ထိုင်းနိုင်ငံက စီစဉ်ထားခြင်းဖြစ်သည်။

ထိုင်းကျန်းမာရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၂ ရက်တွင် ထုတ်ပြန်ခဲ့သော စည်းမျဉ်း၌ မီသာဖက်တမင်း မူးယစ်ဆေးပြားတစ်ပြားမျှ ပိုင်ဆိုင်ထားလျှင်ပင် သုံးစွဲသူအစား မူးယစ်ဆေး ရောင်းသူအဖြစ် သတ်မှတ်ထားသည်။

လက်ရှိ စည်းမျဉ်းဥပဒေများအရ ထိုင်းအစိုးရသည် မီသာဖက်တမင်းမူးယစ်ဆေးပြားအနည်းငယ် လက်ဝယ်တွေ့ရှိသူများကို ပြုပြင်ရေးစခန်းပို့ဆောင်ခြင်း၊ ဆေးဖြတ်ခြင်းတို့ဖြင့် အရေးယူကိုင်တွယ်လျက်ရှိကြောင်း သိရသည်။

KKO

တရုတ်နိုင်ငံခြားရေးဝန်ကြီးနှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီးတို့ ပထမဆုံးအကြိမ်အဖြစ် ဖုန်းခေါ်ဆိုဆွေးနွေး

ပေကျင်း ဖေဖော်ဝါရီ ၃

တရုတ် နိုင်ငံခြားရေးဝန်ကြီး ချင်ကန်းနှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီး ယိုရှီမာဆာဟာယာရှိတို့သည် ဖေဖော်ဝါရီ ၂ ရက်တွင် ဖုန်းခေါ်ဆို ဆွေးနွေးခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဖေဖော်ဝါရီ ၂ရက် ဖုန်းခေါ်ဆိုမှုအတွင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးနှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီးတို့သည် အရှေ့တရုတ်ပင်လယ်ဒေသပိုင်ဆိုင်ခွင့်အငြင်းပွားကျွန်းစုဒေသပြဿနာကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဆန်ကာကူသို့မဟုတ်တောင်ယုအမည်ရှိ အဆိုပါကျွန်းစုဒေသ ပိုင်ဆိုင်ခွင့်ပြဿနာသည် တရုတ်နှင့် ဂျပန်နှစ်နိုင်ငံ ဆက်ဆံရေး အတွက် အဓိကပြဿနာကြီးတစ်ရပ်ဖြစ်သည်။

ဖေဖော်ဝါရီ ၂ ရက် ဖုန်းခေါ်ဆိုဆွေးနွေးပွဲသည် တရုတ်နိုင်ငံခြားရေးဝန်ကြီး ချင်ကန်းနှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဟာယာရှိတို့၏ ပထမဆုံးဆွေးနွေးပွဲ ဖြစ်ကြောင်း သိရသည်။

ဆန်ကာကူ သို့မဟုတ် တောင်ယုကျွန်းစုကို ဂျပန်နိုင်ငံက ထိန်းချုပ်ထားပြီး တရုတ်နိုင်ငံကလည်း ယင်းကျွန်းစုကို ပိုင်ဆိုင်ခွင့်တောင်းဆိုထားသည်။

ဖေဖော်ဝါရီ ၂ ရက် ဖုန်းခေါ်ဆိုဆွေးနွေးပွဲတွင် တရုတ်နိုင်ငံခြားရေးဝန်ကြီးက ဂျပန်နိုင်ငံခြားရေးဝန်ကြီးကို တရုတ်နိုင်ငံသို့ လာရောက်ရန် ဖိတ်ကြားခဲ့ကြောင်း သိရသည်။

KKO

နှစ်နိုင်ငံဆက်ဆံရေးပုံမှန်ထားရှိမှုဆိုင်ရာသဘောတူညီချက် အစွမ်းရေးနှင့်ဆူဒန်နိုင်ငံတို့ အပြီးသတ်ရယူနိုင်ခဲ့



ကျေရှဆလင် ဖေဖော်ဝါရီ ၃

နှစ်နိုင်ငံဆက်ဆံရေး ပုံမှန်ထားရှိမှုဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို အစွမ်းရေးနှင့် ဆူဒန်နိုင်ငံတို့က အပြီးသတ်ရယူနိုင်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖေဖော်ဝါရီ ၂ ရက်တွင် ဖော်ပြခဲ့သည်။

အဆိုပါ သဘောတူညီချက်လက်မှတ်ရေးထိုးပွဲကို ဆူဒန်စစ်ဘက်က အရပ်သားအစိုးရအဖွဲ့အား အာဏာပြန်လွှဲအပ်ပြီးချိန်၌ ကျင်းပနိုင်ဖွယ်ရှိကြောင်း အစွမ်းရေးနိုင်ငံခြားရေးဝန်ကြီးဌာနကသတင်းထုတ်ပြန်ထားသည်။

အစွမ်းရေး- ဆူဒန်နိုင်ငံဆက်ဆံရေးပုံမှန်ထားရှိမှုဆိုင်ရာ သဘောတူညီချက်ကို အစွမ်းရေးနိုင်ငံခြားရေးဝန်ကြီး အယ်လီကိုဟင်၏ ဆူဒန်ခရီးစဉ်အတွင်း ရယူခဲ့ခြင်းဖြစ်ကြောင်း ဆူဒန်နိုင်ငံက ဖေဖော်ဝါရီ ၂ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ဆူဒန်နိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကပင် အစွမ်းရေးနိုင်ငံကိုနိုင်ငံတစ်နိုင်ငံအဖြစ် အသိအမှတ်ပြုခဲ့ခြင်းမရှိကြောင်း သိရသည်။

သို့သော် အမေရိကန်နိုင်ငံ၏ ကြားဝင်ညှိနှိုင်းမှုဖြင့် ၂၀၂၀ ပြည့်နှစ်အတွင်းရယူခဲ့သော အေဘရာဟမ် သဘောတူညီချက်အရ အစွမ်းရေးနှင့် ပုံမှန်ဆက်ဆံရေးထားရှိရန် ဆူဒန်နိုင်ငံက လက်ခံခဲ့ခြင်းဖြစ်သည်။

အစွမ်းရေး နိုင်ငံခြားရေးဝန်ကြီး အယ်လီကိုဟင်သည် ဖေဖော်ဝါရီ ၂ ရက်တွင် ခါတွမ်မြို့၌ လက်ရှိ ဆူဒန်ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

KKO

တရုတ်သူလျှို့မီးပုံးပျံ အမေရိကန်နိုင်ငံကို နှစ်ရက်ကြာဖြတ်ကျော်ပျံသန်း

ဝါရှင်တန် ဖေဖော်ဝါရီ ၃

တရုတ်နိုင်ငံ၏ သူလျှို့မီးပုံးပျံ ပူဖောင်းတစ်လုံးသည် အမေရိကန်နိုင်ငံအထက်၌ နှစ်ရက်ကြာပျံသန်းနေခဲ့ကြောင်း အမေရိကန်တာဝန်ရှိသူများ၏အဆိုကို ကိုးကား၍ ရိုက်တာသတင်းဌာနက ဖေဖော်ဝါရီ ၂ ရက်တွင် ဖော်ပြခဲ့သည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်၏ တရုတ်နိုင်ငံခရီးစဉ်မတိုင်မီ အမေရိကန်နိုင်ငံဝေဟင်အတွင်း တရုတ်သူလျှို့မီးပုံးပျံဖြတ်ကျော်ပျံသန်းနေခဲ့ခြင်းဖြစ်သည်။

အဆိုပါတရုတ်သူလျှို့မီးပုံးပျံကို အမေရိကန်ဝေဟင်အတွင်း ဝင်ရောက်ချိန်ကပင် စစ်လေယာဉ်တစ်စင်းစေလွှတ်၍ စောင့်ကြည့်ခဲ့သည်ဟု အမေရိကန်တာဝန်ရှိသူများက ဖေဖော်ဝါရီ ၂ ရက်တွင် ထုတ်ဖော်ပြောကြား ခဲ့ကြောင်း သိရသည်။

သို့သော်အဆိုပါသူလျှို့ မီးပုံးပျံကိုပစ်မချရန် အမေရိကန်စစ်ခေါင်းဆောင်များ၏အကြံပြုချက်ကို သမ္မတဂျိုးဘိုင်ဒင်က လက်ခံသဘောတူထားသည်။

ယင်းသူလျှို့မီးပုံးပျံကို ပစ်ချခဲ့ပါက အပျက်အစီးအစအနများကြောင့် ဘေးအန္တရာယ်ရှိလာနိုင်မှုကို အမေရိကန်စစ်ဘက်က စိုးရိမ်လျက်ရှိသည်။

လက်ရှိအချိန်တွင် တရုတ်သူလျှို့မီးပုံးပျံသည် ခရီးသည်တင်လေယာဉ်များပျံသန်းရာ လေလမ်းကြောင်း၏အထက်တွင် ပျံသန်းနေကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

KKO

SCIENCE AND TECHNOLOGY

နိုင်ငံတကာအာကာသစခန်းယာဉ်မှူးနှစ်ဦးက အာကာသဟင်းလင်းပြင်အတွင်းထွက်ခွာ၍ နေစွမ်းအင်ပြားသစ်တပ်ဆင်မည့်အောက်ခံခုံကို အပြီးသတ်တပ်ဆင်ပေးခဲ့



ဝါရှင်တန် ဖေဖော်ဝါရီ ၃

နိုင်ငံတကာ အာကာသစခန်းယာဉ်ပေါ်ရှိ အာကာသယာဉ်မှူးနှစ်ဦးသည် ဖေဖော်ဝါရီ ၂ ရက်က အာကာသ ဟင်းလင်းပြင်အတွင်း ထွက်ခွာ၍ နေစွမ်းအင်ပြားသစ်တပ်ဆင်မည့် အောက်ခံခုံကို အပြီးသတ် တပ်ဆင်ပေးခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ယနေ့ရေးသားတင်ပြထားသည်။

အမေရိကန် အာကာသယာဉ်မှူး နီကိုးလ်မင်းနှင့်ဂျပန်အာကာသယာဉ်မှူး ကိုအိချိုဝါကာတာတို့သည် ၆ နာရီနှင့် မိနစ် ၃၀ ကြာမြင့်ခဲ့သည့် အာကာသ ဟင်းလင်းပြင်အတွင်း ထွက်ခွာမှုတွင် အာကာသစခန်း ဓာတ်အားစနစ်ကြိုးလိုင်းတစ်ခုကိုလည်း အပြီးသတ်တပ်ဆင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၂ ရက် မစ်ရှင်သည် အဆိုပါအာကာသယာဉ်မှူးနှစ်ဦး၏ ဒုတိယအကြိမ်မြောက် အာကာသ ဟင်းလင်းပြင်အတွင်း ထွက်ခွာမှုဖြစ်ပြီး နီကိုးလ်မင်းနှင့် ဝါကာတာတို့သည် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၁၇ ရက်ကလည်း နိုင်ငံတကာ အာကာသစခန်းပြင်ပသို့ ပထမဆုံးအကြိမ် ထွက်ခွာခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သည် နိုင်ငံတကာ အာကာသစခန်း စွမ်းအင်ဖြည့်ဆည်းရေးစနစ်အတွက်နေစွမ်းအင်ပြားခြောက်ချပ် တပ်ဆင်ရန် စီစဉ်ထားရာ လက်ရှိအချိန်တွင် လေးချပ်ကို တပ်ဆင်ခဲ့ပြီးဖြစ်သည်။

ကျန်ရှိသည့် နေစွမ်းအင်ပြားနှစ်ချပ်ကို ယခုနှစ် နှစ်ကုန်ပိုင်းတွင် တပ်ဆင်နိုင်ဖွယ်ရှိကြောင်း သိရသည်။ KKO

စနေဂြိုဟ်၏ ရေခဲဂြိုဟ်ရုံလတစ်စင်းဖြစ်သော မီးမက်စ်ဂြိုဟ်ရုံလပေါ်၌ မြေအောက်သမုဒ္ဒရာတစ်စင်း တည်ရှိနေနိုင်

ဝါရှင်တန် ဖေဖော်ဝါရီ ၃

စနေဂြိုဟ်၏ ရေခဲဂြိုဟ်ရုံလတစ်စင်းဖြစ်သော မီးမက်စ်အမည်ရှိ ဂြိုဟ်ရုံလပေါ်၌ မြေအောက်သမုဒ္ဒရာတစ်စင်း တည်ရှိနေနိုင်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၂ ရက်က ရေးသားတင်ပြထားသည်။

မီးမက်စ်ဂြိုဟ်ရုံလသည် စနေဂြိုဟ်၏အဓိကဂြိုဟ်ရုံလများအနက် အရွယ်အစား အသေးဆုံးနှင့် အတွင်းဘက်အကျဆုံး ဂြိုဟ်ရုံလဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ ဆောက်သ်ဝက်စ်အင်စတီကျူမှ သိပ္ပံပညာရှင်များ၏ အဆိုအရ မီးမက်စ်ဂြိုဟ်ရုံလသည် မြေအောက်၌ ရေဓာတ်ကို အရည်ပုံစံဖြင့် ထိန်းပေးထားနိုင်သော လုံလောက်သည့်အပူချိန်မျိုး ရှိကြောင်း သိရသည်။



အမေရိကန် သိပ္ပံပညာရှင်များသည် မီးမက်စ်ဂြိုဟ်ရုံလ၏ ဟာချယ်လ်အမည်ရှိ ဥက္ကာချိုင့်ဝှမ်းနယ်မြေကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ မီးမက်စ်ဂြိုဟ်ရုံလပေါ်၌ ဘူမိသဘောအရ သက်တမ်းနုသည့် မြေအောက်သမုဒ္ဒရာတစ်စင်းတည်ရှိနိုင်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

အကယ်၍ မီးမက်စ်ဂြိုဟ်ရုံလပေါ်၌ မြေအောက်သမုဒ္ဒရာတစ်စင်းရှိခဲ့လျှင် အဆိုပါသမုဒ္ဒရာသည် သမုဒ္ဒရာငယ် အတန်းအစားသစ်တစ်ခုကို ကိုယ်စားပြုနိုင်ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

KKO

Space-X အာကာသနည်းပညာကုမ္ပဏီက ဖေဖော်ဝါရီ ၂ ရက်တွင် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၅၃ စင်း အောင်မြင်စွာလွှတ်တင်ခဲ့

ဝါရှင်တန် ဖေဖော်ဝါရီ ၃

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် ဖေဖော်ဝါရီ ၂ ရက်က စတားလင့်ခ်အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တု ၅၃ စင်းကို အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ယနေ့ရေးသားတင်ပြထားသည်။

စတားလင့်ခ်အင်တာနက် ဝန်ဆောင်မှု ဂြိုဟ်တုများသယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကနေဒီ အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး တစ်နာရီခန့် အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၅၃ စင်း စလုံးကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာပို့ဆောင်နိုင်ခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၂ ရက် မစ်ရှင်သည် Space-X အာကာသနည်းပညာကုမ္ပဏီအတွက် ယခုနှစ်၏ စတုတ္ထမြောက် စတားလင့်ခ်မစ်ရှင် ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Space-X အာကာသ နည်းပညာကုမ္ပဏီသည် စတားလင့်ခ်ဂြိုဟ်တု အစင်းပေါင်း ၃၈၀၀ ကျော်ထိ လွှတ်တင်ထားပြီးဖြစ်ကြောင်း သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် စတားလင့်ခ် အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တုများကို အစင်းရေ ၁၂၀၀၀ ထိ လွှတ်တင်ခွင့်ရထားပြီးဖြစ်ကြောင်း သိရသည်။

KKO

HEALTH

ဓမ္မတာကုန်ဆုံးချိန်စောပြီး ဟော်မုန်းအစားထိုးကုထုံး ခံယူခြင်းမရှိသူအမျိုးသမီးများ လေဖြတ်နိုင်ခြေမြင့်မား

ပေကျင်း ဖေဖော်ဝါရီ ၃

ဓမ္မတာရာသီကုန်ဆုံးချိန် ပုံမှန်ထက်ပိုစောပြီး ဟော်မုန်းအစားထိုးကုထုံးခံယူခြင်းမရှိသည့် အမျိုးသမီးများတွင် လေဖြတ်နိုင်ခြေ ပုံမှန်ထက်မြင့်မားကြောင်း The Daily Mail သတင်းစာက ဖေဖော်ဝါရီ ၂ ရက် ရေးသားတင်ပြထားသည်။

သို့ရာတွင် ဓမ္မတာရာသီသက်တမ်း ပိုကြာမြင့်ပြီး ဟော်မုန်းအစားထိုးကုထုံးရယူနေသူ အသက် ၆၀ ဝန်းကျင်အမျိုးသမီးများမှာ လေဖြတ်နိုင်ခြေ ပုံမှန်ထက်ပိုနည်းပါးကြောင်း တရုတ်နိုင်ငံ ကျိကျန်းတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

တရုတ် သုတေသနပညာရှင်များသည် ဓမ္မတာရာသီကုန်ဆုံးပြီးသူ အမျိုးသမီးပေါင်း ၁၂၃၀၀၀ တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ဓမ္မတာရာသီ ကုန်ဆုံးပြီးချိန်တွင် သွေးအတွင်း အီစတရိုဂျင် ဟော်မုန်းပေါ်ထွက်မှု အဆင့်မြင့်မားသူ အမျိုးသမီးများ၌ လေဖြတ်နိုင်ခြေ ပုံမှန်ထက်ကျဆင်းနေသည်ကို တွေ့ရကြောင်း တရုတ်သုတေသနပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ ဓမ္မတာရာသီကုန်ဆုံးချိန် ပုံမှန်ထက်စောသည့် အမျိုးသမီးများအနေဖြင့် သွေးဖိအားနှင့် သွေးအတွင်း ကိုလက်စထရောပါဝင်မှုကို ပုံမှန်တိုင်းတာခြင်းဖြင့် လေဖြတ်နိုင်ခြေကို လျှော့ချရန်လိုကြောင်း သုတေသန ပညာရှင်များက အကြံပြုထားသည်။

KKO

သွေးဆိပ်သင့်မှုပြဿနာရှိနေသူလူနာများ နှလုံးခုန်ရုတ်တရက်ရပ်နိုင်ခြေ မြင့်တက်နိုင်

နယူးယောက် ဖေဖော်ဝါရီ ၃

ဗက်တီးရီးယား ကူးစက်မှုကြောင့် သွေးဆိပ်သင့်မှုပြဿနာ (Sepsis) ရှိနေသောလူနာများတွင် နှလုံးခုန်ရုတ်တရက် ရပ်နိုင်ခြေနှင့် ဆေးရုံပြန်လည်တက်ရနိုင်ခြေများ မြင့်တက်လာနိုင်ဖွယ်ရှိကြောင်း Halth Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၂ ရက်က ရေးသားတင်ပြထားသည်။

ဗက်တီးရီးယား ကူးစက်မှုကြောင့် သွေးဆိပ်သင့်မှုသည် လူကိုယ်တွင်း ဗက်တီးရီယားကူးစက်မှုကို ခုခံအားစနစ်က လွန်ကဲစွာတုံ့ပြန်ချိန်တွင် ပေါ်ထွက်လာတတ်သော ပြဿနာဖြစ်သည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Sepsis ပြဿနာအတွက် ဆေးရုံတက်ခဲ့ရသူများနှင့် ဆေးရုံတက်နေစဉ် Sepsis ပြဿနာ ပေါ်ထွက်လာသူများသည် လာမည့် ၁၂ နှစ်အတွင်း အကြောင်းအမျိုးမျိုးကြောင့် ဆေးရုံတက်ရနိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သိရသည်။

ထို့ပြင် ဆေးရုံတက်နေစဉ် Sepsis ဖြစ်ပွားခဲ့သောလူနာသည် ဆေးရုံမှဆင်းပြီးနောက် နှလုံးခုန်ရုတ်တရက်ရပ်မှုကြောင့် ဆေးရုံပြန်တက်ရနိုင်ခြေမှာ ပုံမှန်လူများထက် ၅၁ ရာခိုင်နှုန်း ပိုမြင့်မားကြောင်း၊ Sepsis ပြဿနာအတွက် ဆေးရုံတက်ရသူများနှင့် ဆေးရုံတက်နေစဉ် Sepsis ဖြစ်ပွားသူများတွင် နှလုံးကျန်းမာရေး ပြဿနာများကြောင့် ဆေးရုံပြန်တက်ရနိုင်ခြေမှာ လည်း ၄၃ ရာခိုင်နှုန်းမြင့်မားကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် Sepsis လူနာ ၈၀၀၀၀ အပါအဝင် လူပေါင်းနှစ်သန်းကျော်တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

KKO

ပရီးမီးယားလီဂ် ပွဲစဉ် (၂၂) ပွဲကြိုသုံးသပ်ချက်

ML

နော်တင်ဟမ် Vs လီဒ်

ကစားမည့်ရက်/အချိန် ၅-၂-၂၀၂၃ (ည ၀း၃၀နာရီ)
နောက်ဆုံးတွေ့ဆုံမှုရလဒ်
နော်တင်ဟမ် ၂ – ၀ လီဒ်
နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

နော်တင်ဟမ်	**– ဝေး(သရေ)**	**အိမ်(ရှုံး)**	**ဝေး(ရှုံး)**
လီဒ်	**– အိမ်(နိုင်)**	**အိမ်(သရေ)**	**ဝေး(နိုင်)**

နော်တင်ဟမ်အသင်းဟာ ပရီးမီးယားလီဂ်ကတန်းမဆင်းရဖို့ အစွမ်းကုန်ကြိုးစားနေတာကြောင့် နောက်ဆုံးအမှတ်ပေးပွဲခြောက်ပွဲဆက် ရှုံးပွဲမရှိခဲ့ပါဘူး။ လက်ရှိ လီဒ်အသင်းကတော့ ခြေစွမ်းပိုင်းတိုးတက်လာပေမဲ့ ခံစစ်ပိုင်းအားနည်းချက်ကို မပြင်နိုင်သေးလို့ အခုပွဲစဉ်မှာ ရှုန်းကန်ရမှာပါ။ ဒါကြောင့် နော်တင်ဟမ်ကိုပဲ အားပေးသွားရမှာပါ။

အင်တာနက်စန့်မှန်း – နော်တင်ဟမ် ၂ – ၁ လီဒ်

အီတလီစီးရီးအေ ပွဲစဉ် (၂၁) ပွဲကြိုသုံးသပ်ချက်များ

ML

တိုရိနို Vs အူဒီးနီစ်

ကစားမည့်ရက်/အချိန် ၅-၂-၂၀၂၃ (ည ၀း၃၀နာရီ)
နောက်ဆုံးတွေ့ဆုံမှုရလဒ်
အူဒီးနီစ် ၁ – ၂ တိုရိနို
နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

တိုရိနို	**– ဝေး(နိုင်)**	**ဝေး(သရေ)**	**ဝေး(ရှုံး)**
အူဒီးနီစ်	**– အိမ်(ရှုံး)**	**ဝေး(နိုင်)**	**အိမ်(သရေ)**

တိုရိနိုအသင်းဟာ တိုက်စစ်ကစားပုံတိုးတက်လာပေမဲ့ နောက်ဆုံးနှစ်ပွဲဆက်မှာတော့ ခံစစ်ပိုင်းပေးဂိုးများနေလို့ နိုင်ပွဲမရခဲ့ဘဲ ရှုန်းကန်နေရပါတယ်။ အူဒီးနီးစ်အသင်းကလဲ နောက်ပိုင်းပွဲစဉ်တွေမှာ ခံစစ်အားပြုကစားနေရပေမဲ့ ပြီးခဲ့တဲ့ နှစ်ပွဲဆက်မှာ ရှုံးပွဲမရှိခဲ့ပါဘူး။ ဒါကြောင့် ခံစစ်ပိုင်းတည်ငြိမ်လာတဲ့ အူဒီးနီးစ်အနည်းဆုံး သရေရလဒ်ကစားသွားမှာပါ။

အင်တာနက်စန့်မှန်း – တိုရိနို ၁ – ၁ အူဒီးနီစ်

ဖီအိုရင်တီးနား Vs ဘိုလော့ဂ်နာ

ကစားမည့်ရက်/အချိန် ၅-၂-၂၀၂၃ (ည ၁၁း၃၀နာရီ)
နောက်ဆုံးတွေ့ဆုံမှုရလဒ်
ဘိုလော့ဂ်နာ ၂ – ၁ ဖီအိုရင်တီးနား
နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

ဖီအိုရင်တီးနား	**– အိမ်(ရှုံး)**	**ဝေး(သရေ)**	**အိမ်(နိုင်)**
ဘိုလော့ဂ်နာ	**– ဝေး(ရှုံး)**	**အိမ်(သရေ)**	**အိမ်(နိုင်)**

လက်ရှိ ဖီအိုရင်တီးနားဟာ ကြားရက်မှာ ဖလားပွဲကစားထားရလို့ ပွဲပန်းနေနိုင်တာကြောင့် အခုအိမ်ကွင်းပွဲစဉ်မှာလဲ ရှုန်းကန်ရဖို့များပါတယ်။ ဘိုလော့ဂ်နာအသင်းကတော့ အဝေးကွင်းကစားပုံကောင်းတာကြောင့် ဖီအိုရင်တီးနားအသင်း အနိုင်ရဖို့မလွယ်ပါဘူး။ ဒါကြောင့် အဝေးကွင်းကနေ ရမှတ်ခွဲယူလာမဲ့ ဘိုလော့ဂ်နာအသင်းကိုပဲ ရွေးချယ်ရမှာပါ။

အင်တာနက်စန့်မှန်း – ဖီအိုရင်တီးနား ၁ – ၂ ဘိုလော့ဂ်နာ

အားကစားသတင်း အတိုအထွာများ

- ကိုပါအီတာလီယာဖလား ကွာတားဖိုင်နယ်တွင် လာဇီယိုကို အနိုင်ရခဲ့သည့် ဂျူဗင်တပ်အသင်း ဆီမီးဖိုင်နယ်အဆင့်တွင် အင်တာမီလန်အသင်းနှင့် ထိပ်တိုက်တွေ့ဆုံနေကြောင်း သိရသည်။
- ၂၀၂၄ ပဲရစ်အိုလံပစ်အားကစားပြိုင်ပွဲတွင် ရေရှားနှင့် ဘီလာရုစ်ကစားသမားများကို ပါဝင်ခွင့်မပြုရန် နိုင်ငံပေါင်း ၄၀ ကျော်က ကန့်ကွက်နိုင်ကြောင်း ပိုလန်အားကစားဝန်ကြီးက ထုတ်ဖော်ပြောကြားခဲ့သည်။
- ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ထိပ်သီးကလပ်အသင်းများက ကာစီဒိုကိုခေါ်ယူရန် ကမ်းလှမ်းခဲ့သော်လည်း ၎င်းအနေဖြင့် ဘရိုက်တန်အသင်းတွင်သာ ဆက်လက်ကစားရန် ဆုံးဖြတ်ခဲ့သောကြောင့် အနာဂတ်နှင့်ပတ်သက်၍ အတိအကျ မပြောကြားနိုင်တော့ကြောင်း အေးဂျင့်ဖြစ်သူက ပြောကြားခဲ့သည်။ ML

ပရီးမီးယားလီဂ်ပြိုင်ပွဲ၏ ဇန်နဝါရီလအတွက် တစ်လတာအကောင်းဆုံးကစားသမားဆုကို ရက်ရှ်ဖို့ဒ် ဆွတ်ခူး

မန်ချက်စတာ ဖေဖော်ဝါရီ ၃

ပရီးမီးယားလီဂ် ဘောလုံးအဖွဲ့ချုပ်ကလစဉ်ပေးအပ်သည့် တစ်လတာ အကောင်းဆုံးကစားသမားဆု ဖြစ်သည့် ဇန်နဝါရီလအတွက် တစ်လတာအကောင်းဆုံး ကစားသမားဆုကို မန်ယူအသင်းတိုက်စစ် ကစားသမား ရက်ရှ်ဖို့ဒ်က ဆွတ်ခူးခဲ့သည်ဟု မန်ချက်စတာညနေခင်းသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရက်ရှ်ဖို့ဒ်သည် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲအပြီး အမှတ်ပေးပြိုင်ပွဲများ ပြန်လည်စတင်ကျင်းပခဲ့သည့် အချိန်တွင် အသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့ပြီး သွင်းဂိုးများစွာ သွင်းယူနိုင်ခဲ့သူဖြစ်ကာ ဇန်နဝါရီလအတွင်း ကစားခဲ့သည့် လေးပွဲတွင်လည်း သုံးဂိုးထိ သွင်းယူနိုင်ခဲ့ပြီးနောက် ဇန်နဝါရီလအတွက် တစ်လတာအကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ရက်ရှ်ဖို့ဒ်သည် ပရီးမီးယားလီဂ်ပြိုင်ပွဲ၏ ဇန်နဝါရီလအတွက် တစ်လတာ အကောင်းဆုံးကစားသမားဆုအတွက် ဆန်ခါတင်ကစားသမားစာရင်းတွင် မန်စီးတီးအသင်းမှ ဒီဘရိုင်း၊ စပါးအသင်းမှ ဟော့ဂျက်၊ အေဗီလာအသင်းမှ ဂျက်ကော့ရမ်ဆေး၊ ဘုန်းမောက်အသင်းမှ ဘယ်လင်း၊ အဲဗာတန်အသင်းမှ အီမိုဘီတို့နှင့်အတူ ပါဝင်လာခဲ့ပြီး မန်စီးတီးအသင်းမှ ဒီဘရိုင်းကို ကျော်ဖြတ်၍ ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ရက်ရှ်ဖို့ဒ်သည် ဇန်နဝါရီလအတွင်း ကစားခဲ့သည့်ပွဲစဉ်များမှ ဘုန်းမောက်အသင်းနှင့်ပွဲစဉ်၊ မန်စီးတီးအသင်းနှင့်ပွဲစဉ်၊ အာဆင်နယ်အသင်းနှင့်ပွဲစဉ်တို့တွင် သွင်းဂိုး တစ်ဂိုးစီသွင်းယူနိုင်ခဲ့သောကြောင့် ဇန်နဝါရီလအတွက် ပရီးမီးယားလီဂ်တစ်လတာ အကောင်းဆုံး ကစားသမားဆုကို ရရှိခဲ့သည့် အပြင် မန်ယူအသင်းက ပေးအပ်ခဲ့သည့် ဇန်နဝါရီလအတွက် အကောင်းဆုံး ကစားသမားဆုကိုလည်း ရရှိခဲ့ကြောင်း သိရသည်။

STA

ဗလင်စီယာကိုအနိုင်ရခဲ့သည့်ပွဲစဉ်တွင် ဘင်ဇီးမားနှင့် မီလီတာအိုတို့ ဒဏ်ရာရရှိခဲ့ကြောင်း ရီးရဲလ်မက်ဒရစ် ထုတ်ပြန်

မက်ဒရစ် ဖေဖော်ဝါရီ ၃

ရီးရဲလ်မက်ဒရစ် အသင်းသည် လာလီဂါပွဲစဉ် (၁၇) အဖြစ် ဗလင်စီယာအသင်းနှင့် ကစားခဲ့သည့် ပွဲစဉ်တွင် နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သော်လည်း တိုက်စစ်မှူး ဘင်ဇီးမားနှင့် ခံစစ်ကစားသမား မီလီတာအိုတို့ ဒဏ်ရာရရှိခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်ဟု Fotmob.com က ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ကစားသမား နှစ်ဦးစလုံး ပွဲထွက်ခွင့်ရရှိခဲ့ရာ ပွဲကစားချိန် ၃၆ မိနစ်အရောက်တွင် ခံစစ်ကစားသမား မီလီတာအို အနေဖြင့် ဒဏ်ရာပြဿနာကြုံတွေ့ခဲ့ရကာ အသင်းဖော်ကစားသမား ကာဗာဂျယ်နှင့် လူစားလဲထွက်ခွာခဲ့ရသကဲ့သို့ ဒုတိယပိုင်းပွဲကစားချိန် မိနစ် ၆၀ တွင်လည်း တိုက်စစ်မှူး ဘင်ဇီးမားအနေဖြင့် ဒဏ်ရာထပ်မံရရှိခဲ့သောကြောင့် ရီဒရီဂိုနှင့် လူစားလဲခဲ့ရကြောင်း သိရသည်။

လက်ရှိတွင် ကစားသမား နှစ်ဦးစလုံး၏ ဒဏ်ရာအခြေအနေကို လိုအပ်သည့်စစ်ဆေးမှုများ ပြုလုပ်နေကာ ဘင်ဇီးမား၏ဒဏ်ရာမှာ စိုးရိမ်ဖွယ်မရှိသော်လည်း မီလီတာအို၏ ဒဏ်ရာအခြေအနေမှာ ပြင်းထန်သဖြင့် လာမည့် တနင်္ဂနေ့တွင် ကစားရမည့် မာယော့ကာအသင်းနှင့် ပွဲစဉ်ကို လွဲချော်မည်ဖြစ်ကြောင်း နည်းပြ အန်ဆယ်လော့တီက ပြောကြားခဲ့သည်။

နည်းပြ အန်ဆယ်လော့တီက "အခုပွဲစဉ်မှာ အဓိက ကစားသမားတွေဖြစ်တဲ့ ဘင်ဇီးမားနဲ့မီလီတာအို တို့ဒဏ်ရာရရှိခဲ့ပါတယ်။ ဘင်ဇီးမားကတော့ အပေါ့စားဒဏ်ရာဖြစ်တာကြောင့် လာမဲ့တနင်္ဂနေ့မှာ အသင်းနဲ့ ပြန်လည်ပါဝင်နိုင်မှာပါ။ မီလီတာအိုကတော့ ဒဏ်ရာပြင်းထန်လို့ လာမဲ့ ပွဲစဉ်မှာ ပါဝင်ဖို့မဖြစ်နိုင်သလိုဆေးစစ်ချက်အဖြေကို ထပ်မံစောင့်ကြည့်ရမှာပါ။ ကျွန်တော်တို့ အသင်းအနေနဲ့ ကမ္ဘာ့ဖလားအပြီး ဇန်နဝါရီလမှာ ပုံစံကောင်းပျောက်ဆုံးခဲ့ပြီး ခက်ခဲခဲ့ပေမဲ့ ယခုလမှာတော့ နိုင်ပွဲနဲ့စတင်နိုင်ခဲ့ပါတယ်"ဟု ဗလင်စီယာအသင်းကို အနိုင်ရခဲ့သည့်ပွဲစဉ်အပြီးတွင် ပြောကြားခဲ့ကြောင်း သိရသည်။

ML

ဂျူဗင်တပ်အသင်းက ကွင်းလယ်ကစားသမား ပေါ်ဂ်ဘာနှင့် စာချုပ်ဖျက်သိမ်းရန် ပြင်ဆင်

ရောမ ဖေဖော်ဝါရီ ၃

ဂျူဗင်တပ်အသင်းသည် ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလက မန်ယူအသင်းမှ ပြန်လည်ခေါ်ယူခဲ့သည့် ကွင်းလယ်ကစားသမား ပေါ်ဂ်ဘာနှင့် စာချုပ်ဖျက်သိမ်းရန် ပြင်ဆင်နေသည်ဟု ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကွင်းလယ် ကစားသမား ပေါ်ဂ်ဘာသည် မန်ယူအသင်းမှ စတာလင်ပေါင် ၃၁ သန်းဖြင့် ပြန်လည်ပြောင်းရွှေ့ပြီးနောက်ပိုင်း ဂျူဗင်တပ်အသင်းတွင် တစ်ပွဲသာ ပါဝင်ကစားခဲ့ရပြီး ဒူးဒဏ်ရာနှင့် ကြွက်သားဒဏ်ရာများကြောင့် အသင်း၏ ပွဲစဉ်အများအပြားကို လွဲချော်ခဲ့ရသည့်အပြင် ပြီးခဲ့သည့် နှစ် စက်တင်ဘာလက ဒူးဒဏ်ရာ ခွဲစိတ်ကုသမှု ခံယူခဲ့ရသဖြင့် ပြင်သစ်အသင်းနှင့် ကစားရမည့် ကာတာကမ္ဘာ့ဖလားပြိုင်ပွဲကို လွဲချော်ခဲ့ပြီး လက်ရှိအချိန်ထိ အသင်းနှင့် ပြန်လည်ပူးပေါင်းနိုင်ခြင်း မရှိသေးကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဒဏ်ရာအခြေအနေ တိုးတက်လာသည့် ကွင်းလယ်ကစားသမား ပေါ်ဂ်ဘာကို နည်းပြအယ်လီဂရီက ဆက်လက်စောင့်ကြည့်နေသော်လည်း အသင်းပရိသတ်များက ပြိုင်ပွဲစုံတွင် တစ်ပွဲသာ ပါဝင်ကစားနိုင်ခဲ့ပြီး၂၇ ပွဲခန့် လွဲချော်ခဲ့သည့် ၎င်းကို စိတ်ပျက်လျက်ရှိပြီး လူမှု ကွန်ရက်စာမျက်နှာတွင် ဝေဖန်မှုများ ပြုလုပ်ခဲ့ကြသည်။

ဂျူဗင်တပ် အသင်းသည် တစ်နှစ်လုပ်ခ စတာလင်ပေါင်ခုနစ်သန်းဖြင့် လေးနှစ်စာချုပ်ရှိသည့် ကွင်းလယ်ကစားသမား ပေါ်ဂ်ဘာကို ဘဏ္ဍာရေး အခက်အခဲကြောင့် ယခုနှစ်ဘောလုံးရာသီအကုန်တွင် စာချုပ်ဖျက်သိမ်းရန် သို့မဟုတ် ရောင်းချသွားရန် စီစဉ်နေပြီး အမေရိကန် မေဂျာလီဂ်ကလပ် အသင်းများနှင့် ချိတ်ဆက်လျက်ရှိကြောင်း သိရသည်။

ML

၂၀၂၃ မြန်မာနေရှင်နယ်လီဂ်ပြိုင်ပွဲ ပွဲစဉ်ဇယားရေးဆွဲမှုအပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း အဖွင့်ပွဲစဉ်တွင် ISPE အသင်းနှင့် ကစားရမည်

ရန်ကုန် ဖေဖော်ဝါရီ ၃

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မြန်မာနေရှင်နယ်လီဂ်ကော်မတီက ကြီးမှူးကျင်းပမည့် ၂၀၂၃ မြန်မာနေရှင်နယ်လီဂ် ပြိုင်ပွဲအတွက် ပွဲစဉ်ဇယား ရေးဆွဲမှုအပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက အဖွင့်ပွဲစဉ်တွင် ISPE အသင်းနှင့် ကစားသွားရမည် ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၂၂ မြန်မာနေရှင်နယ်လီဂ်ပြိုင်ပွဲကို ကွင်းပိတ်စနစ်ဖြင့် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ကျင်းပခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက ၁၈ ပွဲတွင် ၁၅ ပွဲ အနိုင်ရရှိခဲ့ပြီး တစ်ပွဲမှ ရှုံးနိမ့်ခဲ့ခြင်းမရှိဘဲ သုံးပွဲသရေရမှတ် ၄၈ မှတ်ဖြင့် ချန်ပီယံရွေဖလားဆွတ်ခူးနိုင်ခဲ့သည်။

၂၀၂၃ မြန်မာနေရှင်နယ်လီဂ် ပြိုင်ပွဲတွင် လက်ရှိ ချန်ပီယံ ရှမ်းယူနိုက်တက်အသင်းနှင့်အတူ ရန်ကုန်ယူနိုက်တက်အသင်း၊ ဟံသာဝတီယူနိုက်တက်အသင်း၊ မြဝတီအက်ဖ်စီအသင်း၊ ဧရာဝတီယူနိုက်တက်အသင်း၊ ရတနာပုံအက်ဖ်စီအသင်း၊ ISPE အသင်း၊ မဟာယူနိုက်တက်အသင်း၊ ဂျီအက်ဖ်အေအသင်း၊ ရခိုင်ယူနိုက်တက် အသင်းတို့နှင့် အတူ တန်းတက်အသင်းများဖြစ်သည့် ဒဂုံစတားယူနိုက်တက်အသင်းနှင့် ကချင်ယူနိုက်တက်အသင်းတို့ အပါအဝင် စုစုပေါင်းပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် ကျင်းပသွားမည်ဖြစ်သည်။

၂၀၂၃ မြန်မာနေရှင်နယ်လီဂ် ပြိုင်ပွဲအဖွင့်ပွဲစဉ်ဖြစ်သည့် ပွဲစဉ်(၁) ပွဲစဉ်များအဖြစ် ဖေဖော်ဝါရီ ၂၁ ရက်တွင် ဒဂုံစတားယူနိုက်တက်အသင်းနှင့် ရောဝတီယူနိုက်တက်အသင်း၊ ရှမ်းယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ ယှဉ်ပြိုင်ကစားသွားရမည် ဖြစ်ကြောင်း သိရသည်။

STA

Thailand Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ ဟောသာဝက်ဆင် တက်ရောက်

ဗန်ကောက် ဖေဖော်ဝါရီ ၃

ထိုင်းနိုင်ငံတွင်ကျင်းပနေသည့် Thailand Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဗြိတိန်တင်းနစ်မယ် ဟောသာဝက်ဆင်နှင့် တောင်ကိုရီးယားဂေါက်သီးရိုက်မယ် နာလဟန်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဟောသာဝက်ဆင်က (၆-၃၊ ၅-၇၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း Skysports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဟောသာဝက်ဆင်သည် ပထမပွဲငယ်တွင် ပြတ်သားသည့် ရလဒ်ဖြင့် အနိုင်ရခဲ့သော်လည်း ဒုတိယပွဲငယ်တွင် အကြိတ်အနယ် ယှဉ်ပြိုင်ကစား၍ နာလဲဟန်က Tie-break တွင် အနိုင်ရရှိခဲ့ပြီး တတိယပွဲငယ်တွင် ဟောသာဝက်ဆင်က ပြတ်သားသည့် ရလဒ်ဖြင့် ပြန်လည် အနိုင်ရခဲ့သည့်အတွက် (၂-၁) ရလဒ်ဖြင့် တတိယအဆင့်သို့ တက်ရောက်ခဲ့သည်။

ဟောသာဝက်ဆင်က "ကျွန်မအတွက် တကယ့်ကိုခက်ခဲတဲ့ ပွဲစဉ်တစ်ပွဲဖြစ်ပါတယ်။ နာလဲဟန် ကစားသွားတာ တော်တော်ကောင်းတယ်။ ပထမပွဲငယ်မှာတော့ ကျွန်မအနေနဲ့ အစစအရာရာ သာလွန်ခဲ့ပါတယ်။ ရိုက်ချက်တိုင်းကိုလဲ အားရကျေနပ်မှုရှိပါတယ်။ ဒါပေမဲ့လဲ ဒုတိယပွဲငယ်မှာ Unforced errors တွေ ကျူးလွန်မိခဲ့တယ်။ Tie-break အဆင့်ထိ ကစားခဲ့ရပြီးမှ ရှုံးနိမ့်ခဲ့ရတယ်။ တစ်ပွဲစီနိုင်ထားတဲ့ အခြေအနေမှာ ဖိအားများပါတယ်။ ဒုတိယပွဲငယ်မှာ အနိုင်ရခဲ့တဲ့ နာလဲဟန်ကလဲ နောက်ကနေ လိုက်ကစားခဲ့ရပေမဲ့လဲ နိုင်ပွဲပြန်ရခဲ့လို့ စိတ်ဓာတ်ပိုင်းမြင့်တက်လာခဲ့တဲ့ သဘောမှာရှိတယ်။ နာလဲဟန်ဟာပြိုင်ဘက်ကောင်းတစ်ယောက်ပါ။ ခက်ခဲတဲ့ ပွဲစဉ်ကိုကျော်ဖြတ်နိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်" ဟု ပြောကြားခဲ့သည်။

ဟောသာဝက်ဆင်သည် တတိယအဆင့်တွင် တရုတ်တင်းနစ်မယ် ဝမ်ရှင်းယူနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်ကြောင်း သိရသည်။

AZL

AT&T Pebble Beach Pro-Am အမှတ်ပေးဇယားကို လီဘိုင်အိုဒါ ဦးဆောင်

ကယ်လီဖိုးနီးယား ဖေဖော်ဝါရီ ၃

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် ကျင်းပနေသည့် AT&T Pebble Beach Pro-Am ဂေါက်သီးရိုက်ပြိုင်ပွဲပထမနေ့ အပြီးတွင် အမေရိကန် ဂေါက်သီးရိုက်ကစားသမား လီဘိုင်အိုဒါက သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်လျှော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း TSN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမားများ ဖြစ်ကြသည့် ကီတာယာမာ၊ ရမ်ဆေးနှင့်အင်လန် ဂေါက်သီးရိုက်ကစားသမား ဟာရီ ဟောလ်တို့က သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်စီလျှော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

အမှတ်ပေးဇယားကို ဦးဆောင်နေသည့် လီဘိုင်အိုဒါသည် ပထမနေ့တွင် Birdies ရခဲ့သည့် ကျင်းခြောက်ကျင်းထိရှိခဲ့ပြီး ကစားသမား ဘဝ သက်တမ်းတစ်လျှောက် ပထမဆုံးသော PGA Tour ဆုဖလားကို ဆွတ်ခူးနိုင်ရန် ပစ်မှတ်ထားနေသည်။

လီဘိုင်အိုဒါက "Iron ရိုက်ချက်တွေ တော်တော်လေး အဆင်ပြေပါတယ်။ ပထမနေ့ တစ်ရက်တည်း Birdies ခြောက်ကျင်းထိ ရတာဟာ ဝမ်းသာစရာပါပဲ။ ၂၀၂၂ ခုနှစ် ဇူလိုင်လမှာ ကျင်းပခဲ့တဲ့ 3M Open ဂေါက်သီးရိုက်ပြိုင်ပွဲ နောက်ပိုင်း Cut စာရင်းမှာ ပါဝင်နိုင်ခဲ့တာ မရှိဘူး။ ရလဒ်တွေ တောက်လျှောက် ဆိုးရွားခဲ့တယ်။ ဒီအခြေအနေကနေ အမြန်ဆုံးရုန်းထွက်နိုင်ဖို့အတွက်လဲ အကောင်းဆုံးကြိုးစားသွားမယ်။ ပထမနေ့ ရလဒ်ကို ဆက်ထိန်းနိုင်ရင်တော့ ဒုတိယနေ့မှာလဲ အဆင်ပြေမှာပါ။ ထိန်းနိုင်ဖို့ ခက်ခဲပေမဲ့လဲ ပြီးခဲ့တဲ့ ရက်သတ္တသုံးပတ်အတွင်း စွမ်းဆောင်ရည်ပိုင်း တိုးတက်မှုရှိလာတယ်လို့ခံစားရတယ်။ ယုံကြည်မှုပိုရှိလာတယ်လို့လဲ ခံစားမိတယ်" ဟု ပြောကြားခဲ့သည်။ AZL

ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၁၉) ပွဲကြိုသုံးသပ်ချက်များ

STA

စတုဂတ် Vs ဝါဒါဘရီမင်

ကစားမည့်ရက်/အချိန် ၅-၂-၂၀၂၃ (ည ၀ဒုး၀၀နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဝါဒါဘရီမင် ၂ – ၂ စတုဂတ်

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

စတုဂတ်	–	**ဝေး(သရေ)**	**ဝေး(ရှုံး)**	**ဝေး(နိုင်)**
ဝါဒါဘရီမင်	–	**ဝေး(ရှုံး)**	**အိမ်(ရှုံး)**	**ဝေး(နိုင်)**

နှစ်သင်းစလုံးခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိဘဲ ရှုန်းကန်နေရတယ်ဆိုပေမဲ့ စတုဂတ်အသင်းကတော့ အိမ်ကွင်းဆိုရင်အသင်းလိုက်ကစားပုံတည်ငြိမ်မှုရှိပါတယ်။ ဝါဒါဘရီမင်အသင်းရဲ့လက်ရှိအဝေးကွင်းခြေစွမ်းပိုင်းကလဲ ပေးဂိုးများနေလို့ စိတ်ချလို့မရပါဘူး။ ဒါကြောင့် အိမ်ရှင်အားသာချက်နဲ့ ဖိအားပေးလာမဲ့ စတုဂတ်အသင်းနဲ့ပဲ လက်တွဲထားရမှာပါ။

အင်တာနက်စန်းမှန်း – စတုဂတ် ၁ – ၀ ဝါဒါဘရီမင်

ဂုဗ်ဘတ် Vs ဘိုင်ယန်မြူးနစ်

ကစားမည့်ရက်/အချိန် ၅-၂-၂၀၂၃ (ည ၁၁း၀၀နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဘိုင်ယန်မြူးနစ် ၂ – ၀ ဂုဗ်ဘတ်

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

ဂုဗ်ဘတ်	–	**ဝေး(နိုင်)**	**ဝေး(ရှုံး)**	**ဝေး(ရှုံး)**
ဘိုင်ယန်မြူးနစ်	–	**အိမ်(သရေ)**	**အိမ်(သရေ)**	**ဝေး(နိုင်)**

အမှတ်ပေးဇယားအဆင့်(၂)နေရာမှ ယူနီယံဘာလင်အသင်းနဲ့ရမှတ်တစ်မှတ်သာ ကွာဟတော့လို့ ဘိုင်ယန်မြူးနစ်အသင်း အခုပွဲစဉ်မှာ ရမှတ်ပြည့်ရရှိဖို့ပြင်ဆင်လာမှာပါ။ နှစ်ပွဲဆက် ရှုံးပွဲကြုံထားတဲ့ ဂုဗ်ဘတ်အသင်းရဲ့ ခြေစွမ်းပိုင်းကလဲဆိုးရွားနေပါတယ်။ ဒါကြောင့် ဘိုင်ယန်မြူးနစ်အသင်းပဲ နိုင်ပွဲဆက်ပါလိမ့်မယ်။

အင်တာနက်စန်းမှန်း – ဂုဗ်ဘတ် ၀ – ၂ ဘိုင်ယန်မြူးနစ်

ပြင်သစ်လီဂ်း ပွဲစဉ် (၂၂) ပွဲကြိုသုံးသပ်ချက်များ

STA

ကလဲယားမောင့် Vs မိုနာကို

ကစားမည့်ရက်/အချိန် ၅-၂-၂၀၂၃ (ည ၀ဖီး၃၀နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

မိုနာကို ၁ – ၁ ကလဲယားမောင့်

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

ကလဲယားမောင့်	–	**ဝေး(နိုင်)**	**အိမ်(သရေ)**	**ဝေး(သရေ)**
မိုနာကို	–	**အိမ်(နိုင်)**	**ဝေး(သရေ)**	**အိမ်(နိုင်)**

ဥရောပဝင်ခွင့်အတွက် ရမှတ်လိုအပ်နေတဲ့ မိုနာကိုအသင်းဟာ အဝေးကွင်းဆိုပေမဲ့ နိုင်ပွဲရရှိအောင်ကြိုးစားလာမှာပါ။ ကလဲယားမောင့်အသင်းကလဲ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိဘဲ ရှုန်းကန်နေရလို့ မိုနာကိုအသင်းတိုက်စစ်ပိုင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ခက်ခဲမှာပါ။ ဒါကြောင့် ဒီပွဲမှာခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ မိုနာကိုအသင်းပဲအနိုင်ရမှာပါ။

အင်တာနက်စန်းမှန်း – ကလဲယားမောင့် ၁ – ၃ မိုနာကို

မာဆေး Vs နိုက်

ကစားမည့်ရက်/အချိန် ၆-၂-၂၀၂၃ (နံနက် ၀၂း၃၀နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

နိုက် ၀ – ၃ မာဆေး

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

မာဆေး	–	**အိမ်(နိုင်)**	**အိမ်(သရေ)**	**ဝေး(နိုင်)**
နိုက်	–	**ဝေး(သရေ)**	**အိမ်(နိုင်)**	**ဝေး(နိုင်)**

နိုက်အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ နှစ်ပွဲဆက်နိုင်ပွဲရရှိထားပြီး ခြေစွမ်းပိုင်းပြန်လည် ကောင်းမွန်နေတယ်ဆိုပေမဲ့ အဝေးကွင်းခြေစွမ်းပိုင်းကတော့ စိတ်ချလို့မရပါဘူး။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ လေးပွဲနိုင်တစ်ပွဲသရေရလဒ်ရရှိထားတဲ့ မာဆေးအသင်းရဲ့ ခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုရှိနေပါတယ်။ ဒါကြောင့် ဒီပွဲမှာ အိမ်ရှင်အားသာချက်နဲ့ဖိအားပေးလာမဲ့ မာဆေးအသင်းပဲ ရလဒ်ကောင်းသွားပါလိမ့်မယ်။

အင်တာနက်စန်းမှန်း – မာဆေး ၃ – ၁ နိုက်

ချောင်းဆိုးရောဂါအကြောင်း သိကောင်းစရာ

ကြည်လွင်မြင့်(မုဒြာ)

ချောင်းဆိုးရောဂါသည် အပူ၊ အအေးကြောင့် ဖြစ်သောချောင်းဆိုးရောဂါ (ဥတုကြောင့်ဖြစ်သော ချောင်းဆိုးရောဂါ)နှင့်အစားအသောက်၊ အနေအထိုင်မှားယွင်းမှုကြောင့်ဖြစ်သော ချောင်းဆိုးရောဂါဟူ၍ နှစ်မျိုးရှိသည်။ ထို့ပြင် ပိုးကြောင့်ဖြစ်သောချောင်းဆိုးရောဂါသည် ကူးစက်နိုင်သောရောဂါတစ်မျိုးဖြစ်သည်။ အာယုဗေဒကျမ်းများတွင် ကာလ၊ အတ္တ၊ ကမ္မ (အနေအထိုင်၊ အစားအသောက်၊ အပြုအမူ) ဟူ၍ ပြထားသော်လည်း အခြားဆေးကျမ်းများတွင် ကိမိ (ပိုးကြောင့်ဖြစ်သော) ချောင်းဆိုးရောဂါကိုလည်း ဖော်ပြထားသည်ကို တွေ့ရှိရသည်။

ချောင်းဆိုးရောဂါ အဖြစ်အများဆုံးအချိန်မှာ မိုးဦးကျနှင့် ဆောင်းဦးအစရာသီတွင် ဖြစ်သည်။ ရာသီဥတုအပြောင်းအလဲကြောင့် ကလေးများနှင့်သက်ကြီးရွယ်အိုများတွင် အဖြစ်များသောရောဂါဖြစ်သည်။ အပူဝင်ပ်ခြင်း၏ အခြေခံအကြောင်းကြောင့်ဖြစ်ရသော ရောဂါဖြစ်သည်။ လူဝကြီးများထက် လူပိန်များက ပို၍ ချောင်းဆိုးရောဂါ ဖြစ်ပွားလေ့ရှိသည်။ ပိန်သောသူများသည် ပို၍ အပူအားကြီးခြင်းကြောင့်ဖြစ်သည်။

တစ်နေကုန် အလုပ်လုပ်ပြီး ညနေစောင်းမှရေချိုးရသူများလည်း ချောင်းဆိုးရောဂါ ဖြစ်လေ့ရှိသည်။ ကလေးများတွင် အချိုလွန်ကဲသော မုန့်များ၊ ရေခဲစိမ်အချိုရည်ဘူးများ စားသောက်မှုကြောင့် ချောင်းအဆက်မပြတ်ဆိုးသောရောဂါ ရတတ်သည်။ ရေခဲမုန့်၊ အုန်းသီးပါသော မုန့်များ၊ ဆီမသန့်သော အစားအသောက်များကြောင့် ချောင်းဆိုးတတ်သည်။ ပိုးကြောင့်ဖြစ်သော ချောင်းဆိုးရောဂါမှာ တစ်ဦးမှ တစ်ဦး ကူးစက်သွားတတ်သည်။ ထို့ကြောင့် ချောင်းဆိုးသူများသည် လက်ကိုင်ပဝါဖြင့်အုပ်၍ ချောင်းဆိုးလျှင် ရောဂါကူးစက်မှုကို ကာကွယ်ရာရောက်သည်။

ယခုခေတ်တွင် ဆီမသန့်၍ဖြစ်သော ချောင်းဆိုးရောဂါတစ်မျိုးကို အတွေ့ရများသည်။ အထူးသဖြင့် စားအုန်းဆီကြောင့်ဖြစ်သည်။ စားအုန်းဆီသည် အေးခဲလွယ်သော ဆီမျိုးဖြစ်သည်။ အကြော်များ ကြွပ်ရွှစေသဖြင့် အသုံးများကြခြင်းဖြစ်သည်။ ထိုဆီသည် လည်ချောင်းနှင့် အစာရေမျိုပြွန်နံနံရံတွင် ကပ်ကျန်ခဲ့သောအခါ လည်ချောင်းယားပြီး ချောင်းဆိုးရခြင်းဖြစ်သည်။ မသန့်သောဆီကြောင့် လည်ချောင်းလေပြွန်ရောင်ရောဂါဖြစ်နိုင်သည်။ ကြွပ်ရွှနေသော အကြော်စားသုံးသူများသည် ရေနွေးကြမ်းပူပူ သောက်သင့်သည်။ အစာစားပြီး ရေခဲရေနှင့် အအေးသောက်လျှင် စားအုန်းဆီသည် ပို၍ခဲသွားပြီး ရက်ရှည်ချောင်းဆိုးရောဂါဖြစ်နိုင်သည်ကို သတိပြုစေလိုသည်။

ရိုးရာဆေးပညာအမြင်

ချောင်းဆိုးခြင်းသည် ရိုးရာဆေးပညာအရ အပူဝင်ပ်သောရောဂါဖြစ်သည်။ ခန္ဓာကိုယ်အတွင်းမှအပြင်သို့ ထွက်ရမည့်အပူ၊ အခိုး၊ အငွေ့များကို အအေးဓာတ်က ဖိနှိပ်ပိတ်ဆို့ထားသဖြင့် အပြင်သို့ မထွက်နိုင်။ မထွက်နိုင်၍ တွန်းကန်ရာမှ ချောင်းဆိုးရခြင်းဖြစ်သည်။ အပူကြောင့် ချောင်းဆိုးခြင်းနှင့် အအေးကြောင့် ချောင်းဆိုးခြင်း နှစ်မျိုးရှိသည်။ နံနက်လင်းပိုင်း အေးသောအချိန် ချောင်းဆိုးသောသူများသည် အဆုတ်နှင့်လေပြွန်တွင် အပူဝင်ပ်နေခြင်းကြောင့် ဖြစ်သည်။ အပူချောင်းဆိုးဟု ဆိုနိုင်သည်။ နေပူထဲမှ ပြန်လာပြီး ရေခဲရေသောက်လိုက်သောအခါ ချောင်းဆိုးပြီး အသံပါင့်သွားတတ်သည်။ ထိုချောင်းဆိုးခြင်းသည် အအေးချောင်းဆိုးဖြစ်သည်။ ရေနွေးပူပူသောက်ပေးလျှင် ပြန်လည်သက်သာစေနိုင်သည်။

ရေခဲရေနှင့် အအေးကြိုက်သူ၊ ရေခဲသေတ္တာအတွင်းမှ ရေအေးဘူးကို အမြဲသောက်လေ့ရှိသူများနှင့် Water Cooler ခေါ် ရေအေးစက်မှအအေးလွန်ကဲသောရေကို သောက်လေ့ရှိသူများမှာ အစာအိမ်မှ လေပူကို အအေးကဖိနှိပ်သဖြင့် အပူဝင်ပြီး ချောင်းဆိုးရောဂါ ဖြစ်တတ်သည်။

အပူဝင်ခြင်း၏နောက်ဆက်တွဲ

အပူဝင်ချောင်းဆိုးပြီးနောက် ဖြစ်တတ်သော နောက်ဆက်တွဲရောဂါများမှာ လည်ချောင်းနာခြင်း၊ နားအူခြင်း၊ နားလေထွက်ခြင်း၊ အစာမျိုရှောင် လည်ချောင်းနာခြင်းစသည်များ ဖြစ်လေ့ရှိသည်။ ချောင်းအလွန်ဆိုးသောအခါ နှာရည်ပါထွက်ကျလာပြီး ထိုနှာရည်နှင့်နှပ်ကို ညှစ်ထုတ်ရာမှ နားအူသွားသောသူများရှိသည်။ တစ်ခါတစ်ရံ နားအူပြီးလေပိတ်သလိုဖြစ်ကာ အသံမကြားရခြင်းမျိုးလည်း ဖြစ်နိုင်သည်။ ချောင်းဆိုးကြာလျှင် နားလေးရောဂါနောက်ဆက်တွဲဖြစ်တတ်သည်။

အပူဝင်ပ်လွန်ကဲသူများသည် ချောင်းဆိုးရောဂါ သာမက အသားပပ်ရောဂါနှင့် ချွေးခြောက်ရောဂါ၊ ခြေဝါးအက်ကွဲရောဂါ၊ မျက်စိမှမျက်ရည်ခြောက်ခန်း၍ မျက်သားရောင်သည့်ရောဂါ၊ ဦးခေါင်းတွင်အပူများပြီး ဗောက်ရောဂါ၊ ဆံပင်ကျွတ်ရောဂါများပါဖြစ်လာနိုင်သည်။

ချောင်းဆိုးရောဂါမှကာကွယ်နည်းများ

အပူဝင်ချောင်းဆိုးခြင်းမှကာကွယ်ရန် ရောဂါဖြစ်လာမှ ချောင်းဆိုးပျောက်ဆေးများ သောက်သုံးခြင်းထက် ကြိုတင်ကာကွယ်ခြင်းက အကောင်းဆုံးဖြစ်သည်။ ချောင်းဆိုးခြင်းသည် သာမန်ရောဂါဟုထင်ရသော်လည်း လူကြားသူကြားသွားလျှင် အလွန်ကျွန်ခြေပျက်စေသော ရောဂါမျိုးဖြစ်သည်။ စကားပြောဆိုရာတွင်လည်း ချောင်းဆိုးခြင်းကြောင့် အနှောင့်အယှက်ဖြစ်ရသည်။ အချို့သူများက မိမိတွင်ရောဂါတစ်ခုခုရှိနေသည်ဟုထင်မြင်ပြီး ရှောင်ရှားသွားခြင်းခံရသော ရောဂါမျိုးဖြစ်သည်။

ချောင်းဆိုးခြင်းမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအချက်များကို သတိပြုလိုက်နာစေလိုသည်။

၁။ ရေအေး၊ ညသိပ်ရေ ချိုးခြင်းမှရှောင်ကြဉ်ပါ။

၂။ အေးသောရာသီတွင် လူကြီးများရေနွေးစပ်ပြီးမှ ရေချိုးပါ။

၃။ ရေမချိုးမီ ရေအေးတစ်ခွက်သောက်ပါ။

၄။ ရှောက်သီး သို့မဟုတ် သံပရာသီးတစ်ခြမ်းကို ရေနွေးမတ်ခွက်တွင်စိမ်ပြီး အငွေ့လုံအောင် အုပ်ထားပါ။ ရေချိုးပြီးသောအခါ သောက်ပေးခြင်းဖြင့် အအေးပတ်ခြင်းမှ ကာကွယ်နိုင်သည်။

၅။ နွေကိုး၊ မိုးတစ်ဆယ်၊ ဆောင်းတစ်ဆယ့်တစ်ဟူသောစကားနှင့်အညီရေချိုးပါ။ (နွေရာသီတွင် နံနက် ၉ နာရီ နောက်ပိုင်း၊ မိုးရာသီတွင် နံနက် ၁၀ နာရီနောက်ပိုင်း၊ ဆောင်းရာသီတွင် နံနက် ၁၁ နာရီနောက်ပိုင်းရေချိုးခြင်းသည် ဂိလာနများ၊ သက်ကြီးရွယ်အိုများအတွက် အအေးပတ်ခြင်းမှ ကာကွယ်သည်။

၆။ ညနေစောင်းချိန်နှင့် နေဝင်မိုးချုပ်အချိန် ရေချိုးလျှင် အပူဝင်ခြင်း၊ ချောင်းဆိုးခြင်းဖြစ်နိုင်သည်။ တတ်နိုင်သမျှ ရှောင်ရှားပါ။

၇။ ညအိပ်ရာမဝင်မီ ရှောက်သီး သို့မဟုတ် သံပရာသီးအရည် သုံးဇွန်းနှင့် ပျားရည်တစ်ဇွန်း ရောစပ်သောက်ပေးလျှင် အပူဝင်ပ်၍ ချောင်းဆိုးခြင်း၊ လေပူလှန်ချောင်းဆိုးခြင်းမှ ကာကွယ်နိုင်သည်။

ချောင်းဆိုရောဂါ ပျောက်ကင်းစေနိုင်သော ဆေးနည်းတိုများ

၁။ ပြည်ပန်းညိုရွက် လက်တစ်ဆုပ်ကို ရေဖြင့် စင်အောင်ဆေး အရည်ညှစ်ယူပြီး ဆားလျော့အနည်းငယ်နှင့်ရောစပ်တိုက်လျှင် ချောင်းဆိုး သက်သာစေနိုင်သည်။

၂။ ကွမ်းရွက်ကိုကတော့ကဲ့သို့ ပြုလုပ်ပြီး ဆားထည့်၍ထုပ်ပါ။ သံပြားပေါ်တွင် တင်ပြီး မီးဖုတ်ပါ။ ထိုဆားမီးဖုတ်ပြာကို သံပရာရည်နှင့်ဖျော်ပြီးလျက်လျှင် ရက်ကြာချောင်းဆိုးရောဂါ၊ ချောင်းကြီးဆိုးရောဂါများ ပျောက်ကင်းစေနိုင်သည်။

၃။ ရှောက်ရွက်ကို ကြက်သွန်ဖြူနှင့်ဆားအနည်းငယ်ခတ်၍ ဟင်းချိုလုပ်သောက်လျှင် ချောင်းဆိုးသက်သာစေသည်။

၄။ ဒန့်သလွန်ရွက်နှင့် ပြည်ပန်းညိုရွက်တို့ကို တွဲဖက်၍ ဟင်းချိုချက်သောက်လျှင် အပူဝင်ချောင်းဆိုးခြင်းနှင့် အသံဝင်ရောဂါကိုပါ ပျောက်ကင်းစေနိုင်သည်။

၅။ ထန်းလျက်(အမည်း)နှင့်ရှောက်သီးကိုသိန္ဓောဆားအနည်းငယ်ထည့်၍ ယိုထိုးစားလျှင် ချောင်းဆိုးရောဂါ ပျောက်ကင်းစေနိုင်သည်။

၆။ ချင်းစိမ်း၊ ငရုတ်ကောင်း၊ လေးညှင်းတို့ကို ထန်းလျက်နှင့် ရောကျိုပြီး ပူပူနွေးနွေးသောက်ပေးလျှင် ရင်ကျပ်ချောင်းဆိုးရောဂါ သက်သာစေနိုင်သည်။

၇။ ရှဉ့်မတက်ဥနှင့်မုရားကြီးရွက်ကို သကြားခဲနှင့်ကျိုသောက်လျှင် ချောင်းခြောက်ဆိုးရောဂါ ပျောက်ကင်းစေနိုင်သည်။

၈။ ချောင်းဆိုးသွေးပါရောဂါဖြစ်လျှင် ဒန္တသုခပင်အရွက် လက်တစ်ဆုပ်ကို ရေ ၅၀ ကျပ်သား (ရေသန့်တစ်ဘူးစာ)ဖြင့် ပြုတ်၊ သကြားချို ရုံထည့်ပါ။ ဒိုဘာလာသကြားထည့်နိုင်လျှင် ပို၍ကောင်းသည်။ ရေနွေးကြမ်းသောက်သကဲ့သို့ သောက်နိုင်သည်။

၉။ ကလေးချောင်းဆိုးလျှင် သနပ်ခါးအမြစ်ကို ဆားအနည်းငယ်နှင့်ရောသွေး၍ ခွဲ့ပေးလျှင် သက်သာစေနိုင်သည်။

၁၀။ ကလေး၊ လူကြီး ချောင်းဆိုးလွန်ကဲ၍ မျက်နှာရောင်အန်းခြင်းဖြစ်ပါက ချိုးလိုက်လျှင် အစေးများထွက်သည့် ငပြုကြီးပင်ခေါ် မုရိုးပင်အရွက်ကိုထောင်းပြီး အရည်ညှစ်ယူကာ ဆားအနည်းငယ်ထည့်၍ ဟင်းစားဇွန်းဖြင့် ကလေးတစ်ဇွန်း၊ လူကြီးသုံးဇွန်းတိုက်ကျွေးပေးပါက သက်သာပျောက်ကင်းစေနိုင်သည်။

၁၁။ ခွေးသေးပန်းရွက် အရည်ညှစ်၍ရသော သတ္တုရည်ကို ဆားမီးဖုတ်ဖြင့် ရောတိုက်လျှင် ကလေး၊ လူကြီး အဆက်မပြတ်ဆိုးသော ချောင်းဆိုးရောဂါကို သက်သာစေနိုင်သည်။

၁၂။ နာတာရှည်ချောင်းဆိုးရောဂါ၊ လေပူချောင်းဆိုးရောဂါဖြစ်လျှင် ကြက်သွန်ဖြူအဆီကို တိုက်ကျွေးပေးခြင်း၊ ကြက်သွန်ဖြူကို နေ့စဉ်စားသုံးပေးခြင်းဖြင့် သက်သာစေနိုင်သည်ဟု အာယုဗေဒကျမ်းများက ဆိုသည်။

၁၃။ ရင်ကျပ်ရောဂါနှင့်တွဲ၍ဖြစ်သော ချောင်းဆိုးရောဂါပျောက်ကင်းစေရန်အတွက် ဇော်ဂျီတောင်ဝှေးပင်အရွက်ရောအရိုးပါ ဒိုဘာလာသကြား ခေါ် မှန်ရောင်သကြားခဲ အနည်းငယ်ထည့်၍ ရောပြုတ်ပြီး တစ်နေ့လျှင် မတ်ခွက်တစ်လုံးစာ သောက်ပါ။ ရေရှည်စွဲသောက်လျှင် နှစ်ကြာပန်းနာရောဂါပျောက်ကင်းစေနိုင်သည်။

၁၄။ ကလေးသူငယ်များ ရင်ကျပ်ချောင်းဆိုးဖြစ်လျှင် ကွမ်းရွက်ကိုမီးကင်၍ ရင်ဘတ်နှင့် ကျောတွင် ကပ်ပေးပါ။ ကွမ်းရွက်ကို အရည်ညှစ်၍ ဆားမီးဖုတ်နှင့်ရောပြီး လျှာတွင် ပွတ်ပေးပါ။

၁၅။ ချောင်းဆိုးရာမှ သွေးပါလာလျှင် စံပယ်ရွက်ကို သကြားအနည်းငယ်ထည့်ပြီး သုံးခွက်တစ်ခွက်တင်ကျိုပြီး တစ်နေ့ သုံးကြိမ် ရေနွေးကြမ်းပန်းကန် တစ်လုံးစာသောက်ပေးပါ။

၁၆။ အဆုတ်ကြောင့် ချောင်းဆိုးပြီး သွေးအန်သွေးကျဖြစ်လျှင် ဆီးဖြူသီးခြောက်ကို ငါးပတ်နှင့်ရောချက်ပြီးကျွေးလျှင် ချောင်းဆိုးသွေးပါ၊ သွေးအန်ရောဂါ ပျောက်ကင်းစေသည်။

၁၇။ အအေးပတ်ချောင်းဆိုးလျှင်၊ ရေချိုးမှား ချောင်းဆိုးလျှင် ချင်းပါးပါး ခုနစ်လွှာလှီးပြီး ကွမ်းရွက် သုံးရွက်၊ ထန်းလျက် ငါးခဲတို့ကို ရေနွေးမတ်ခွက်တစ်လုံးစာနှင့် ရောကျိုပြီး ဆားလျော့အနည်းငယ်ထည့် ပူပူနွေးနွေးမှုတ်သောက်ပေးပါ။ အအေးပတ်ချောင်းဆိုးရောဂါ၊ တုပ်ကွေးရောဂါများမှ သက်သာစေနိုင်သည်။

၁၈။ အဆုတ်ရောဂါနှင့်တွဲဖြစ်သော ညအိပ်မရသည့် ချောင်းဆိုးရောဂါဖြစ်လျှင် လောက်သေရွက်ကိုပြုတ်ပြီး ဓာတ်ဘူးတွင်ထည့်၍ ရေနွေးကြမ်းသောက်သကဲ့သို့ တစ်နေကုန်သောက်ပေးပါ။ လောက်သေရွက်သည် အဆုတ်မှပိုးကိုသေစေနိုင်သည်။ ပိုးကြောင့်ဖြစ်သော ချောင်းဆိုးရောဂါကို ပျောက်ကင်းစေနိုင်သည်။

၁၉။ သလိပ်ကပ်၊ သလိပ်မထွက်သော ချောင်းဆိုးရောဂါဖြစ်လျှင် ဖီးကြမ်းဌက်ပျောသီးကို မီးဖုတ်ပြီး တစ်နေ့လျှင်သုံးလုံးစားပေးပါက သလိပ်ပျော်ပြီး ထွက်လာစေနိုင်သည်။

၂၀။ ချောင်းဆိုးပြီး နားအူသောရောဂါဖြစ်ပါက မီးကွင်းဂမုန်းရွက်ကို အရည်ညှစ်ပြီး ရရှိသော သတ္တုရည်တွင် ဆားလျော့အနည်းငယ်ထည့်ပြီးသောက်ပေးပါက သက်သာစေနိုင်သည်။ တစ်နည်း ချောင်းဆိုးနားအူ၊ နားလေး၊ နားလေပိတ်ရောဂါသက်သာစေရန် သင်္ဘောအဖိုပင်မှ အဖူးနှင့်အရွက်ကိုပြုတ်ပြီး အတို့အမြှုပ် လုပ်စားပေးပါက သက်သာစေနိုင်သည်။

၂၁။ အသံဝင်ချောင်းဆိုးရောဂါဖြစ်လျှင် ကြက်သွန်နီဥကြီးကိုမီးအုံးပြီး ပူတုန်းစားပေးပါ။

နေမျိုးပလကျော်ထင် ရုပ်သံဇာတ်လမ်းတွဲကို ကြယ်တံခွန် You Tube Channel နှင့် NHN Application မှ ထုတ်လွှင့်ပြသသွားမည်

ရန်ကုန် ဖေဖော်ဝါရီ ၃

သရုပ်ဆောင် နေထူးနိုင် စီစဉ်ထုတ်လုပ်ထားသည့် နေမျိုးဗလကျော်ထင် ရုပ်သံဇာတ်လမ်းတွဲကို ကြယ်တံခွန် You Tube Channel နှင့် NHN Application မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သရုပ်ဆောင် နေထူးနိုင်က ပြောပြ၍ သိရသည်။

အဆိုပါ နေမျိုးဗလကျော်ထင် ရုပ်သံဇာတ်လမ်းတွဲတွင် အပိုင်း ၁၅ ပိုင်းပါဝင်မည်ဖြစ်ပြီး ၂၀၂၃ ခုနှစ် မတ်လအတွင်း စတင်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"အကျင့်စရိုက်မတူတဲ့ လူငယ်သုံးယောက်ရဲ့ ဒရာမာဇာတ်လမ်းလေးတစ်ခုပါ။ ဒီဇာတ်လမ်းတွဲမှာ ဘဝသင်ခန်းစာယူစရာတွေလဲ ထည့်သွင်းထားပါတယ်။ ဒီဇာတ်လမ်းတွဲကိုတော့ ကျွန်တော့်ရဲ့ ကိုယ်ပိုင် You Tube Channel ဖြစ်တဲ့ ကြယ်တံခွန် You Tube Channel ကနေ လာမဲ့ မတ်လလောက်မှာ ထုတ်လွှင့်ပြသသွားမှာပါ"ဟု သရုပ်ဆောင် နေထူးနိုင်က ပြောပြသည်။

နေမျိုးဗလကျော်ထင် ရုပ်သံဇာတ်လမ်းတွဲ၏ ဇာတ်လမ်းဇာတ်ညွှန်းကို ဖိုးကျော်(သန်လျင်)က ရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာ ဇော်ထွန်းက ပုံဖော်ထားခြင်းဖြစ်ကာ သရုပ်ဆောင် နေထူးနိုင်နှင့်အတူ နေထက်နိုင်၊ တိုးထက်အောင်၊ မိုးစက်၊ မေသင်ဇာကို၊ ဆောင်းအိန္ဒြေထွန်း စသည့် သရုပ်ဆောင်များ ပါဝင်ထားကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

ASH

My Spy နောက်ဆက်တွဲဇာတ်ကားဌ် မင်းသား ဒေ့ဘာတစ္စတာ ပါဝင်မည်

နယူးယောက် ဖေဖော်ဝါရီ ၃

My Spy ၏ နောက်ဆက်တွဲ ဇာတ်ကားတွင် အက်ရှင် မင်းသား ဒေ့ဘာတစ္စတာ ပြန်လည်ပါဝင်မည်ဖြစ်ကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၂ ရက်တွင် ရေးသားတင်ပြထားသည်။

My Spy-2 ၌ ပြန်လည်ပါဝင်မည့်အစီအစဉ်ကို မင်းသား ဒေ့ဘာတစ္စတာကိုယ်တိုင် မီဒီယာများသို့ အတည်ပြုပြောကြားထားခြင်းဖြစ်သည်။

My Spy နောက်ဆက်တွဲ ဇာတ်ကားတွင် ဒေ့ဘာတစ္စတာနှင့် အတူ ကလေးသရုပ်ဆောင် ခလိုးကိုးမင်လည်း ပြန်လည်ပါဝင်လာမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ပေါ်ဆီးဂဲက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုကို ယခုလအတွင်း တောင်အာဖရိကနိုင်ငံ၌ စတင်ဖွယ်ရှိကြောင်း မင်းသား ဒေ့ဘာတစ္စတာက ပြောကြားထားသည်။

လက်ရှိတွင် My Spy နောက်ဆက်တွဲဇာတ်ကားကို ၂၀၂၄ ခုနှစ် နှစ်စပိုင်းတွင် ရုံတင်ရန် ထုတ်လုပ်သူများက စီစဉ်ထားကြောင်း သိရသည်။

KKO

ပဲခူးတိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်တွင် ပန်းချီနှင့် ဝါးလက်မှုပေါင်းစပ်ထားသော ပေါင်နှစ်ထပ်ပါ ဝါးနာရီဒီဇိုင်းများ အရောင်းသွက်နေ

ပဲခူး ဖေဖော်ဝါရီ ၃

ပဲခူးတိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်တွင် ပန်းချီနှင့်ဝါးလက်မှုပေါင်းစပ်ထားသော ပေါင်နှစ်ထပ်ပါ ဝါးနာရီဒီဇိုင်းများ အရောင်းသွက်နေကြောင်း ပဲခူးမြို့နယ် ရွှေမော်ဓောစေတီအနီးရှိ သီရိရတနာအောင်အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းစင်တာမှ မန်နေးဂျင်းဒါရိုက်တာ ဒေါ်သီရိရတနာအောင်က ပြောပြ၍ သိရသည်။

အဆိုပါ ပေါင်နှစ်ထပ်ပါ ဝါးနာရီများမှာ မှန်ပါ၊ မှန်မပါ နှစ်မျိုးနှစ်စားရှိကာ အရွယ်အစားအနေဖြင့် အတွင်းပေါင် အချင်း ကိုးလက်မ၊ အပြင်ပေါင်အချင်း ၁၂ လက်မ အရွယ်အစား၊ အတွင်းပေါင်အချင်း ရှစ်လက်မ၊ အပြင်ပေါင်အချင်း ၁၂ လက်မ အရွယ်အစားဖြစ်ပြီး အတွင်းပေါင်အတွင်း ပန်းချီအပြည့်ရေးဆွဲထားသည့်ပုံစံနှင့် အပြင်ပေါင်တွင် ပန်းချီရေးဆွဲထားသည့်ပုံစံများဖြစ်ကာ ဈေးနှုန်းမှာလည်း အရွယ်အစားနှင့် ပန်းချီပုံစံပေါ်မူတည်၍ ငွေကျပ် ၄၅၀၀၀ မှ ငွေကျပ် ၆၀၀၀၀ ထိဖြစ်ကြောင်း သိရသည်။

"နာရီပုံစံကတော့ အိုင်းမှာ ပေါင်နှစ်ထပ်ပါတယ်။ ဝါးနဲ့ လုပ်ထားပြီးတော့ လက်ရာကသေသပ်ပါတယ်။ အပြင်ပေါင်မှာ ပန်းချီရေးတဲ့ အမျိုးအစားရယ်၊ အတွင်းပေါင်ရဲ့ အတွင်းပိုင်းကို ပန်းချီရေးထားတဲ့အမျိုးအစားရယ် နှစ်မျိုးကွဲသလို ဈေးလဲကွဲပါတယ်။ နာရီတွေကတော့ စစ်ကိုင်းမင်းကွန်းကနေ ဈေးကွက်ထဲကို ဝင်လာတာဖြစ်ပါတယ်။ အဲဒီဘက်မှာက ဝါးပန်းချီကားတွေ အရင်ကတည်းကဝင်ပါတယ်"ဟု ဒေါ်သီရိရတနာအောင်က ပြောပြသည်။

လက်ရှိ ပဲခူးတိုင်းဒေသကြီး အမှတ်တရ လက်ဆောင်ပစ္စည်းဈေးကွက်သို့ ဇန်နဝါရီလ တတိယပတ်မှ စတင်ဝင်ရောက်ခဲ့ခြင်းဖြစ်ပြီး အရေအတွက် ၂၀၀ ခန့် ဝင်ရောက်ထားကာ ရောင်းချရမှုမှာ အရွယ်အစားစုံ အရေအတွက် ၅၀ ခန့်ဖြစ်ကြောင်း သိရသည်။ ASH

Bad Boys ဇာတ်ကား ရိုက်ကူးထုတ်လုပ်ရေးအတွက် ဆိုနီပြင်ဆင်နေ

နယူးယောက် ဖေဖော်ဝါရီ ၃

Bad Boys ဇာတ်ကားရိုက်ကူးထုတ်လုပ်ရေးအတွက် ဆိုနီရုပ်ရှင်ကုမ္ပဏီက ပြင်ဆင်နေပြီဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၂ ရက်တွင် ရေးသားတင်ပြထားသည်။

Bad Boys ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုအတွက် ပြင်ဆင်နေမှုကို ဆိုနီရုပ်ရှင်ကုမ္ပဏီနှင့် အဓိကသရုပ်ဆောင်များဖြစ်ကြသော ဝီစမစ်နှင့် မာတင်လောရင့်တို့က အတည်ပြုခဲ့ကြခြင်းဖြစ်သည်။

အဆိုပါဇာတ်ကားသည် Bad Boys ဇာတ်ကားတွဲများ၏ စတုတ္ထမြောက်ဇာတ်ကားဖြစ်သည်။

Bad Boys-4 ဇာတ်ကားကို ဒါရိုက်တာ အဒီးအယ်အာဘီနှင့် ဘီလားဖာလားတို့က တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ခရစ်ဘရမ်မာက ရေးသားပေးထားကြောင်း သိရသည်။

လက်ရှိတွင် Bad Boys-4 ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ဆိုနီရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။KKO

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက အသက် ၇၅ နှစ်အထက် သက်ကြီးရုပ်ရှင်ပညာရှင်များကို ဇန်နဝါရီလအတွက် လစဉ်ပံ့ပိုးငွေများ ထုတ်ပေးလျက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၃

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက အသက် ၇၅ နှစ်အထက် သက်ကြီးရုပ်ရှင်ပညာရှင်များကို ၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွက် လစဉ်ပံ့ပိုးငွေများ ရုပ်ရှင်အစည်းအရုံးတွင် ဖေဖော်ဝါရီ ၁ ရက်က စ၍ ထုတ်ပေးလျက်ရှိကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက အသက် ၇၅ နှစ်အထက် သက်ကြီးရုပ်ရှင်ပညာရှင်ဦးရေ ၅၀ ကို လစဉ်ပံ့ပိုးငွေများ ထုတ်ပေးလျက်ရှိရာ သက်ကြီးရုပ်ရှင်ပညာရှင် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ ကို မပျက်မကွက် လစဉ်ထုတ်ပေးနေပြီး ရုပ်ရှင်အစည်းအရုံးဝင် အလွှာအသီးသီးမှ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များကိုလည်း အခါအားလျော်စွာ ပံ့ပိုးငွေများ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

"သက်ကြီးရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်အယောက် ၅၀ ကို ရုပ်ရှင်အစည်းအရုံးအနေနဲ့ လစဉ်ပံ့ပိုးပေးနေပါတယ်။ ပြီးခဲ့တဲ့ ဇန်နဝါရီလအတွက် ပံ့ပိုးငွေတွေကို ဖေဖော်ဝါရီ ၁ ရက်က စတင်ပြီးတော့ ထုတ်ပေးနေတာဖြစ်ပါတယ်။ အလားတူ ရုပ်ရှင်အစည်းအရုံးအလွှာအသီးသီးက အနုပညာရှင်၊ အတတ်ပညာရှင်တွေကိုလဲ အလျှုရှင်တွေနဲ့ အစည်းအရုံးရဲ့ ရန်ပုံငွေတွေနဲ့ ပေါင်းစပ်ပြီးတော့ အခါအားလျော်စွာ ပံ့ပိုးမှုတွေ ပြုလုပ်ပေးနေပါတယ်"ဟု မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယ ဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ အစည်းအရုံးဝင်များကို ဆန်၊ ဆီ၊ ပဲ၊ ဆား ငါးသေတ္တာ စသည့် စားသောက်ကုန်များ ပံ့ပိုးခြင်းအစီအစဉ်ကို ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ အတွင်းက ၁၁ ကြိမ်မြောက်အဖြစ် ပြုလုပ်ခဲ့ကြောင်း သိရသည်။ ASH

Five-point roadmap of State Administration Council

1. An emphasis will be placed on peace and stability and the full prevalence of law and order throughout the Union to ensure the safety of the socioeconomy life of the people.
2. Public-centred development tasks will be undertaken for the development of socioeconomic life to ensure the prosperity and food sufficiency of the country.
3. Efforts will be made to continue cementing the genuine discipline-flourishing multiparty democratic system and building the Union based on democracy and the federal system.
4. An emphasis will be placed on achieving enduring peace for the entire nation in line with the agreements set out in the Nationwide Ceasefire Agreement.
5. Upon accomplishing the provisions of the state of emergency, free and fair multiparty democratic general elections will be held in line with the Constitution (2008), and further work will be undertaken to hand over State duties to the winning party in accordance with democratic standards.

Republic of the Union of Myanmar State Administration Council 12 Objectives

1. Political affairs

(a) To build a Union based on democracy and federalism, through a disciplined and genuine multiparty democratic system that is fair and just.

(b) To emphasize the achievement of enduring peace for the entire nation in line with the Nationwide Ceasefire Agreement (NCA).

(c) To continue implementing the principle of peaceful co-existence among countries through an independent, active and non-aligned foreign policy.

(d) To ensure peace and stability, rule of law and secure and smooth transport across the Union.

2. Economic affairs

(a) To enhance production based on agriculture and livestock through modern techniques and strengthen all-round development in other sectors of the economy.

(b) To develop a stable market economy and promote international investment in order to enhance the economic development of the entire National people.

(c) To encourage micro, small and medium-scale enterprises based on domestic raw materials in order to substitute import goods and enhance export products to have long-term guarantees and create employment opportunities and increase domestic production.

(d) To develop the socioeconomic life of the people to ensure prosperity and food sufficiency of the country.

3. Social affairs

(a) To ensure a strong and dynamic Union spirit, the genuine spirit of patriotism.

(b) To respect and promote the customs and traditions of all national peoples and preserve and safeguard their faiths, culture and national characteristics based on national spirit.

(c) To further strengthen basic healthcare services of the nation and to emerge the health system for enhancement of longevity and health of the entire National people.

(d) To promote multiple education systems in order to produce the necessary human resources for building a modern developed democratic nation.

Food production accounts for more than fifty percent of the officially registered private industries

Food production line in progress at a factory.

Nay Pyi Taw February 3

The majority of registered private industries are food manufacturing, accounting for fifty percent, according to reports from the Ministry of Industry released on February 2.

In order to be able to operate properly and provide necessary assistance, the Directorate of Industrial Supervision and Inspection under the Ministry of Industry is responsible for the further development of private industries and local private industries have been registered since 2011-2012 FY. By the end of January 2023 in 2022-2023 FY, there were 45,654 private industries.

Among the officially registered private industries, there are 24 types of small, medium and large-scale private industries included.

Among these businesses, there are large 3,678 large-scale private industries, 5,375 medium-scale private industries and 13,924 small-scale private industries, with a total of 22,077 registered food manufacturing businesses.

Among the 24 officially registered private industries, machinery and equipment preparation and training activities are the second largest with 4,586. Metal refining equipment manufacturing businesses are the third largest registered business with 3,087. 336

Fraud claims against Adani group spark political row in India

Delhi February 3

A US research firm's allegations of fraud against billionaire Gautam Adani's business empire have sparked a political row in India.

Opposition leaders stalled the functioning of parliament for a second straight day on Friday as they demanded an investigation into the claims.

The research firm accused Adani group firms of stock manipulation and financial fraud last week, sending its shares into a sharp fall.

The group has denied the allegations.

On Friday, morning sessions in both houses of India's parliament were adjourned as opposition leaders demanded an investigation.

They have called for a Joint Parliamentary Committee or a Supreme Court-monitored panel to be set up to investigate the allegations against the firm and the risk to Indian investors from the fall in Adani company shares.

The Adani group's companies have seen $108bn wiped off their market value over the past few days after US-based investment firm Hindenburg Research published a report accusing it of decades of "brazen" stock manipulation and accounting fraud. BBC

Chinese spy balloon: US tracks suspected surveillance device

Beijing February 3

The US is tracking a suspected Chinese surveillance balloon that has been spotted flying over sensitive sites in recent days.

Defence officials said they were confident the "high-altitude surveillance balloon" belonged to China. It was most recently seen above the western state of Montana.

The military decided against shooting it down in case debris falls.

China warned against speculation and "hype" until the facts are verified.

The object flew over Alaska's Aleutian Islands and through Canada before appearing over the city of Billings in Montana on Wednesday, US officials said.

A senior defence official said the government prepared fighter jets, including F-22s, in case the White House ordered the object to be shot down.

Canada said on Friday that it was monitoring "a potential second incident" involving a surveillance balloon, but did not say which country could be behind it. It said in the statement that it is working closely with the US to "safeguard Canada's sensitive information from foreign intelligence threats".

Top military leaders, including Defence Secretary Lloyd Austin and General Mark Milley, chairman of the US Joint Chiefs of Staff, met on Wednesday to assess the threat. Mr Austin was travelling in the Philippines at the time.

Montana, a sparsely populated state, is home to one of only three nuclear missile silo fields in the country, at Malmstrom Air Force Base, and the official said the apparent spy craft was flying over sensitive sites to collect information.

But the military leaders advised against taking "kinetic action" against the balloon because of the danger that falling debris might pose to people on the ground.

BBC

Border trade camps earn more than US$2.9 billion of trade surplus till 20 January 2023

The gate of a border trade zone.

Nay Pyi Taw February 3

The Ministry of Commerce on 1 February stated Myanmar's border trade camps handled the export and import measures with more than US$2.9 billion of trade surplus up to 20 January 2023 of the 2022-23 fiscal year.

Myanmar conducts border trade with neighbouring China, Thailand, Bangladesh, India and Laos by opening the border trade camps.

From 1 April 2022 to 20 January 2023, Kenglek, Meisei and Reed border trade camps did not operate border trade measures but remaining camps handled US$6,424.067 million worth of border trade.

In so doing, these camps handled export process worth US$4,687.62 million and import process worth US$1,736.447 million with trade surplus worth US$2,951.173 million during the period.

These camps in Myanmar-Thai border pocketed trade surplus worth US$1,452.059 million, these camps in Myanmar-China border US$1,470.999 million, these camps between Myanmar-Bangladesh US$25.01 million and the camps between Myanmar and India US$2.105 million. 336

Public Notice for elimination of violence

1. So called "CRPH", "NUG" and "PDF" terrorist groups are unlawfully committing killings monks, teachers, civil servants and general people and lotting under the pretext of sayings "for the people".
2. Not rendering encourage support and assistance to the "CRPH", "NUG" and "PDF" terrorists that are committing intimidations, killings and destructive activities could be construed as protecting lives and property of general public.
3. Giving information secretly relating to bearing of their arms, ammunitions and terrorists to authorities could be tantamount to protecting lives and property of innocent people.

Sandbank dredging to be carried out for improving watercourse in Ayeyawady River (Shwetaung)

Bago February 3

A sandbank dredging project will be implemented for improving watercourse in the Ayeyawady River (Shwetaung) in Shwetaung Township, according to sources released by the Ministry of Transport and Communications on 2 February.

The Directorate of Water Resources and Improvement of River Systems under the ministry will be implementing the project with a supplementary budget for the 2022-2023 fiscal year in Shwetaung Township, Pyay District, Bago Region.

Open tenders will be invited to local Myanmar entrepreneurs for the sandbank dredging project. Tender proposal forms will sold at the Directorate of Water Resources and Improvement of River Systems (Headquarters) at No.400, Lower Pazundaung Road, Pazundaung Township, Yangon, as of 2 February.

Tender closing date will be 15 February and opening date will be announced. For detailed information, contact the Directorate of Water Resources and Improvement of River Systems (Ph: 01-290265 or email to dredging.tatana@gmail.com. 336

Photo shows a part of Ayeyawady River.

Transport permits for cargo trucks from border trade areas available online

Nay Pyi Taw February 3

The Trade Department announced on 1 February cargo trucks from border trade areas need to apply for transport permits online.

The department under the Ministry of Commerce is allowing cargo trucks to seek transport permits for their goods which have been approved with export licenses to be able to supervise export of various beans and pulses including corn, sesame and groundnut.

As such, transport permits can be applied for online so that businessmen can facilitate their work. Border trade export licenses need to be applied for under Myanmar Tradenet 2.0 system. After getting licenses, facts about cargo trucks must be filled up under https//vehicle.myanmartradenet.com(Vehicle Monitoring System).

After checks by responsible officials, transport permits with QR code will be available. Transport permits can be directly applied for the goods that do not need licenses.

Therefore, entrepreneurs are to apply for transport permits with QR code online. The new system will be adopted as a pilot project from 1 to 10 February along Muse, Myawady and Chinshwehaw trade routes.

During the project period, applying for a transport permit will be free of charge. The system will be fully adopted as of 10 February with a charge of K5,000 per truck. For further information dial 067-408671 or 067-408670 and email to dotictygn@commerce.gov.mm or dot.ict.tradenet@gmail.com. 336

Cargo trucks seen near a border trade camp.

Plans to give talks on copyright in 2023

Nay Pyi Taw February 3

The Ministry of Commerce on 2 February stated that plans are underway to hold the talks on copyright in 2023.

The provisions of the trademark law (2019) will be mentioned as a chapter for regional index protection, and the rules will be drawn for exercising the regional index provisions.

The role of regional index is crucial in development of the copy rights system in Myanmar, and it is reliable for promotion of the value of domestic products.

The Copy Rights Department under the Ministry of Commerce carried out seminar on regional index starting from 2015, sending staff to attend the training courses and cooperation with local and international organizations in implementing the regional index projects.

Currently the rules (draft) and by-laws are being drawn for implementation of the provisions of the regional index. Moreover, necessary measures to be registered as regional index and preparatory tasks are being discussed.

The department shares the knowledge about trademark registration with the people. Moreover, the department held the educative talks on copy rights for the people to understand the advantages of copy rights system for taking protection of copy rights for their products.

Businesspersons and members have the knowledge about copy rights from the talks. So, they have capacity to prevent violation of copy rights and take protect the copy rights. Hence, similar talks will be held in 2023. 336

နိုင်ငံတကာစစ်မှုရေးရာအမြှာမြှာ

NATO တင့်ကားများကိုဖျက်ဆီးနိုင်လျှင် ငွေသားဆုများချီးမြှင့်သွားမည့်အပေါ် ကရင်မလင်ထောက်ခံအားပေး

ရုရှား စီးပွားရေးလုပ်ငန်းများနှင့် တာဝန်ရှိသူများသည် ရုရှားတပ်ဖွဲ့ဝင်များကို ယူကရိန်းရှိ NATO ၏ တင့်ကားများ၊ စစ်လက်နက်ပစ္စည်းများ ဖျက်ဆီးနိုင်လျှင် ဆုကြေးငွေများချီးမြှင့်မည်ဖြစ်ပြီး ထိုသို့ချီးမြှင့်ခြင်းသည်လုပ်ငန်းတာဝန်ကို ထမ်းဆောင်လိုသောစိတ်ဓာတ်တက်ကြွမှု မလွဲမသွေဖြစ်ပေါ်စေမည်ဖြစ်ကြောင်း ကရင်မလင်နန်းတော်၏ ပြောရေးဆိုခွင့်ရှိသူ Dmitry Peskov က ဇေဖော်ဝါရီ ၁ ရက်တွင် ပြောကြားခဲ့သည်။

Leopard 2 နှင့် M1 Abrams ကဲ့သို့သော အနောက်တိုင်းထုတ်တင့်ကားကြီးများကို ယူကရိန်းနိုင်ငံတပ်ဖွဲ့များထံ ရောက်ရှိခြင်းမရှိသေးသော်လည်း ၎င်းအဆိုပြုချက်များသည် ယူကရိန်းတွင် ရုရှား၏ ဆက်လက်လုပ်ဆောင်နေသော စစ်ရေးဆိုင်ရာရည်မှန်းချက်များ ပြည့်မီစေရေး အထောက်အကူဖြစ်စေရန်အတွက် စည်းလုံးညီညွတ်မှုနှင့် ရုရှားနိုင်ငံသားအားလုံး၏ဆန္ဒကို ပြသခဲ့ကြောင်း ၎င်းက မှတ်ချက်ပြုခဲ့သည်။

ပြီးခဲ့သည့်သီတင်းပတ်တွင် ဂျာမနီနိုင်ငံက ယူကရိန်းကို Leopards ပင်မတိုက်ပွဲဝင်တင့်ကား ၁၄ စီး ပံ့ပိုးပေးပြီး အခြားဥရောပနိုင်ငံများကို ၎င်းတို့၏ကိုယ်ပိုင်လက်နက်တိုက်များမှ ယူကရိန်းသို့တင်ပို့ခွင့်ပြုမည်ဟုကြေညာခဲ့ရာ ယခုအချိန်ထိ Leopards တင့်ကားစုစုပေါင်း ၁၁၂ စီးထိ ရှိသွားပြီဖြစ်သည်။ တစ်ချိန်တည်းတွင် အမေရိကန်သည် Abrams တင့်ကား ၃၁ စီးကို ပေးပို့သွားရန် ကတိပြုထားသော်လည်း ၂၀၂၃ ခုနှစ် နှောင်းပိုင်းထိ ၎င်းတို့ကို လွှဲပြောင်းပေးအပ်နိုင်ရန်မသေချာပေ။

အနောက်နိုင်ငံများ၏ ဆုံးဖြတ်ချက်အပြီးတွင် ရုရှားနိုင်ငံအရှေ့ပိုင်း Zabaikalsky ဒေသအုပ်ချုပ်ရေးမှူး Alexander Osipov က ယူကရိန်းပဋိပက္ခတွင်ပါဝင်သည့် ဒေသခံတပ်ဖွဲ့ဝင်များသည် ဂျာမနီ သို့မဟုတ် အမေရိကန်တင့်ကားတစ်စီးကိုသိမ်းယူနိုင်ခြင်း သို့မဟုတ် ဖျက်ဆီးခြင်း ပြုလုပ်နိုင်ခဲ့ပါက ငွေကြေး၊ ဆုကြေးငွေ ရရှိနိုင်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ပုံမှန်အခြေအနေတွင် တိုက်ပွဲဝင်လုပ်ဆောင်နိုင်သေးသော Leopard 2 တင့်ကားကို အောင်မြင်စွာသိမ်းပိုက်နိုင်ခဲ့သူများသည် ရွှေဘယ် သုံးသန်း(အမေရိကန်ဒေါ်လာ ၄၂၉၀၉)ထိ ဆုကြေးငွေရရှိမည်ဖြစ်ပြီး တိုက်ခိုက်ဖျက်ဆီးနိုင်သည့်သူများသည် ရွှေဘယ် တစ်သန်း(အမေရိကန်ဒေါ်လာ ၁၄၃၀၃)ရရှိမည်ဖြစ်သည်။ ထို့ပြင် အဆိုပါ ဖမ်းဆီးခြင်း၊ သိမ်းပိုက်ရရှိခြင်းအတွက် ကူညီပေးသူများသည် အမေရိကန်ဒေါ်လာ ၇၁၅၀ ဆုကြေးငွေရရှိမည်ဖြစ်ပြီး ဂျာမနီ တင့်ကားများကိုဖျက်ဆီးရာတွင် ကူညီသူများအနေဖြင့်လည်း အမေရိကန်ဒေါ်လာ ၂၂၄၀ ရရှိမည်ဖြစ်သည်။ ဆုကြေးငွေရရှိနိုင်သော ပါဝင်ကူညီသူအဖွဲ့အနေဖြင့် လူ ၁၀ ဦးထိ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

အမေရိကန် M1 Abrams တင့်ကားများအတွက် သိမ်းပိုက်ဖမ်းဆီးရမိပါက ရွှေဘယ် ၁ ဒသမ ၅ သန်း (အမေရိကန်ဒေါ်လာ ၂၁၄၅၅) နှင့် တိုက်ခိုက်ဖျက်ဆီးနိုင်ပါက ရွှေဘယ် ၅၀၀၀၀ (အမေရိကန်ဒေါ်လာ ၇၁၅၀)ပေးမည်ဟု အုပ်ချုပ်ရေးမှူးက ကတိပြုထားသည်။

အလားတူ ဆုကြေးငွေမျိုးချီးမြှင့်ရန် ရုရှားနိုင်ငံ မာတုဗေဒကုမ္ပဏီ Fores က ကမ်းလှမ်းထားပြီး တင့်ကားများကိုဖျက်ဆီးခြင်း သို့မဟုတ် ဖမ်းဆီးသိမ်းပိုက်မိခြင်းအတွက် ရုရှားတပ်ဖွဲ့ဝင်များကို ရွှေဘယ် ငါးသန်း(အမေရိကန်ဒေါ်လာ ၇၀၇၀၀) ပေးဆောင်ကာ နောက်ဆက်တွဲအောင်မြင်မှုများအတွက် ရွှေဘယ် ၅၀၀၀၀ (အမေရိကန်ဒေါ်လာ ၇၀၇၀)ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် F-15 သို့မဟုတ် F-16 တိုက်လေယာဉ်များကို ယူကရိန်းထံ ရောက်ရှိခဲ့မည်ဆိုပါက ပထမဆုံးပစ်ချခံရသော F-15 သို့မဟုတ် F-16 တိုက်လေယာဉ်အတွက် ရွှေဘယ် ၁၅ သန်း(အမေရိကန်ဒေါ်လာ ၂၁၂၀၀)ဆုချီးမြှင့်မည်ဟု ဓာတုဗေဒကုမ္ပဏီ Fores က ပြောကြားခဲ့သည်။

ရုရှားနိုင်ငံသည် ယူကရိန်းသို့အနောက်နိုင်ငံများ၏ လက်နက်များပံ့ပိုးမှုကိုဆန့်ကျင်ရန်အကြိမ်ကြိမ်တိုက်တွန်းခဲ့ပြီး ၎င်းတို့သည် ပိုမိုသွေးထွက်သံယိုဖြစ်စေကာ ရုရှား၏ စစ်ရေး၊ စစ်ဆင်ရေး၏ရလဒ်ကို ပြောင်းလဲမည်မဟုတ်ဟု အခိုင်အမာပြောကြားခဲ့သည်။ ရုရှားနိုင်ငံ ကရင်မလင်နန်းတော်က ပဋိပက္ခတွင် NATO ၏ တိုက်ရိုက်ပါဝင်ပတ်သက်မှု၏သက်သေအဖြစ် ယူကရိန်းနိုင်ငံသို့ ပင်မတိုက်ပွဲဝင်တင့်ကားများပေးပို့ရန်ဆုံးဖြတ်ချက်အား မှတ်သားထားပြီး တင့်ကားများကို အနောက်နိုင်ငံထုတ်လက်နက်များကဲ့သို့ပင် တိုက်ခိုက်ဖျက်ဆီးပစ်သွားမည်ဖြစ်ကြောင်း သတိပေးထားသည်။

Kremlin supports cash rewards for burning NATO tanks ကို ဘာသာပြန်ဆိုထားပါသည်။

ထိုင်းတော်ဝင်ရေတပ်က FK-3 တာလတ်ပစ်မြေပြင်မှဝေဟင်ပစ်နှင့် Igla-S တာတိုပစ်စနစ်များ ထုတ်ဖော်ပြသ

ထိုင်းတော်ဝင်ရေတပ် (RTN)၊ လေကြောင်းနှင့် ကမ်းရိုးတန်းကာကွယ်ရေးကွပ်ကဲမှုဌာနချုပ်(ACDC)က တရုတ်နိုင်ငံထုတ် FK-3 တာလတ်ပစ်မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်စနစ်များနှင့် ရုရှားနိုင်ငံထုတ် တာတိုပစ်ပခုံးထမ်းဒုံးကျည်စနစ်ဖြစ်သည့် Igla-S(MANPADS)များကို ထုတ်ဖော်ပြသခဲ့ကြောင်း ဇေဖော်ဝါရီ ၂ ရက်က Defense Studies သတင်းဌာနမှ သိရသည်။

ထိုင်းရေတပ်ဦးစီးချုပ်နှင့် အဖွဲ့သည် ဇန်နဝါရီ ၂၃ ရက်တွင် Sattahip ခရိုင် Chonburi ပြည်နယ်ရှိ လေကြောင်းနှင့် ကမ်းရိုးတန်းကာကွယ်ရေးကွပ်ကဲမှုဌာနချုပ်(ACDC)သို့သွားရောက်ခဲ့ပြီး ဇန်နဝါရီ ၂၅ ရက်တွင် Sattahip ခရိုင် Chounon ခရိုင်ရှိ Hat Yao Thung Prong စက်ပစ်ကွင်းတွင် ကျည်စစ်၊ ကျည်မှန်ဖြင့် နည်းဗျူဟာမြောက် လက်နက်ငယ်ပစ်ခတ်လေ့ကျင့်မှုများအပါအဝင် လေကြောင်းရန်ကာကွယ်ရေးစနစ်အသစ်အများအပြားကို သရုပ်ပြသခဲ့ကြောင်း သိရသည်။

အဆိုပါလေကြောင်းရန်ကာကွယ်ရေးစနစ်သစ်များတွင် တရုတ်နိုင်ငံထုတ် FK-3 ယာဉ်တင်တာလတ်ပစ်မြေပြင်မှဝေဟင်ပစ်ဒုံးကျည်စနစ်နှင့် ရုရှားနိုင်ငံထုတ် Dzhigit ပုံစံ ဒုံးပစ်လောင်ချာမှ တပ်ဆင်ပစ်ခတ်နိုင်သည့် Igla-S ရွှေ့လျားတာတိုပစ်လေကြောင်းရန်ကာကွယ်ရေးစနစ်တို့ပါဝင်လာသည်။ Thairung TR Transformer 4×4 ဘီးတပ်ယာဉ်များကို အမှတ်(၁၁) လေကြောင်းရန်ကာကွယ်ရေး တပ်ရင်း၊ အမှတ်(၁၂) လေကြောင်းရန်ကာကွယ်ရေးတပ်ရင်း၊ အမှတ်(၂၁) လေကြောင်းရန်ကာကွယ်ရေးတပ်ရင်းနှင့် အမှတ်(၁) လေကြောင်းရန်ကာကွယ်ရေး တပ်ရင်းကြီးစသည်တို့တွင် တပ်ရင်း၊ တပ်ဖွဲ့များ၏ လေ့ကျင့်မှုများ၌ အသုံးပြုလျက်ရှိသည်။



လေကြောင်းရန်ကာကွယ်ရေးစနစ် FK-3 Self-Propelled မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်များသည် တပ်ရင်း၊ တပ်ဖွဲ့များအတွက် ထိုင်းဘတ်ငွေ ၁၉၇၀၀၀၀၀၀ (အမေရိကန်ဒေါ်လာ ၆၃၉၈၂၈၅၀)တန်ဖိုးရှိသည့် ရွှေ့လျားတာလတ်ပစ်လေကြောင်းရန်ကာကွယ်ရေးစနစ် ဝယ်ယူဖြည့်တင်းရေး အဆင့်(၁)အောက်မှ ဝယ်ယူထားခြင်းဖြစ်ကြောင်း၊ ထိုင်းတော်ဝင်ရေတပ် လေကြောင်းရန်ကာကွယ်ရေး ဌာနတွင် အနည်းဆုံးစနစ် တစ်စုံကို တပ်ဖြန့်အသုံးပြုမည်ဖြစ်သည်။

FK-3 စံပြုလေကြောင်းရန်ကာကွယ်ရေးစနစ်တစ်ခုတွင် ကွပ်ကဲမှုယာဉ် တစ်စီး၊ ရေဒါယာဉ်တစ်စီးနှင့် Transporter Erector Launcher(TEL)ဒုံးပစ်လောင်ချာယာဉ် သုံးစီးတို့ပါဝင်ပြီး ယာဉ်တစ်စီးစီတွင် ဒေါင်လိုင်ပစ်လွှတ်နိုင်သော ပဲ့ထိန်းဒုံးကျည် လေးစင်း တပ်ဆင်ထားသည့်အတွက် FK-3 စနစ်တွင် စုစုပေါင်းပဲ့ထိန်းဒုံးကျည် ၁၂ စင်းထိ တိုက်ပွဲဝင်နိုင်မည်ဖြစ်သည်။

ထို့ပြင် ထိုင်းတော်ဝင်လေတပ်ကွပ်ကဲမှုဌာနချုပ်နှင့် ကမ်းရိုးတန်းကာကွယ်ရေးကွပ်ကဲမှုဌာနချုပ်တို့အတွက် ထိုင်းဘတ်ငွေ ၂၄၅၅၈၉၀၀၀၀ (အမေရိကန်ဒေါ်လာ ၇၆၈၂၉၈၂ ဒသမ ၀၆) တန်ဖိုးရှိသော ရွှေ့လျားတာတိုပစ် လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်ငါးစုံ ဝယ်ယူမည့်စီမံကိန်းကို ထိုင်းနိုင်ငံရှိ Datagate ကုမ္ပဏီက စာချုပ်ရရှိခဲ့သည်။ အဆိုပါတာတိုပစ်လေကြောင်းရန်ကာကွယ်ရေးစနစ်သည် Dzhigit ဒုံးပစ်လောင်ချာဖြင့် ပေါင်းစပ်အသုံးပြုနိုင်သည်။

ပခုံးထမ်းပစ်လွှတ်တိုက်ပွဲဝင်နိုင်သော စနစ်မျိုးဖြင့် Thairung Transformer 4×4 လေးဘီးတပ်ယာဉ်များ၏အနောက်ဘက်တွင် ရုရှားထုတ် Igla-S ပခုံးထမ်းဒုံးကျည်နှစ်လက်ကို တပ်ဆင်ထားသည်။ ထို့ပြင် အဆိုပါယာဉ်ကို ရေထဲ၌မောင်းနှင်နိုင်ရန်အတွက် ထိုင်းနိုင်ငံထုတ် Snorkel ရေထုတ်ပြွန်တစ်ခုကို တပ်ဆင်အသုံးပြုထားပြီး သံချပ်ကာအကာအကွယ်ပါရှိသည်။

The Royal Thai Navy's ACDC Exhibited the FK-3 and Igla-S Mobile Air Defense Systems ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

ဓနုဖြူမြို့နယ်တွင် လျှပ်စစ်မြစ်ရေတင်စနစ်ဖြင့် ဆီထွက်သီးနှံနေကြာ ဧက ၆၅၀ စိုက်ပျိုးပြီးစီး

ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

ဓနုဖြူ ဖေဖော်ဝါရီ ၃

ရောဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ လျှပ်စစ်မြစ်ရေတင်စနစ်ဖြင့် ဆီထွက်သီးနှံနေကြာဧက ၆၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဓနုဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးချစ်ဝင်းနိုင်က ပြောပြ၍ သိရသည်။

ဓနုဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ တမြာလျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ ပေးဝေသည့်ရေကိုအသုံးပြုပြီး ဆည်ရေသောက်စနစ်ဖြင့် ဆီထွက်သီးနှံနေကြာဧက ၆၅၀ ကို ၂၀၂၂ ခုနှစ် အောက်တိုဘာလဝထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆည်ရေသောက်စနစ်နဲ့ဆီထွက်သီးနှံနေကြာဧက ၆၅၀ လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဆီထွက်သီးနှံတွေကို ဆည်ရေသောက်စနစ်နဲ့ အခက်အခဲမရှိ စိုက်နိုင်ဖို့အတွက် ဆည်မြောင်းနဲ့ ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဆည်မြောင်းတွေ ပြုပြင်တာ၊ ပြန်လည်တူးဖော်တာတွေကို လုပ်ပေးထားပါတယ်။ ဒါ့ပြင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနကလဲ နေကြာစိုက်ပျိုးရေး တောင်သူအသိပညာပေးလုပ်ငန်းတွေကိုလဲ ပို့ချဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ဓနုဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးချစ်ဝင်းနိုင်က ပြောပြသည်။

ဓနုဖြူမြို့နယ်တွင် ဆီထွက်သီးနှံနေကြာဧက ၆၅၀ ကို တမြာလျှပ်စစ်မြစ်ရေတင်စနစ်ဖြင့် စိုက်ပျိုးနိုင်ရန် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများက ပူပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါ ဆီထွက်သီးနှံနေကြာများ အပင်သန်မာရေး၊ အထွက်နှုန်းကောင်းစေရေး၊ စိုက်ပြီးနေကြာပင်များ ပင်သေ၊ ပင်ပျောက်မရှိစေရေးနှင့် ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့်နည်းပညာပေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဓနုဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးချစ်ဝင်းနိုင်က ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

ကွန်ဟိန်းမြို့နယ် နမ့်ခမ်း-ပန်မှုံ-ဝမ်ဟိန်း-နားခေါက် ကျေးရွာချင်းဆက်လမ်းတွင် ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

ကွန်ဟိန်း ဖေဖော်ဝါရီ ၃

ရှမ်းပြည်နယ် (တောင်ပိုင်း) ကွန်ဟိန်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက နမ့်ခမ်း-ပန်မှုံ-ဝမ်ဟိန်း-နားခေါက် ကျေးရွာချင်းဆက်လမ်းတွင် ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကွန်ဟိန်းမြို့နယ် တည်ဆောက်ရေးလုပ်ငန်းများ စစ်ဆေးရေးကော်မတီ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းနိုင်နှင့် တာဝန်ရှိသူများက နမ့်ခမ်း-ပန်မှုံ-ဝမ်ဟိန်း-နားခေါက် ကျေးရွာချင်းဆက် လမ်းတွင် ကတ္တရာခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကွန်ဟိန်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အငယ်တန်းအင်ဂျင်နီယာ(၁)မြို့ပြ ဦးကျော်မိုးဦးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လိုက်လံရှင်းလင်းပြသကြောင်း သိရသည်။

ကွန်ဟိန်းမြို့နယ် နမ့်ခမ်း-ပန်မှုံ-ဝမ်ဟိန်း-နားခေါက်ကျေးရွာချင်းဆက်လမ်းတွင် အရှည် ၅ ဒသမ ၁ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကတ္တရာခင်းခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၀၃ ဒသမ ၈၉၀ သန်းဖြင့် စွမ်တိုင်ကုမ္ပဏီက ၂၀၂၂ ခုနှစ် သြဂုတ်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ကျေးလက်ဒေသထွက် ကုန်ပစ္စည်းများကို ကုန်ကျစရိတ် သက်သာစွာဖြင့် မြို့ပေါ်စျေးကွက်သို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်ရာ ကျေးရွာခြောက်ရွာမှ အိမ်ခြေ ၃၆၀၊ လူဦးရေ ၁၅၈၀ တို့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး အကျိုးပြုစေမည်ဖြစ်ကြောင်း သိရသည်။

ကျော်ဓောဦး(မောရှမ်းမြေ)

နမ့်ခမ်းမြို့နယ် ဟိုဆိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

နမ့်ခမ်း ဖေဖော်ဝါရီ ၃

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မန့်ဟောင်းကျေးရွာအုပ်စု ဟိုဆိုင်းကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မူဆယ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန့်စင်စိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ရန်ပုံငွေတိုးပွားရေး၊ ဆုံးရှုံးမှုမဖြစ်ပေါ်စေရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် နမ့်ခမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးဝေလှိုင်ချင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံ ဒေါ်ပပဝင်းနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့် အတူ ဟိုဆိုင်းကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း သတ္တမအကြိမ် အဖြစ် စိုက်ပျိုးရေး၊ မွေးမြူ ရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူစုစုပေါင်း အသင်းသား၊ အသင်းသူ ၆၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၃၈ သိန်းကို စီမံကိန်းလက်စွဲစာစောင်ပါ သတ်မှတ်စည်းကမ်းချက်များနှင့် အညီ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မူဆယ်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန့်စင်စိုး၊ နမ့်ခမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝေလှိုင်ချင်းနှင့် တာဝန်ရှိသူများ၊ ကျေးရွာရှိ မြစိမ်းရောင် ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့် အသင်းသား၊ အသင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြတ်ဆု

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။

မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၃-၂-၂၀၂၃

ရွှေ

၁၆ပဲရည် (တစ်ကျပ်သား)	ကျပ်	၂၆၁၈၀၀၀
၁၅ပဲရည် (တစ်ကျပ်သား)	ကျပ်	၂၃၉၀၀၀၀

(ခွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)

ဆန်

ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်)	ကျပ်	၈၂၀၀၀/၈၅၀၀၀
ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်)	ကျပ်	၇၂၀၀၀/၇၅၀၀၀
ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်)	ကျပ်	၇၀၀၀၀/၇၃၀၀၀
မဂျမ်းတော(အသစ်) (တစ်အိတ်)	ကျပ်	၅၃၀၀၀/၅၆၀၀၀
မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်)	ကျပ်	၄၂၀၀၀/၄၅၀၀၀
နွေဇီယာ(အသစ်) (တစ်အိတ်)	ကျပ်	၄၁၀၀၀/၄၅၀၀၀
မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်)	ကျပ်	၃၅၀၀၀/၃၉၀၀၀

စားဆီ

ပဲဆီ (တစ်ပိဿာ)	ကျပ်	၁၁၀၀၀/၁၂၅၀၀
နှမ်းဆီ (တစ်ပိဿာ)	ကျပ်	၁၀၀၀၀/၁၁၀၀၀
နေကြာဆီ (တစ်ပိဿာ)	ကျပ်	၁၂၀၀၀/၁၃၀၀၀
စားအုန်းဆီ (တစ်ပိဿာ)	ကျပ်	၅၆၀၀/၆၀၀၀

စက်သုံးဆီ

ဒီဇယ်(ရိုးရိုး) (တစ်လီတာ)	ကျပ်	၂၃၄၀
ဒီဇယ်(ပရီမီယံ) (တစ်လီတာ)	ကျပ်	၂၄၂၀
ဓာတ်ဆီ(တစ်လီတာ)	ကျပ်	၂၀၅၀
အောက်တိန်း(၉၂) (တစ်လီတာ)	ကျပ်	၂၁၉၀
အောက်တိန်း(၉၅) (တစ်လီတာ)	ကျပ်	၂၂၆၀

(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)

အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

ဘိလပ်မြေ

အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်)	ကျပ်	၉၅၂၀
AAA အမှတ်တံဆိပ် (တစ်အိတ်)	ကျပ်	၉၅၀၀
Apache အမှတ်တံဆိပ် (တစ်အိတ်)	ကျပ်	၉၉၀၀
Crown အမှတ်တံဆိပ် (တစ်အိတ်)	ကျပ်	၉၂၀၀
ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်)	ကျပ်	၉၉၀၀

သံချောင်း

တစ်မတ်လုံး (တစ်တန်)	ကျပ်	၁၇၀၀၀၀၀
ငါးမူးလုံး (တစ်တန်)	ကျပ်	၁၄၀၀၀၀၀
သုံးမူးလုံး(တစ်တန်)	ကျပ်	၁၃၁၀၀၀၀
ခြောက်မူးလုံး (တစ်တန်)	ကျပ်	၁၂၉၀၆၀၀
ကျပ်လုံး (တစ်တန်)	ကျပ်	၉၉၈၀၀၀

အိမ်မိုးသွပ်

(၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ)	ကျပ်	၁၁၀၀
(၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ)	ကျပ်	၁၂၅၀
(၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ)	ကျပ်	၁၄၀၀

(၁၈၅)

လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲ၊ မှန်ကန်သည့်ရွေးကောက်ပွဲများကျင်းပပေးနိုင်မှသာ ကော်မရှင်၏ဂုဏ်သိက္ခာ၊ နိုင်ငံ၏ဂုဏ်သိက္ခာကို ဖော်ဆောင်ပေးနိုင်မည်

နေပြည်တော် ဖေဖော်ဝါရီ ၃

တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် မဲဆန္ဒရှင်စာရင်းများစီမံခန့်ခွဲမှုစနစ် (Soft-ware) အသုံးပြုနည်းသင်တန်းဆင်းပွဲကို ယနေ့ ညနေ ၃ နာရီခွဲတွင် အမှတ်(၃) စစ်ကြောရေးနှင့် တည်းခိုရေးတပ်(ရွှာတော်) ဆင်ဖြူရှင်ခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက တိုင်းဒေသကြီး၊ ပြည်နယ်နှင့်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ သင်တန်းသားအရာရှိများအနေဖြင့် သင်တန်းတွင်ပို့ချပေးခဲ့သော မဲဆန္ဒရှင်စာရင်းများ စီမံခန့်ခွဲမှုစနစ်နှင့်စပ်လျဉ်းပြီး စနစ်တကျအသုံးပြုဆောင်ရွက်နိုင်မည်ဟုယုံကြည်ကြောင်း၊ မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရေးသည် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အရေးကြီးပြီး အဓိကကျသည့်လုပ်ငန်းပင်ဖြစ်ကြောင်း၊ကော်မရှင်အနေဖြင့် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ၂၀၂၀ ခုနှစ် ဩဂုတ်လမှ စတင်ဆောင်ရွက်ခဲ့ကြောင်း၊မြေပြင်လူဦးရေစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းများကိုလည်း ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှ ဩဂုတ်လထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ဆောင်ရွက်ခဲ့ကြောင်း၊ ဆောင်ရွက်ပြီး ရရှိလာသည့်စာရင်းများကို ကနဦးမဲဆန္ဒရှင်စာရင်းများစိစစ်ခြင်းစနစ်(IVLS)နှင့်ထပ်မံစိစစ်ဆောင်ရွက်ခဲ့ပြီး စိစစ်တွေ့ရှိချက်များကို လစဉ်လူဦးရေ အတိုး၊ အလျော့စာရင်းပြုစုခြင်း၊ အချက်အလက်များ ပြင်ဆင်၊ ဖြည့်စွက်ခြင်း၊ Cross-Check စိစစ်ခြင်းများကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ခြင်းဖြင့် မဲဆန္ဒရှင်စာရင်းမှန်ကန်ရေး စနစ်တကျဆောင်ရွက်ခဲ့ကြောင်း။

မဲဆန္ဒရှင်စာရင်းများ စီမံခန့်ခွဲမှုစနစ် အသုံးပြုခြင်းဖြင့် မဲဆန္ဒရှင်စာရင်းများပြုစုရာ၌ အဆင်ပြေလွယ်ကူစွာဖြင့် တိတိကျကျ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်များအနေဖြင့်တိုင်းဒေသကြီး၊ ပြည်နယ်အတွင်းရှိ မြို့နယ်များအလိုက် မဲဆန္ဒရှင်စာရင်းများပြုစုခြင်း၊ စစ်ဆေးခြင်းများကို စနစ်တကျကြီးကြပ်ဆောင်ရွက်ပြီး ပြည့်စုံမှန်ကန်သည့် မဲဆန္ဒရှင်စာရင်းများဖြစ်စေရေး အလေးအနက်ထားဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ ထို့ပြင် ကော်မရှင်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်အနက် လုပ်ငန်းစဉ်(၅)နှင့်အညီ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပပေးနိုင်ရေး အဆင်သင့်ဖြစ်နေစေရန် ပြင်ဆင်ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း။

လာမည့်ရွေးကောက်ပွဲများ ကျင်းပရာတွင် PRစနစ်ကျင့်သုံးဆောင်ရွက်မည်ဖြစ်သည့်အတွက် ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး ပြောင်းလဲကျင့်သုံးမည့်စနစ်နှင့်အညီ စနစ်တကျမှန်မှန်ကန်ကန် ဆောင်ရွက်နိုင်ရေး လေ့လာပြင်ဆင်ထားကြရန် မှာကြားလိုကြောင်း၊ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းထုတ်ပြန်နိုင်ရေး ဆောင်ရွက်နေသကဲ့သို့ ဝန်ထမ်းအင်အားဖြည့်တင်းခြင်း၊ ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားစေရန် သင်တန်းများ ပို့ချခြင်း၊ မဲရုံများတွက်ချက်ပြင်ဆင်ခြင်း၊ မဲရုံသုံးပစ္စည်းများ တွက်ချက်ဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲမတိုင်မီအကြိုကာလ၌ ရွေးကောက်ပွဲနှင့်ပတ်သက်သည့် လုပ်ငန်းစဉ်များကို ကြိုတင်မြော်တွေး၍ ပြင်ဆင်ဆောင်ရွက်ထားမှသာ ရွေးကောက်ပွဲကာလတွင် ရွေးကောက်ပွဲလုပ်ငန်းများကို အဆင်ပြေပြေချောချောမွေ့မွေ့ဖြင့်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

သို့ဖြစ်၍ ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများကို နှံ့နှံ့စပ်စပ်လေ့လာကြရန်၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်တိုင်း၌ အမှားအယွင်း မရှိစေရေး ဂရုတစိုက်အလေးအနက်ထားဆောင်ရွက်ကြရန်၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်တိုင်းသည် အချိန်ကာလသတ်မှတ်ချက်နှင့် ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် လုပ်ငန်းစဉ်တိုင်း အဆင်ပြေချောမွေ့စေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်ရှိသည့်များကို အချိန်မီပြီးစီးအောင် ဆောင်ရွက်ထားကြရန်နှင့် လိုအပ်ချက်များရှိပါကလည်း အထက်အောက် အချိန်နှင့်တစ်ပြေးညီ တင်ပြညှိနှိုင်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲ၊ မှန်ကန်သည့်ရွေးကောက်ပွဲများ ကျင်းပပေးနိုင်မှသာ ကော်မရှင်၏ဂုဏ်သိက္ခာ၊ နိုင်ငံ၏ဂုဏ်သိက္ခာကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲကိုသင်ခန်းစာယူပြီး မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒကို မှန်မှန်ကန်ကန် တရားမျှတစွာဖော်ဆောင်ပေးနိုင်သည့်၊ နိုင်ငံအတွက်ဂုဏ်သိက္ခာရှိသည့် ရွေးကောက်ပွဲများဖြစ်စေရေး အလေးထား ကြိုးစားဆောင်ရွက်ကြရန် ပြောကြားသည်။

သင်တန်းဆင်းပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်းလှူဒါန်းပူဇော်မည်ဖြစ်ပါသဖြင့် သွင်းလှူပူဇော်နိုင်ရေး အသိပေးနှိုးဆော်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ခုနစ်ရက်သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပ ဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများ၊ ဌာပနာပုံကျမ်း၊ ဝိသုဒ္ဓာကျမ်း၊ မဟာဗုဒ္ဓဝင်ကျမ်း အစရှိသော စာပေကျမ်းဂန်များနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနတွင် ဌာပနာတော်သွင်းလှူပူဇော်ခြင်းကို ဇန်နဝါရီ ၂၇ ရက်တွင် ပြုလုပ်ခဲ့သည်။

ထို့ပြင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ထပ်မံထည့်သွင်းလှူဒါန်းပူဇော်မည်ဖြစ်ပါသဖြင့် ကုသိုလ်တော်ရေစည်တည်တံ့ခိုင်မြဲနိုင်မည့် အဖိုးတန်ကျောက်မျက်ရတနာများ ဌာပနာကုသိုလ်ပြုနိုင်ရန်အတွက် လှူဒါန်းပူဇော်လိုသည့် ခုနစ်ရက်သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များအနေဖြင့် အချိန်မီသွင်းလှူပူဇော်နိုင်ရေး အောက်ပါဖုန်းနံပါတ်များသို့ ဖေဖော်ဝါရီ ၈ ရက်ထိ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

(က)	ဒုတိယဗိုလ်မှူးကြီးအောင်ထက်ဟိန်း	၀၉-၂၀၁၄၄၇၀	
(ခ)	ဒုတိယဗိုလ်မှူးကြီးအောင်ကို	၀၉-၂၅၉၀၉၉၈၉၉	
(ဂ)	ဗိုလ်မှူးချုပ်ကျော်စိုးဦး	၀၉-၃၉၁၀၀၅၄၇	နေပြည်တော်
(ဃ)	ဗိုလ်မှူးချုပ်မြတ်သူစိုး	၀၉-၃၉၁၀၀၉၃၂	မြစ်ကြီးနား
(င)	ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း	၀၉-၃၉၁၀၃၉၇၅	လားရှိုး
(စ)	ဗိုလ်မှူးချုပ်ဝင်းဇော်မိုး	၀၉-၃၉၁၀၃၂၆၆	တောင်ကြီး
(ဆ)	ဗိုလ်မှူးချုပ်သန်းထွန်းအောင်	၀၉-၃၉၁၀၃၄၈၂	ဒိုလမ်
(ဇ)	ဗိုလ်မှူးချုပ်ကျော်ထက်	၀၉-၃၉၁၀၄၀၉၅	ကျိုင်းတုံ
(ဈ)	ဗိုလ်မှူးချုပ်ကျော်သူရအေး	၀၉-၃၉၁၀၁၅၄၁	မော်လမြိုင်
(ည)	ဗိုလ်မှူးချုပ်သစ်လွင်ထူး	၀၉-၃၉၁၀၀၇၈၇	မြိတ်
(ဋ)	ဗိုလ်မှူးချုပ်ဝင်းမြင့်ခိုင်	၀၉-၃၉၁၀၃၂၈၃	ရန်ကုန်
(ဌ)	ဦးမင်းမင်းထွန်း	၀၉-၄၂၂၅၁၁၈၈၈	ရန်ကုန်
(ဍ)	ဦးသက်နိုင်	၀၉-၆၉၃၀၁၉၄၉၅	ရန်ကုန်
(ဎ)	ဗိုလ်မှူးချုပ်အောင်ခင်ဇော်	၀၉-၃၉၁၀၀၃၄၈	ပုသိမ်
(ဏ)	ဗိုလ်မှူးချုပ်ကျော်ကျော်သန်း	၀၉-၃၉၁၀၃၂၂၄	အမ်း
(တ)	ဗိုလ်မှူးချုပ်မျိုးထွဋ်လှိုင်	၀၉-၃၉၁၀၀၃၄၅	မုံရွာ
(ထ)	ဗိုလ်မှူးကြီးအောင်လွင်	၀၉-၃၉၁၀၁၇၄၈	မန္တလေး
(ဒ)	ဦးတင်မောင်စိုး	၀၉-၂၅၀၈၆၂၁၅၈	မန္တလေး
(ဓ)	ဦးစိုးဟိန်းနောင်	၀၉-၆၉၅၀၀၈၆၈၀	မန္တလေး
(န)	ဗိုလ်မှူးချုပ်အောင်ခိုင်ချို	၀၉-၃၉၁၀၀၆၁၂	တောင်ငူ

ထိုင်းနိုင်ငံတွင်ရောက်ရှိနေပြီး အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသို့ပြန်လာရန် အခက်အခဲကြုံတွေ့ခဲ့ရသော နေရပ်ပြန် မြန်မာနိုင်ငံသားများကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်ကြီးများဖြင့် ပြန်လည်ခေါ်ဆောင်စဉ်။

ထိုင်းနိုင်ငံတွင်ရောက်ရှိနေပြီး အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသို့ပြန်လာရန် အခက်အခဲကြုံတွေ့ခဲ့ရသော နေရပ်ပြန် မြန်မာနိုင်ငံသားများကို တာဝန်ရှိသူများက စနစ်တကျနေရာချထားပေးပြီး အာဟာရပြည့်စားသောက်ဖွယ်ရာများ ကျွေးမွေးစဉ်။

⇦ ရှေ့မှအဆက်

အမြန်ပို့ဆောင်ပေးရန်နှင့် အလှမ်းဝေးသည့် နေရပ်များသို့ တပ်မတော်(ရေ)မှ စစ်ရေယာဉ်ကြီးများဖြင့်ပို့ဆောင်ပေးရန် လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂ ရက် ညနေပိုင်းတွင် ကော့သောင်းမြို့သို့ ရောက်ရှိနေသော နေရပ်ပြန်မြန်မာနိုင်ငံသား ၆၇၉ ဦးအနက် တနင်္သာရီတိုင်းဒေသကြီးအတွင်းနေထိုင်သူ နေရပ်ပြန်များကို ကော့သောင်းမြို့မှတစ်ဆင့် မော်တော်ယာဉ်များဖြင့် သက်ဆိုင်ရာမြို့နယ်များသို့ဆက်လက်ပို့ဆောင်ပေးသည်။ ယနေ့နံနက်ပိုင်းတွင်လည်း ကော့သောင်းမြို့၌ ရောက်ရှိနေသော ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ နေရပ်ပြန်မြန်မာနိုင်ငံသား ဦးရေ ၁၇၀ ကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်(ကျန်စစ်သား)ဖြင့်တင်ဆောင်၍ ၎င်းတို့အနက် မွန်ပြည်နယ်မှ ၅၂ ဦးအား မော်လမြိုင်မြို့သို့ ပြောင်းရွှေ့ပို့ဆောင်ပေးမည်ဖြစ်ပြီး ကျန်ရှိသည့်နေရပ်ပြန်များကို ရန်ကုန်မြို့သို့ ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံတွင်ရောက်ရှိနေပြီး အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသို့ပြန်လာရန် အခက်အခဲကြုံတွေ့ခဲ့ရသော နေရပ်ပြန် မြန်မာနိုင်ငံသားများကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်ကြီးများဖြင့် ပြန်လည်ခေါ်ဆောင်စဉ်။

ထိုင်းနိုင်ငံတွင်ရောက်ရှိနေပြီး အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသို့ပြန်လာရန် အခက်အခဲကြုံတွေ့ခဲ့ရသော နေရပ်ပြန် မြန်မာနိုင်ငံသားများကို တာဝန်ရှိသူများက စနစ်တကျနေရာချထားပေးစဉ်။

ထို့ပြင် ဝေးလံသော ရခိုင်ပြည်နယ်မှ နေရပ်ပြန် ၁၁၁ ဦးကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်(အနော်ရထာ)ဖြင့် စစ်တွေမြို့နှင့်ကျောက်ဖြူမြို့တို့မှတစ်ဆင့် သက်ဆိုင်ရာမြို့များအသီးသီးသို့ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် မိသားစုများနှင့် အမြန်ပြန်လည်တွေ့ဆုံနိုင်စေရန် ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

စစ်ရေယာဉ်များပေါ်တွင် လိုက်ပါလာသော နေရပ်ပြန်မြန်မာနိုင်ငံသားများကို စနစ်တကျနေရာချထားပေးပြီး အာဟာရပြည့်စားသောက်ဖွယ်ရာများ ကျွေးမွေး၍ ကိုယ်လက်လေ့ကျင့်ခန်းများ ဆောင်ရွက်စေခြင်း၊ ရေယာဉ်ပေါ်တွင် ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုများ အနီးကပ်ဆောင်ရွက်ပေးခြင်း၊ ဖျော်ဖြေရေးအစီအစဉ်များနှင့် ရုပ်ရှင်များပြသပေးခြင်းတို့ကို ဆောင်ရွက်ပေးသည်။

အဆိုပါ ထိုင်းနိုင်ငံရောက် နေရပ်ပြန်မြန်မာနိုင်ငံသားများ၏ အမိမြေသို့ ဝမ်းဝမ်းတသာအောင်မြင်စွာ ရောက်ရှိခဲ့မှုအပေါ် ယခုကဲ့သို့ကြားသိရပါတယ်-

နေရပ်ပြန် ပြည်သူတစ်ဦး

Facebook ပေါ်ကအဆက်အသွယ်နဲ့ ထိုင်းနိုင်ငံမှာ အလုပ်သွားလုပ်မယ်၊ ဝင်ငွေကောင်းကောင်းရမယ်ဆိုလို့ ကျွန်မအလုပ်သွားလုပ်ခဲ့ပါတယ်။ကျွန်မတို့ အစားအသောက်ကလဲ အရမ်းကိုဒုက္ခရောက်ပါတယ်။ ရေချိုးရတာလဲအဆင်မပြေပါဘူး။ ယောကျ်ားလေးတွေဆိုရင် ပိုဆိုးပါတယ်။ ခြေထောက်တွေမှာဝဲတွေပေါက်တယ်။ ဗိုက်တွေမှာဝဲတွေပေါက်တယ်။ ဒီလိုအချိန်မှာ အရမ်းကိုအိမ်ပြန်ချင်တာပေါ့နော်။ မြန်မာဆိုပြီးတော့လဲ အရမ်းကိုလဲနှိမ်ခဲ့ပါတယ်။ ကျွန်မတို့ရဲ့ ပြန်ချင်တဲ့ဒုက္ခတွေ၊ သောကတွေကို မျှဝေခံစားပေးတဲ့ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ရဲ့ကျေးဇူးကြောင့်လဲ ကျွန်မတို့ အခုလို ပြန်ရောက်လာခဲ့တာပေါ့နော်။ဗိုလ်ချုပ်မှူးကြီးကိုအရမ်းလဲကျေးဇူးတင်ပါတယ်။ ဒီနေရာကနေ လက်ဆယ်ဖြာထိပ်မှာမိုး ရှိခိုးကန်တော့ပါတယ်။ ကိုယ့်ရပ်ကိုယ့်ရွာကို ပြန်ရောက်ရင်လဲ ရှိတဲ့အလုပ်လေးလုပ်ပြီးတော့ အဆင်ပြေအောင်နေသွားပါမယ်။ နောက်တစ်ခါလဲ နိုင်ငံခြားကိုပြန်မသွားတော့ပါဘူး။ ပြန်သွားဖို့အစီအစဉ်လဲ မရှိတော့ပါဘူး။ ကျွန်မတို့အနေနဲ့ ကိုယ်တတ်တဲ့ပညာနဲ့ နိုင်ငံတော်ကို အကျိုးပြုသွားမယ်လို့လဲ ကတိပြုပါတယ်။ ကျွန်မတို့ရဲ့သောကတွေ၊ ဒုက္ခတွေကို ဝေမျှခံစားပေးတဲ့ နိုင်ငံတော် အကြီးအကဲတွေကိုလဲ ကျေးဇူးတင်ပါတယ်။

နေရပ်ပြန် ပြည်သူတစ်ဦး

ဟိုမှာနေရတာတော့ သိပ်အဆင်မပြေဘူး။ အိပ်ရတာအခင်းလဲမရှိဘူး။ အထက်ကလဲ ခြုံစရာလဲမရှိဘူး။ ကျန်းမာရေးအတွက်လဲ စိုးရိမ်ရတယ်။ ကိုယ်ကကျန်းမာရေးကောင်းတော့ ကိစ္စမရှိဘူး။ သူများတွေအတွက်တော့ စိတ်မကောင်းဘူး။ စားရတာလဲ အဆင်မပြေဘူး။ ထမင်းလဲ နည်းနည်းလေးပဲ ဟင်းလဲနည်းနည်းလေးပဲ။ ကြက်သားဟင်းလဲ နည်းနည်းလေးပဲ။ ဘယ်အချိန်ပြန်ရမလဲဆိုတာမသိဘူး။ လတ်တလောပြန်ရမယ်ဆိုတာ သိလိုက်ရတော့ အလိုလိုဝမ်းမြောက်မိတယ်။ ဝမ်းလဲသာတယ်။ အိမ်ပြန်ချင်လွန်းလို့ မိသားစုနဲ့လဲ တွေ့ချင်တယ်။

နေရပ်ပြန် ပြည်သူတစ်ဦး

ကျွန်မရွာမှာလဲ အလုပ်အကိုင်မရှိလို့ ထိုင်းကိုတက်ပါတယ်။ ဆွေမျိုးတွေကခေါ်လို့ အခုလမ်းမှာအဖမ်းခံရပါတယ်။ အချုပ်ထဲမှာ ခြောက်လကျော်ကျော်နေခဲ့ရပါတယ်။ ကျန်းမာရေးကလဲ သိပ်မကောင်းပါဘူး။ အစားအသောက်ကလဲအဆင်မပြေဘူး။ အဲ့မှာ နေရတာလဲ ဘယ်လိုမှအဆင်မပြေဘူး။ အဝတ်တွေကလဲ ပေါက်တဲ့သူတွေပေါက်။ ရေချိုးရတာလဲအဆင်မပြေဘူး။ ကျွန်မလဲ ဘယ်နေ့လာခေါ်မလဲလို့ မျှော်လင့်နေတယ်။ တစ်ခါလာလဲ ကျွန်မတို့မပါဘူး။ ခြောက်လကျော်ကျော်နေခဲ့ရတယ်။ အခုမှ လွတ်မြောက်လာတယ်။ မောင်လေးကိုလဲမျှော်လင့်တယ်။ မောင်လေးပါမလားလို့ မျှော်လင့်တယ်။ အတူတူပြန်ချင်တယ်။ ယခုကျွန်မတို့ကို လာခေါ်တဲ့ အချိန်မှာပျော်တယ်။ နေလို့လဲ မရဘူး။စားလို့လဲမရဘူး။ မအိပ်ဘဲနဲ့ထိုင်နေတယ်။ ကျွန်မတို့ကို လွတ်မြောက်အောင် လုပ်ပေးတဲ့ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကို အထူးပဲကျေးဇူးတင်ပါတယ်။

နေရပ်ပြန် ပြည်သူတစ်ဦး

ကျွန်တော် အချုပ်ထဲမှာ လေး၊ ငါးလ လောက်နေခဲ့ရတယ်။ တော်တော်စိတ်ဆင်းရဲရတယ်။ အချုပ်အခြေအနေကတော့ စားရေးသောက်ရေးကတော့ လုံးဝအဆင်မပြေပါဘူး။ ထမင်းကနည်းနည်းလေးပဲ စားရပါတယ်။ ရေချိုးရတာလဲ အဆင်မပြေပါဘူး။ လေးခွက်ပဲချိုးရပါတယ်။ အခန်းသေးလေးတစ်ခန်းကို လူ ၁၈၀၊ ၁၉၀ ထည့်ထားပါတယ်။ ဘယ်လိုမှ အဆင်မပြေပါဘူး။ ညဆိုလဲအိပ်လို့မရပါဘူး။ ညဆိုတစ်ညလုံးထိုင်နေရပါတယ်။ အဲ့ဒီအထဲမှာ နေရတာ၊ ကျန်းမာရေးတစ်ခုခုဖြစ်ရင်လဲ တော်တော်ဆိုးပါတယ်။ ဆေးဝါးတွေလဲ မရဘူး။ ကိုယ်ဖြစ်ကိုယ်ခံ အဲ့လိုပါပဲ။ အသက်ဆုံးရှုံးရတာ အများကြီးရှိပါတယ်။ တော်တော်ဝမ်းနည်းရပါတယ်။ ခုလိုမမျှော်လင့်ဘဲနေရပ်ပြန်ရမယ်ဆိုတော့ တော်တော်ဝမ်းသာပါတယ်။ ပီတိဖြစ်ရပါတယ်။ ကျွန်တော်တို့ပြန်ရမယ်ဆိုတာသိရတဲ့ အချိန်မှာ အိပ်တောင်အိပ်မပျော်ပါဘူး။ တစ်ညလုံးထိုင်စောင့်နေကြပါတယ်။ တအားပျော်သလို တအားဝမ်းသာပါတယ်။ ဒီလိုပြန်ရဖို့ စီစဉ်ပေးတဲ့အတွက် တအားဝမ်းသာပါတယ်။ အစစအရာရာ စီစဉ်ပေးတဲ့အတွက် ဒီကအစ်ကိုတွေရော၊ အကြီးအကဲတွေကိုရော ကျေးဇူးတင်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာကျော်ထွန်း ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာစုပေါင်းထမနဲထိုးပြိုင်ပွဲသို့ တက်ရောက်အားပေး

နေပြည်တော် ဖေဖော်ဝါရီ ၃

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော (၁၅)ကြိမ်မြောက်မြန်မာ့ရိုးရာစုပေါင်းထမနဲထိုးပြိုင်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် တောင်ကြီးမြို့ အဝေရာကုန်းသာယာမီးပုံးပျံကွင်း၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာကျော်ထွန်း ကြည့်ရှုအားပေးသည်။

ထမနဲထိုးပြိုင်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ယနေ့ကျင်းပသော စုပေါင်းထမနဲထိုးပြိုင်ပွဲကို မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုအစဉ်အလာကို ထိန်းသိမ်းခြင်းနှင့် ပြည်ထောင်စုတိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ စည်းလုံးညီညွတ်မှုအားကို ဖော်ကျူးသည့်အနေဖြင့်လည်းကောင်း၊ အနာဂတ်မျိုးဆက်သစ်လူငယ်မောင်မယ်များ၏ စည်းလုံးညီညွတ်မှုအင်အားကို ဖော်ဆောင်သည့်အနေဖြင့်လည်းကောင်း၊ ကုသိုလ်ကောင်းမှုတစ်ရပ်အနေဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်များနှင့် ပြည်သူများအားလုံး စည်းလုံးညီညွတ်စွာ တစ်သားတည်းရှိနေသည့် ပြယုဂ်တစ်ခုအနေဖြင့် လည်းကောင်း စုပေါင်းထမနဲထိုးပြိုင်ပွဲကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာကျော်ထွန်း၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် ပြည်နယ်လူမှုရေးရာဝန်ကြီးတို့က ထမနဲထိုးပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က သေနတ်ပစ်ဖောက်၍ ထမနဲထိုးပြိုင်ပွဲကိုစတင်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာကျော်ထွန်း၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ထမနဲထိုးပြိုင်ပွဲကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံ့ဝန်ထမ်းအငြိမ်းစားအဋ္ဌားအိမ်ရာနှင့် ပြည်သူ့အဋ္ဌားအိမ်ရာများပြီးစီးမှု ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၃

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒကွိုဏာသီရိမြို့နယ်ရှိ ပြည်သူ့အဋ္ဌားအိမ်ရာ တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိရာ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်စိုးက နိုင်ငံ့ဝန်ထမ်း အငြိမ်းစားအဋ္ဌားအိမ်ရာများနှင့် ပြည်သူ့အဋ္ဌားအိမ်ရာများ ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဇော်အေးက ပြည်သူ့အဋ္ဌားအိမ်ရာစီမံကိန်း လျာထားချက်၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုင်းသက်နိုင်မိုးက အိမ်ရာစီမံကိန်းကြီးကြပ်ထိန်းသိမ်းထားရှိမှုကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ အမြဲတမ်းအတွင်းဝန် ဦးဝဏ္ဏဇော်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက အိမ်ရာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် အိမ်ရာစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုနေပြည်တော်တွင် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများနှင့် ပြည်သူများနေထိုင်မှု အဆင့်အတန်းမြင့်မားလာစေရန် မူဝါဒများနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အိမ်ရာစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်ရန်လိုကြောင်း မှာကြားပြီး နိုင်ငံ့ဝန်ထမ်း အငြိမ်းစားအဋ္ဌားအိမ်ရာများနှင့် ပြည်သူ့အဋ္ဌားအိမ်ရာများ တည်ဆောက်ပြီးစီးမှု၊ အိမ်ခန်းဖွဲ့စည်းမှု၊ မြို့ပြ၊ ရေသန့်၊ လျှပ်စစ် ဆောင်ရွက်ပြီးစီးမှုတို့ကို အသေးစိတ်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

အိမ်ခန်းနေရာချထားရေး ကော်မတီ၏ ကြီးကြပ်မှုဖြင့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားအဋ္ဌားအိမ်ရာစီမံကိန်းတွင် အငြိမ်းစားဝန်ထမ်း(အမှုထမ်း)များအတွက် ၁၂ ခန်းတွဲ ၈ဒေါထပ်အဆောက်အအုံ ခုနစ်လုံး၌ အခန်း ၄၂၀ ကို နေရာချထားပေးပြီးဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အငြိမ်းစားဝန်ထမ်း (အရာထမ်း)များအတွက် ဆောင်ရွက်ပြီးစီးပြီဖြစ်သည့် လေးခန်းတွဲ ၈ဒေါထပ်အဆောက်အအုံ ၈လုံး၌ အခန်း ၁၀၀ နှင့် ပြည်သူ့အဋ္ဌားအိမ်ရာ စီမံကိန်းတွင် လေးခန်းတွဲ ၈ဒေါထပ်အဆောက်အအုံ ၂၈ လုံး၌ အခန်းပေါင်း ၄၄၈ ခန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) မော်လမြိုင်ကျွန်းမြို့နယ် ရွာသစ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၃

ရောဝတီတိုင်းဒေသကြီး ရောဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် ရောက်ရှိနေသော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သော တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ယနေ့တွင် မော်လမြိုင်ကျွန်းမြို့နယ် လှိုင်ဘုန်းကျေးရွာအုပ်စု၊ ရွာသစ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၄၈၇ ဦးကို သီရိမင်္ဂလာကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က ရောဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ရွာသစ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၂၃ ဦး၊ ခွဲစိတ်ရောဂါ ၂၉ ဦး၊ သားဖွားမီးယပ်ရောဂါ ၃၂ ဦး၊ ကလေးရောဂါ ၂၅ ဦး၊ အရိုးအကြောရောဂါ ၉၈ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၆၇ ဦး၊ မျက်စိရောဂါ ၈၄ ဦးနှင့် သွားရောဂါ ၂၉ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးသည်။ ထို့ပြင် အထွေထွေခွဲစိတ်လူနာ ၁၅ ဦးနှင့် မျက်စိခွဲစိတ်လူနာ ၂၉ ဦးတို့ကို ခွဲစိတ်ကုသပေးခြင်းများနှင့် တယ်လီဗေးရှင်း ဓာတ်မှန်ရိုက်လူနာ ၅၂ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၄၈ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၅၄ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာနတို့၏ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၃

နိုင်ငံခြားရေး ဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာနတို့၏ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ဝန်ထမ်းများ စည်းလုံးညီညွတ်ရေး၊ ပျော်ရွှင်စွာဖြင့် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာကို ထိန်းသိမ်းရေး ဟူသော ရည်ရွယ်ချက်များဖြင့် ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံခြားရေး ဝန်ကြီးဌာန ရုံးသစ်အဆောက်အအုံ ယာဉ်ရပ်နားကွင်း၌ ကျန်းမာရေး ဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်စည်းကမ်းချက်များနှင့်အညီ စည်ကားသိုက်မြိုက်စွာကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်၊ ပြည်ထောင်စု ဝန်ကြီး ဦးသန်းဆွေ၊ ပြည်ထောင်စု ဝန်ကြီး ဦးကိုကိုလှိုင်၊ ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ အမြဲတမ်း အတွင်းဝန် ဦးချမ်းအေးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းများ တက်ရောက်အားပေးကြသည်။

ထမနဲထိုးပြိုင်ပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာနဝန်ထမ်းများက မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာ အတိုင်း စည်းမျဉ်းစည်းကမ်း၊ အမှတ်ပေး သတ်မှတ်ချက်များနှင့် အညီယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲဝင် ဦးစီးဌာန ရှစ်ခုအနက် ပထမဆုကို အာဆီယံရေးရာဦးစီးဌာနက လည်းကောင်း၊ ပူးတွဲဒုတိယဆုကို ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာ ဦးစီးဌာနနှင့် စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာနတို့က လည်းကောင်း၊ တတိယဆုကို ပြည်ထောင်စုဝန်ကြီးရုံးကလည်းကောင်း ရရှိခဲ့ကြသည်။

ထို့နောက်ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ပထမဆုရရှိသော အာဆီယံရေးရာဦးစီးဌာနကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်က လည်းကောင်း၊ ပူးတွဲဒုတိယဆု ရရှိသော ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာနနှင့် စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာနကို နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးသန်းဆွေကလည်းကောင်း၊ တတိယဆုရရှိသော ပြည်ထောင်စုဝန်ကြီးရုံးကို အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးကိုကိုလှိုင်ကလည်းကောင်း၊ နှစ်သိမ့်ဆုများကို နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်နှင့် အမြဲတမ်း အတွင်းဝန်တို့က လည်းကောင်း ဆုများ အသီးသီးချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၁၇/ ၂၀၂၃
၁၃၈၄ ခုနှစ် တပို့တွဲလဆန်း ၁၃ ရက်
(၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်)

ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဗိုလ်ချုပ်တိုးရီအား ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
အောင်လင်းဌေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာန များတွင် ဌာပနာတော် ထပ်မံထည့်သွင်း သွင်းလျှူပူဇော်နိုင်ရေး စေတနာရှင်၊ အလှူရှင်များက လာရောက်လှူဒါန်း လျက်ရှိစဉ်။

☆ **ကျောဖုံးမှအဆက်**

ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒကွိဏသီရိ မြို့နယ်အတွင်း၌ သာသနာတော်ထိုး၊ ရှေ့ပွားဆင်းတုတော်ထိုး၊ မြန်မာ့ရိုးရာတည်ထိုးများ၊ ဌာပနာပုံကျမ်း၊ ဝိသုကာကျမ်း၊ မဟာဗုဒ္ဓဝင်ကျမ်း အစရှိသော စာပေကျမ်းဂန်များနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိသည်။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနတွင် ဌာပနာတော် သွင်းလျှူပူဇော်ခြင်းကို ဇန်နဝါရီ ၂၇ ရက်တွင် ပြုလုပ်ခဲ့ပြီး ခုနစ်ရက် သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များ စုပေါင်းလှူဒါန်းထားသည့် ရွှေထည် ၁၀၄ ကျပ်သား ခြောက်ပဲသုံးရွှေး၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၂၀၀ ကျပ်သား တစ်ပဲ တစ်ရွှေး၊ ကျောက်မျိုးစုံ သုံးကီလိုဂရမ်အပါအဝင် ဗုဒ္ဓမြတ်စွာဘုရား၏ ဇာတာတော်များ၊ နိုင်ငံတကာမှ ငွေဒင်္ဂါးပြားများ၊ အဖိုးတန်ရွှေငွေ ကျောက်သံပတ္တမြားများကို ဌာပနာသွင်းလျှူပူဇော်နိုင်ခဲ့သည်။

ထို့ပြင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ထပ်မံထည့်သွင်းလှူဒါန်းပူဇော်မည်ဖြစ်ပါသဖြင့် ကုသိုလ်တော် ရေရှည်တည်တံ့ခိုင်မြဲနိုင်မည့် အဖိုးတန်ကျောက်မျက်ရတနာများ ဌာပနာကုသိုလ်ပြုနိုင်ရန်အတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်ထားလျက်ရှိရာ ခုနစ်ရက်သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များက ဝမ်းပန်းတသာဆက်သွယ်၍ ဌာပနာကုသိုလ်များကို ထည့်ဝင်လှူဒါန်းလျက်ရှိကြပြီး ယနေ့တွင် နေပြည်တော်ကောင်စီ ပြည်ထောင်စုနယ်မြေသို့ ရွှေထည် ၂၃ ကျပ်သား ငါးပဲ၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၄၇ ကျပ်သား သုံးပဲ ခုနစ်ရွှေး၊ ပုလဲနှင့် ကျောက်မျိုးစုံ၊ ဓာတ်တော်မွေတော် နှစ်ဆူ၊ ရန်ကုန်တိုင်းဒေသကြီး၌ ရွှေထည် ၁၉ ကျပ်သား နှစ်ပဲ ခုနစ်ရွှေး၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၃၀ ကျပ်သား ၁၂ ပဲ ခြောက်ရွှေး၊ ပုလဲ၊ ပလက်တီနမ်နှင့် ကျောက်မျိုးစုံ၊ ငွေထည်ပစ္စည်းများ၊ ဘွဲ့တံဆိပ်များ၊ ဓာတ်တော်မွေတော် တစ်ဆူ၊ အလှူငွေကျပ် ၁၃၆၂၀၀၀ နှင့် မန္တလေးတိုင်းဒေသကြီး၌ ရွှေထည် ၆၆ ကျပ်သား ၁၃ ပဲ ငါးရွှေး၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၁၁ ကျပ်သား ၁၀ ပဲ ခြောက်ရွှေး၊ စိန်၊ ပုလဲနှင့် ကျောက်မျိုးစုံ၊ ငွေထည်ပစ္စည်းများ၊ အလှူငွေကျပ် ၅၇၈၂၅၀ တိုကို လာရောက်လှူဒါန်းခဲ့ကြောင်း၊ ထို့ပြင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များ၌လည်း ရွှေထည် ၃၆ ကျပ်သား သုံးပဲ သုံးရွှေး၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၂၄ ကျပ်သား ၁၃ ပဲ တစ်ရွှေး၊ စိန်၊ ပတ္တမြား၊ နီလာ၊ ပုလဲနှင့် ကျောက်မျိုးစုံ၊ ဓာတ်တော်မွေတော်များ၊ ငွေထည်ပစ္စည်းများ၊ ဘွဲ့တံဆိပ်နှင့် ဆုတံဆိပ်များ၊ အလှူငွေကျပ် ၅၁၀၈၆၇၀၀ နှင့် ထိုင်းဘတ်ငွေ ၃၀၀၀၀ ဘတ်တို့ကို ဌာပနာသွင်းလှူ ပူဇော်ရန်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများ ထံသို့ လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ခုနစ်ရက် သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များ အနေဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်း သွင်းလျှူပူဇော်လိုပါက နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တာဝန်ရှိသူများထံသို့ ဖေဖော်ဝါရီ ၈ ရက်ထိ ဆက်သွယ်စုံစမ်းလျှဒါန်းနိုင်ကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာန များတွင် ဌာပနာတော် ထပ်မံထည့်သွင်း သွင်းလျှူပူဇော်နိုင်ရေး စေတနာရှင်၊ အလှူရှင်များက လာရောက်လှူဒါန်း လျက်ရှိစဉ်။

ဖေဖော်ဝါရီ ၃ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦး တွေ့ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၃

ဖေဖော်ဝါရီ ၂ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၄၈၃၅ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း	၆၃၃၈၃၃ ဦး
သေဆုံးသူ	၁၉၄၉၀ ဦး
ဆေးရုံဆင်းခွင့်ရရှိသူ	၆၁၄၃၀၇ ဦး

နယ်စပ်ရေးရာဝန်ကြီးဌာန စတုတ္ထအကြိမ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၃

နယ်စပ်ရေးရာဝန်ကြီးဌာန စတုတ္ထအကြိမ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ယနေ့ ညနေပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ရုံးဝင်းအတွင်း၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် ခွန်သန့်ဇော်ထူး၊ အမြတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဝန်ကြီးရုံး၊ ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများနှင့် ပြိုင်ပွဲဝင်အသင်းများ စုံညီစွာတက်ရောက်ခဲ့ကြပြီး ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့ကျင်းပသော မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲမှာ ၁၂ လရာသီပွဲတော်များ၌ စုပေါင်းအင်အားဖြင့် စည်းလုံးညီညွတ်စွာ ဆောင်ရွက်ရသည့် ထူးခြားသော ရိုးရာပွဲတစ်ခုဖြစ်ပါကြောင်းနှင့် မည်သည့်အရာကိုမဆို စည်းလုံးညီညွတ်မှုဖြင့် ကျော်ဖြတ်အောင်မြင်နိုင်မည် ဖြစ်ပါကြောင်း၊ ပြိုင်ပွဲဝင်အသင်းများအနေဖြင့် စိတ်အားထက်သန်စွာဖြင့် စည်းစည်းလုံးလုံး တက်တက်ကြွကြွ ယှဉ်ပြိုင်သွားကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပြိုင်ပွဲဝင်အသင်းများ၏ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ပြီး ဆုရရှိသည့်အသင်းများကို ဆုများပေးအပ်ချီးမြှင့်သည်။

နယ်စပ်ရေးရာဝန်ကြီးဌာန စတုတ္ထအကြိမ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ဝန်ကြီးရုံး၊ ဦးစီးဌာနများမှ ပြိုင်ပွဲဝင်အသင်းသုံးသင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲဝင်အသင်းများအနေဖြင့် အားကြိုးမာန်တက် ယှဉ်ပြိုင်ခဲ့ကာ ဝန်ထမ်းများကလည်း အိုးစည်၊ ဒိုးပတ်ဝိုင်းများဖြင့် ပျော်ရွှင်စွာ အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်း၀ဏ်)

သီရိလင်္ကာဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ (၇၅)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ညှိုးခံပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၃

သီရိလင်္ကာဒီမိုကရက်တစ် သမ္မတနိုင်ငံ၏ (၇၅)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ညှိုးခံပွဲအခမ်းအနားကို ယနေ့ ည ၆ နာရီတွင် ရန်ကုန်မြို့ Pan Pacific Hotel ၌ ကျင်းပသည်။

ဦးစွာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Joyasingbe Mudhiyanselage Janaka Priyantha Bandaraနှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံ သံအမတ်ကြီး H.E. Mr. NikolayLis TopaDov နှင့် တာဝန်ရှိသူများက သီရိလင်္ကာဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ (၇၅) နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ဆီမီးထွန်းညှိုးပေးကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် သီရိလင်္ကာဒီမိုကရက်တစ်သမ္မတနိုင်ငံတော်သီချင်းတို့ ဖြင့် အခမ်းအနားကိုဖွင့်လှစ်သည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုတို့က နှုတ်ခွန်းဆက်စကားပြောကြားကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ သံအမတ်ကြီးနှင့် ၎င်းတို့၏ဇနီးတို့သည် ညှိုးခံပွဲသို့ တက်ရောက်လာကြသူများနှင့် အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် သံအမတ်ကြီးနှင့်ဇနီးတို့က ညှိုးခံပွဲသို့ တက်ရောက်လာကြသူများကို ဂုဏ်ပြုညစာဖြင့် တည်ခင်းညှိုးခံကြပြီး သီရိလင်္ကာဒီမိုကရက်တစ် သမ္မတနိုင်ငံ ယဉ်ကျေးမှုအကအဖွဲ့ဝင်များက ယဉ်ကျေးမှုအကများဖြင့် ကပြဖျော်ဖြေကြသည်။

အခမ်းအနားသို့ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်း၀ဏ်)

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် e-ID Software တွင် ထည့်သွင်းပြီးဖြစ်သည့် အိမ်ထောင်စုလူဦးရေစာရင်း စုစုပေါင်း ၁၃ ဒသမ ၅ သန်းကျော်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၃

မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၃)ကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးတွင် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရန် ကောက်ယူရရှိသောလူဦးရေစာရင်းအချက်အလက်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းများစုစည်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအတိုင်း ဆက်လက်စိစစ်ဆောင်ရွက်နေသည့်ကာလဖြစ်ကြောင်း။

မြေပြင်ကွင်းဆင်း စာရင်းကောက်ယူမှုနှင့်ပတ်သက်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် e-ID Software တွင် ထည့်သွင်းပြီးဖြစ်သည့် အိမ်ထောင်စုလူဦးရေစာရင်း စုစုပေါင်း ၁၃ ဒသမ ၅ သန်းကျော်ရှိရာ ယခုမြေပြင်ကွင်းဆင်း၍ လက်ရှိအိမ်ထောင်စုပုံစံဖြင့် တိုက်ဆိုင်စစ်ဆေးကောက်ယူခဲ့သည့် အိမ်ထောင်စု ၁၁ ဒသမ ၇ သန်းကျော်၊ အခြားဒေသမှ အိမ်ထောင်စုစာရင်းသာရှိသူများ၊ လက်ရှိအိမ်ထောင်စုစာရင်းမရှိသူများ အလွတ်ပုံစံများဖြင့်ကောက်ယူခဲ့သည့်အိမ်ထောင်စု ၂ ဒသမ ၈ သန်းကျော်ကို ကောက်ယူနိုင်ခဲ့ကြောင်းနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုပမာဏ ၈၆ ဒသမ ၇ ရာခိုင်နှုန်း ကောက်ယူနိုင်ခဲ့ကြောင်း၊ အိမ်ထောင်စု တစ်သန်း ခုနစ်သိန်းကျော် ကောက်ယူရန်ကျန်ရှိနေသေးသည်ကို တွေ့ရကြောင်း။

သက်ဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးများတွင် စာရင်းရေးသွင်းပြုစုပြီးဖြစ်သော e-ID Software နှင့် ချိတ်ဆက်ကာ မြေပြင်နှင့်ကွဲလွဲနေသည့် အချက်အလက်များဖြည့်သွင်းပြင်ဆင်သည့် လုပ်ငန်းကိုလည်း တစ်ပြိုင်တည်းဆောင်ရွက်နေကြပြီးဖြစ်ကြောင်း၊ ထို့ပြင် လူဦးရေစာရင်းနှင့် အတူကောက်ယူခဲ့သည့် မသန်စွမ်း၀ါးမျိုးစာရင်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ သက်ဆိုင်ရာခရိုင်ဦးစီးမှူးရုံးများသို့ လွှဲပြောင်းပေးအပ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

ဆောင်ရွက်ပြီးစီးသည့် စာရင်းဇယား၊ အချက်အလက်များအပေါ် မူတည်၍ မဲပေးရန် အသက်ပြည့်မီသည့် မဲပေးပိုင်ခွင့်ရှိသူ လူဦးရေကို ၂၀၂၃ ခုနှစ် မတ်လအတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ အချိန်နှင့်တစ်ပြေးညီ ဆက်လက်ပေးပို့ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် စာရင်းကောက်ယူရန်ကျန်ရှိနေသည့်ဒေသများသို့ လိုအပ်သည့် လုံခြုံရေးနှင့်အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များ ဖြည့်ဆည်းကာ နည်းလမ်းမျိုးစုံအသုံးပြု၍ ဆက်လက်တွင်းဆင်းကောက်ယူနိုင်ရေးနှင့် မြေပြင်ကွင်းဆင်း ကောက်ယူနိုင်ရေး လုပ်ငန်းစဉ်တစ်ခုလုံးကို လူဦးရေစာရင်းများ ထုတ်ပြန်နိုင်သည်ထိ ပြီးမြောက်အောင်မြင်စေရေး ဦးဆောင်မှုပေး၍ အနီးကပ်ကြီးကြပ် ကွပ်ကဲစီမံဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကြီးကြပ်မှုဗဟိုကော်မတီ ဝင်များဖြစ်ကြသည့် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ကော်မတီဝင်ကိုယ်စားလှယ်များက ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လူဦးရေစာရင်း မှန်ကန်စေရေးအတွက် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခဲ့မှုနှင့် တွေ့ကြုံရသည့်အခက်အခဲများ၊ စာရင်းကောက်ယူရန်ကျန်ရှိနေသည့် ဒေသများနှင့် ဆက်လက်ကွင်းဆင်းကောက်ယူသွားမည့် အစီအစဉ်များ၊ လဝကမြို့နယ်ဦးစီးမှူးရုံးများတွင် e-ID Software ဖြင့် အချက်အလက်များ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ခြင်းလုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေး ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် ဗဟိုကော်မတီက ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကြပြီး ကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကိုရှုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်း၀ဏ်)

ဘူးသီးတောင်မြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေးအဖွဲ့က ဘူးသီးတောင်မြို့နယ်၌ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၃

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် ဂကျည်တောက်ကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာများရှိ သံယာတော်များ၊ သာသနာနွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာစာသင်ကျောင်း၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က သံယာတော်များ၊ သာသနာနွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၇၀၆ ဦးတို့ကို မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ကလေးရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး ECG နှင့် အမ်ထရာဆောင်းစက်တို့ဖြင့် ရောဂါရှာဖွေ စမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို နယ်မြေခံတပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၃

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများဆောင်ရွက်နေချိန်တွင် ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊မွေးမြူရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့ နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များရှိ စိုက်ပျိုး၊မွေးမြူရေးခြံများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း နယ်မြေခံ တပ်ရင်း၊ တပ်ဖွဲ့များရှိ စိုက်ပျိုး၊မွေးမြူရေးခြံများကို ကြည့်ရှုစစ်ဆေးစဉ်။

တိုင်းစစ်ဌာနချုပ်အသီးသီး၌ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲများပြုလုပ်

မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲတွင် ဆုရရှိသည့်အသင်းကို ဆုပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၃

မြန်မာတို့၏ ၁၂ လရာသီပွဲတော်များ အနက် ကောက်ပဲသီးနှံ၊ ဆန်၊ စပါးတို့ ထွက်ရှိပြီး ဖူလုံစေသည့်လဖြစ်သော တပို့တွဲလတွင် အဖွဲ့လိုက် စုပေါင်းဆောင်ရွက်ရသည့် စည်းလုံးညီညွတ်မှုစွမ်းအားကို ဖြစ်စေသော မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲများကို နိုင်ငံတစ်ဝန်းတွင် ဒေသအလိုက် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြသည်။ ထို့အတူ တိုင်းစစ်ဌာနချုပ်အသီးသီး၌ အရာရှိ၊ စစ်သည်၊ မိသားစုများကလည်း မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲများကို ကျင်းပပြုလုပ်လျက်ရှိသည်။

ထိုသို့ ကျင်းပပြုလုပ်လျက်ရှိရာ ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ စစ်ရေးပြကွင်း၌လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ ဇေယျာသီရိကွင်း၌လည်းကောင်း အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်အလိုက် ပြိုင်ပွဲဝင် အသင်းများက မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ကြသည်။

အဆိုပါ ထမနဲထိုးပြိုင်ပွဲများသို့ တိုင်းစစ်ဌာနချုပ်အလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲများတွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

➤ ➤ ➤

ရန်ကုန်တိုင်း စစ်ဌာနချုပ် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲ ကျင်းပစဉ်။

တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများကို ကြည့်ရှုအားပေး

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ ဆေးရုံတက်ရောက် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၃

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့ရှိ တပ်မတော်ဆေးရုံ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး ဆေးရုံတက် လူနာများကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် အဖွဲ့ဝင်များသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဖေဖော်ဝါရီ ၃

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က) နှင့်တည်ဆဲဥပဒေများအရ အရေးယူခံရမည်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့ မင်္ဂလာရပ်ကွက်နေ ခင်ဖုန်းဇော်(ခ) စုလှိုင်ဝင်းသည် ၎င်းအသုံးပြုသည့် "Su Hlaing Win" Facebook အကောင့်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ မြေဝတီရပ်ကွက်နေ ချစ်မင်းနိုင်သည် ၎င်းအသုံးပြုသည့် "Chit Min Naing" Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့ မင်းတဲရပ်ကွက်နေ စန်းအောင်သည် ၎င်းအသုံးပြုသည့် "U San Aung" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွှန့်မြို့နယ် စံပြဖဆပလရပ်ကွက်နေ ပြည်ပြိုးလင်း(ခ)ကိုဖြိုးသည် ၎င်းအသုံးပြုသည့် "Phyaephyo Lin" Facebook အကောင့်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ရွှေညောင်မြို့နေ ခန့်ခန့်ဟိန်းသည် ၎င်းအသုံးပြုသည့် "Khant Khant Hein" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက် အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့်ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

KNLA အဖွဲ့ ထောင်ထားသည့် ဒေသန္တရကားမိုင်းတစ်လုံးကို မော်တော်ယာဉ်တစ်စီး နင်းမိပေါက်ကွဲပြီး အပြစ်မဲ့ပြည်သူလေးဦး မိုင်းစထိမှန်ဒဏ်ရာများရရှိ

နေပြည်တော် ဖေဖော်ဝါရီ ၃

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့ ဘက်မှ နတ်သံကွင်းဘက်သို့ ဒေသထွက်ပစ္စည်းများရောင်းချရန် မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးသည် ယနေ့နံနက်ပိုင်းတွင် နတ်သံကွင်း-ကျောက်ကြီးသွား ကားလမ်းပေါ်၌ KNLA အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများ ထောင်ထားသည့် ဒေသန္တရကားမိုင်းတစ်လုံးကို နင်းမိပေါက်ကွဲခဲ့သဖြင့် အပြစ်မဲ့ပြည်သူ လေးဦး မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျောက်ကြီးမြို့ ကပ်ကျေးရပ်ကွက်နေသူများဖြစ်သည့် ဦးအောင်အောင်မောင်းနှင်ပြီး ဒေါ်ဇာခြည်ဦး၊ မောင်လွင်ကိုအောင်၊ မောင်အောင်သူရမျိုးလွင်နှင့် အသက်ခုနစ်နှစ်အရွယ် မရှင်းသန့်လင်းတို့လိုက်ပါ၍ ဒေသထွက်ပစ္စည်းများရောင်းချရန် မောင်းနှင်လာသည့် မော်တော်ယာဉ်သည် ယနေ့နံနက် ၁၀နာရီ မိနစ် ၂၀ ခန့်တွင် နတ်သံကွင်း-ကျောက်ကြီးသွား ကားလမ်းပေါ်ရှိ ညောင်ကုန်းတံတားရှောင်ကွင်းလမ်းသို့ အရောက်၌ KNLA အဖွဲ့ ထောင်ထားသည့် ဒေသန္တရကားမိုင်းတစ်လုံးကို နင်းမိပေါက်ကွဲခဲ့ကြောင်း၊ အဆိုပါနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ မိုင်းပေါက်ကွဲမှုကြောင့် မော်တော်ယာဉ်ပျက်စီးခဲ့ပြီး ယာဉ်ပေါ်ပါ အပြစ်မဲ့ပြည်သူ လေးဦးတွင် မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့သဖြင့် ကျောက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်းနှင့် မိုင်းပေါက်ကွဲသည့်နေရာကို ပြန်လည်ပြုပြင်ပြီးစီး၍ လူနှင့်ယာဉ်များ ပုံမှန်အတိုင်း ဖြတ်သန်းသွားလာလျက်ရှိကြောင်း သိရသည်။

အဆိုပါနေရာတစ်ဝိုက်သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

နတ်သံကွင်း-ကျောက်ကြီးသွား ကားလမ်းပေါ်၌ KNLA အဖွဲ့ ထောင်ထားသည့် ဒေသန္တရကားမိုင်းအား နင်းမိပေါက်ကွဲမှုကြောင့် မော်တော်ယာဉ်ပျက်စီးနေမှုကို တွေ့ရစဉ်။

သရက်ချောင်းမြို့နယ် ညောင်ဧင်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ညောင်ဧင်)ကို PDF အမည်ခံအကြမ်းဖက်သမားများက အကြောင်းမဲ့လာရောက်မီးရှို့ဖျက်ဆီး

လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက PDF အမည်ခံအကြမ်းဖက်သမားများ မီးရှို့ဖျက်ဆီးထားသည့် အခြေခံပညာအထက်တန်းကျောင်း(ညောင်ဧင်)အား မီးငြိမ်းသတ်ပေးစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၃

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ညောင်ဧင်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ညောင်ဧင်)ကို ယနေ့မွန်းလွဲပိုင်းတွင် PDF အမည်ခံအကြမ်းဖက်သမားများက အကြောင်းမဲ့လာရောက်မီးရှို့ခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ PDF အမည်ခံ အကြမ်းဖက်သမားများက အခြေခံပညာအထက်တန်းကျောင်း(ညောင်ဧင်)ကို မီးရှို့ခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက မီးသတ်ယာဉ် သုံးစီးဖြင့် ဝိုင်းဝန်း မီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၂ နာရီ မိနစ် ၅၀ ခန့်တွင် မီးငြိမ်းသွားခဲ့သည်။ အဆိုပါ မီးလောင်မှုကြောင့် စာသင်ဆောင်နှစ်ဆောင်နှင့် ခန်းမ တစ်ဆောင်တို့ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရသည်။

အခြေခံပညာ အထက်တန်းကျောင်း(ညောင်ဧင်)၌ လက်ရှိအချိန်တွင် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေခြင်းမရှိဘဲ ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် ထားဝယ်မြို့ရှိ စာသင်ကျောင်းများနှင့် ညောင်ဧင်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းတို့တွင် ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

ယခုကဲ့သို့ ပညာရေးဆိုင်ရာ အဆောက်အအုံများကို အကြောင်းမဲ့လာရောက်မီးရှို့ဖျက်ဆီးခဲ့သူများနှင့် ပါဝင်ပတ်သက်သူများအား တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် စုံစမ်းစစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

➢ ➢ ➢

KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ Drone အသုံးပြု၍ Drop Bomb များ ပစ်ချတိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် နှစ်ဦးနှင့် ဒေသခံပြည်သူ လေးဦး သေဆုံး၊ ဒဏ်ရာရ

နေပြည်တော် ဖေဖော်ဝါရီ ၃

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ရွှေဝွန်းကျေးရွာအတွင်းသို့ KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ Drone အသုံးပြု၍ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် နှစ်ဦးနှင့် ဒေသခံပြည်သူ နှစ်ဦးတို့ ဒဏ်ရာရရှိခဲ့ပြီး ဒေသခံပြည်သူနှစ်ဦး သေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၉ နာရီခွဲခန့်တွင် KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများသည် ရွှေဝွန်းကျေးရွာအတွင်းသို့ Drone ယာဉ်နှစ်စီးအသုံးပြု၍ Drop Bomb များဖြင့် အကြောင်းမဲ့ပစ်ချတိုက်ခိုက်ခဲ့ရာ ကျေးရွာအတွင်းရှိ နေရာနှစ်နေရာသို့ Drop Bomb နှစ်လုံးကျရောက်ပေါက်ကွဲခဲ့ကြောင်း၊ ထိုသို့ကျရောက်ပေါက်ကွဲခဲ့သည့် နေရာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဒေသခံများက သွားရောက်စစ်ဆေးလျက်ရှိစဉ် Drop Bomb တစ်လုံးထပ်မံကျရောက်ပေါက်ကွဲခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင် နှစ်ဦးနှင့် ဒေသခံပြည်သူ နှစ်ဦးတို့ ဒဏ်ရာရရှိခဲ့ပြီး ဒေသခံပြည်သူ နှစ်ဦး သေဆုံးခဲ့သည်။

ဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို တောင်ကလေးရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သတင်းရရှိသည်။

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူ့အတွက်ဟု သုံးနှုန်း၍ ရဟန်းသံယာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊NUG၊PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယံဇာတမှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ထိုင်းနိုင်ငံတွင် လေထုညစ်ညမ်းမှု လွန်ကဲစွာကြုံတွေ့နေရပြီး ပြည်သူများကို နေအိမ်တွင်း၌သာနေထိုင်ကြရန် အစိုးရတိုက်တွန်း

ဗန်ကောက် ဖေဖော်ဝါရီ ၃

ထိုင်းနိုင်ငံတွင် လေထုညစ်ညမ်းမှုလွန်ကဲစွာကြုံတွေ့နေရပြီး ပြည်သူများကို နေအိမ်တွင်း၌သာနေထိုင်ကြရန် ထိုင်းအစိုးရက ဖေဖော်ဝါရီ ၂ ရက်တွင် တိုက်တွန်းထားကြောင်း Mint သတင်းဌာနက ဖေဖော်ဝါရီ ၂ ရက်တွင် ဖော်ပြထားသည်။

ထိုင်းနိုင်ငံတွင် လေထုညစ်ညမ်းမှုဖြစ်ပွားရခြင်းမှာ မော်တော်ယာဉ်များ၏ မီးခိုးငွေ့များထုတ်လွှတ်မှုနှင့် စိုက်ပျိုးမြေများပေါ်တွင် ရာသီအလိုက် မီးရှို့မှုလုပ်ငန်းများကြောင့် လေထုညစ်ညမ်းမှု ပိုမိုဆိုးရွားလာခြင်းဖြစ်ကြောင်း မိုးလေဝသ အေဂျင်စီက ပြောကြားခဲ့သည်။

ကမ္ဘာလှည့်ခရီးသွား အများအပြားကိုဆွဲဆောင်နိုင်သော ထိုင်းနိုင်ငံသည် ယခုအခါ PM 2.5 အမှုန်အမွှား လေထုအတွင်းပါဝင်မှုမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အကြံပြုထားသောအဆင့်ထက် ၁၄ ဆမြင့်တက်လျက်ရှိကာ ကမ္ဘာပေါ်တွင် ဆဋ္ဌမမြောက် အဆိုးရွားဆုံးဖြစ်ကြောင်း ဆွစ်ဇာလန်လေထုအရည်အသွေး စောင့်ကြည့်ရေးကုမ္ပဏီ(IQAir)က ထုတ်ပြန်သောမှတ်တမ်းများအရ သိရသည်။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့နှင့် အနီးအနားပြည်နယ်များတွင် လေထုညစ်ညမ်းမှုသည် ဖေဖော်ဝါရီ ၂ ရက်မှ ဖေဖော်ဝါရီ ၄ ရက်ထိ ဆက်လက်ဖြစ်ပေါ်နေနိုင်ပြီး ပြင်ပလေထုသည် ကျန်းမာရေးကို ထိခိုက်စေနိုင်သဖြင့် ပြည်သူများ အနေဖြင့် နေအိမ်၌သာ အလုပ်လုပ်ခြင်းအားဖြင့် ပြင်ပလှုပ်ရှားမှုများမှရှောင်ကြဉ်ပြီး လေထုညစ်ညမ်းမှုလျှော့ချရန် ထိုင်းနိုင်ငံ သဘာဝပတ်ဝန်းကျင် အေဂျင်စီ အကြီးအကဲက ဖေဖော်ဝါရီ ၂ ရက်တွင် ပြောကြားခဲ့သည်။

AZH

ဗြိတိန်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းနိုင်ပြီး ရေကြီးမှုသတိပေးချက်ထုတ်ပြန်

လန်ဒန် ဖေဖော်ဝါရီ ၃

ဗြိတိန်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းနိုင်ကြောင်း ဗြိတိန်မိုးလေဝသဌာနက သတင်းထုတ်ပြန်ထားသည်ကိုကိုးကား၍ ဗြိတိန်သဘာဝပတ်ဝန်းကျင်အေဂျင်စီက ရေကြီးမှုသတိပေးချက်ကို ဖေဖော်ဝါရီ ၂ ရက်က ထုတ်ပြန်ခဲ့သည်ဟု GB News သတင်းဌာနက ဖေဖော်ဝါရီ ၂ ရက်တွင် ရေးသားဖော်ပြထားသည်။

ဗြိတိန်နိုင်ငံ တောင်ပိုင်းတွင် မြေအောက်ရေများတိုးလာကြောင်းနှင့် မိုးသည်းထန်စွာရွာသွန်းနိုင်မှုကြောင့် ဒေသန္တရသတိပေးချက်ထုတ်ပြန်ထားပြီး စကော့တလန် သဘာဝပတ်ဝန်းကျင်အေဂျင်စီကလည်း နိုင်ငံတစ်ဝန်းရေလွှမ်းမိုးမှု သတိပေးချက် ခုနစ်ချက်နှင့် အခြားအရေးပေါ် သတိပေးချက် သုံးခုကို ထုတ်ပြန်ထားကြောင်းသိရသည်။

လာမည့်ရက်များအတွင်း ဗြိတိန်နိုင်ငံတွင် လေဖိအားနည်းရပ်ဝန်းအားကောင်းလာမည်ဟု မိုးလေဝသဌာနက ခန့်မှန်းထားပြီး နိုင်ငံအနောက်မြောက်ပိုင်းတွင် ပိုမိုအားကောင်းသော လေပြင်းတိုက်ခတ်မှုနှင့် မိုးရွာသွန်းမှုများဖြစ်ပေါ်နိုင်ကြောင်း ကြေညာချက်ထုတ်ပြန်ထားသည်။

ပြည်သူများအနေဖြင့် ဓာတ်ငွေ့၊ ရေနှင့် လျှပ်စစ်မီးတို့ကို မလိုအပ်ပါက ပိတ်ထားရန်နှင့် ဆေးဝါးများနှင့် အာမခံစာရွက်စာတမ်းကဲ့သို့သော အရေးကြီးပစ္စည်းများကို ကြိုတင်ပြင်ဆင်သိမ်းဆည်းထားရန်၊ လူနှင့် အိမ်မွေးတိရစ္ဆာန်များ၊ အခြားပစ္စည်းများကို အိမ်အပေါ်ထပ် သို့မဟုတ် ဘေးကင်းရာသို့ ရွှေ့ပြောင်းထားရန် သဘာဝပတ်ဝန်းကျင်အေဂျင်စီက တိုက်တွန်းထားသည်။

ရေကြီးရေလျှံမှုများကြောင့် အန္တရာယ်ဖြစ်ပေါ်လာပါက အရေးပေါ်ခေါ်ဆိုရမည် ဖုန်းနံပါတ်များကို ကြေညာပေးထားပြီး အရေးပေါ်ဝန်ဆောင်မှုများထံမှ အကြံဉာဏ်ရယူကြရန်နှင့် အရေးပေါ် သတိပေးချက်များအတိုင်း လိုက်ပါလုပ်ဆောင်ကြရန် သဘာဝပတ်ဝန်းကျင်အေဂျင်စီက ထုတ်ပြန်ထားကြောင်း သိရသည်။

AZH

ဗာနေတူနိုင်ငံ အရှေ့အီပီကျွန်းရှိ အီပီမီးတောင်ပေါက်ကွဲမှုဖြစ်ပွား

ပိုဇီလာ ဖေဖော်ဝါရီ ၃

ဗာနေတူနိုင်ငံတွင် ဖေဖော်ဝါရီ ၁ ရက်က အရှေ့အီပီကျွန်းရှိ ရေအောက်မီးတောင်ဖြစ်သော အီပီမီးတောင်ပေါက်ကွဲမှု ဖြစ်ပွားခဲ့ကြောင်း ဗာနေတူမိုးလေဝသနှင့် ဘူမိအန္တရာယ်ဆိုင်ရာညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု Nypost သတင်းဌာနက ဖေဖော်ဝါရီ ၂ ရက်တွင် ဖော်ပြခဲ့သည်။

မီးတောင်ပေါက်ကွဲမှုကြောင့် အီပီကျွန်းတွင် ချော်ရည်ငွေ့များ ပျံ့နှံ့နေပြီး အီပီကျွန်းကမ်းခြေများ သို့လည်း အားကောင်းသည့် ရေလှိုင်းပုတ်ခတ်မှုဖြစ်ပေါ်ခဲ့ကြောင်း၊ အီပီကျွန်းအထက်တွင် လေယာဉ်ပြေးဆွဲမှုများကို ယာယီကန့်သတ်ထားပြီး အီပီကျွန်းပတ်လည် ခြောက်မိုင်အကွာတွင် ဖြတ်သန်းသွားလာခြင်းများကိုလည်း ယာယီပိတ်ထားကြောင်း ဗာနေတူနိုင်ငံ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"အီပီကျွန်းမှာ ဖေဖော်ဝါရီ ၁ ရက်က ရေအောက်မီးတောင်ပေါက်ကွဲမှုဖြစ်စဉ် ဖြစ်ပွားခဲ့ပါတယ်။ မီးတောင်ပေါက်ကွဲမှုကြောင့် အီပီကျွန်းတစ်လျှောက် ချော်ရည်ငွေ့တွေပျံ့နှံ့နေပါတယ်။ အီပီကျွန်း ရဲ့ကမ်းခြေတွေမှာလဲ အားပြင်းတဲ့ ရေလှိုင်းရိုက်ခတ်မှုတွေဖြစ်ပေါ်နေပါတယ်။ အီပီကျွန်းပေါ်ဖြတ်သန်းသွားမဲ့ လေကြောင်းခရီးစဉ်တွေကိုလဲ ယာယီဆိုင်းငံ့ထားပါတယ်။ အန္တရာယ်ရှိနိုင်တဲ့အတွက် ဒေသခံတွေကိုလဲ မီးတောင်အန္တရာယ်နဲ့ပတ်သက်ပြီး သတိပေးချက်တွေ ထုတ်ပြန်ထားပါတယ်။ လိုအပ်လာရင် ဘေးလွတ်ရာရွှေ့ပြောင်းနိုင်ရေး ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ထားဖို့လဲ ညွှန်ကြားထားပါတယ်"ဟု ဗာနေတူနိုင်ငံ အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

အီပီကျွန်းဒေသခံများကိုလည်း မီးတောင်ပေါက်ကွဲမှုနှင့်ပတ်သက်၍ လိုအပ်လာပါက ဘေးလွတ်ရာရွှေ့ပြောင်းနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန်လည်း ဗာနေတူနိုင်ငံ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

မီးတောင်ပေါက်ကွဲမှုဖြစ်စဉ် ဖြစ်ပွားသည့်ရေရိယာသည် ဗာနေတူနိုင်ငံ၏မြို့တော်ဖြစ်သည့် ပေါ့ဇီလာမြို့နှင့် ၄၂ မိုင်ခန့် ကွာဝေးသော်လည်း ပေါ့ဇီလာမြို့၌ မီးတောင်အန္တရာယ်သတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။ **ဇိုင်းဆက်**

ချီလီနိုင်ငံတွင် အပူလှိုင်းဖြတ်သန်းမှုကြောင့် တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေ

ဆန်တီယာဂို ဖေဖော်ဝါရီ ၃

ချီလီနိုင်ငံ ကွီလွန်နယ်မြေတွင် အပူလှိုင်း ဖြတ်သန်းမှုကြောင့် ဖေဖော်ဝါရီ ၁ ရက်မှ စတင်၍ တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး တောမီးကို ထိန်းချုပ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင် အင်အား အမြောက်အများဖြင့် ကြိုးစားငြိမ်းသတ်နေကြောင်း ချီလီအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု CBS သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တောမီးလောင်ကျွမ်းမှုသည် လူနေအိမ်များဆီသို့ ကူးစက်မှုဖြစ်ပေါ်ခဲ့ပြီး နေအိမ်တချို့ပျက်စီးခဲ့ကြောင်း၊ တောမီးစတင်လောင်ကျွမ်းမှုဖြစ်ပွားခဲ့သည့်ကာလနှင့် ထပ်မံလောင်ကျွမ်းခဲ့သောကာလအတွင်း တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေကေ ၇၅၀ ထိ ပျက်စီးသွားခဲ့ကြောင်း၊ တောမီးလောင်ကျွမ်းမှုကြောင့် ကွီလွန်နယ်မြေအပြင် နူဘယ်နယ်မြေတွင်လည်း သစ်တောမြေကေ ၂၀၀ ထိ ပျက်စီးခဲ့ကြောင်း ချီလီအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ချီလီနိုင်ငံ တောင်ဘက်ပိုင်းနဲ့ အလယ်ပိုင်းတို့မှာ ဇန်နဝါရီလက ဖြစ်ပေါ်ခဲ့တဲ့ တောမီးလောင်ကျွမ်းမှုဟာ ဖေဖော်ဝါရီ ၁ ရက်မှာ ပြန်လည်လောင်ကျွမ်းခဲ့ပါတယ်။ ဇန်နဝါရီလတုန်းက တောမီးလောင်ကျွမ်းမှုကိုထိန်းချုပ်နိုင်ပြီဖြစ်ပေမဲ့လဲ အပူလှိုင်းဖြတ်သန်းမှုကြောင့် ဖေဖော်ဝါရီ ၁ ရက်မှာ တောမီးလောင်ကျွမ်းမှုထပ်မံဖြစ်ပွားခဲ့ပါတယ်။ ကွီလွန်နယ်မြေနဲ့ နူဘယ်နယ်မြေတို့မှာ လောင်ကျွမ်းနေတာ ဖြစ်ပါတယ်။ လူနေအိမ်ခြေတွေဆီ တောမီးမကူးစက်ဖို့ ဦးစားပေးပြီး ငြိမ်းသတ်နေပါတယ်။ တောမီးကြောင့် ပျက်စီးခဲ့တဲ့ သစ်တောမြေရေယာဟာ မိုနာကိုမြို့ရေယာထက် သုံးဆပိုကျယ်ပါတယ်။ တောမီးလောင်ကျွမ်းမှုကြောင့် စိုက်ခင်းတော်တော်များများလဲ ပျက်စီးခဲ့ပါတယ်။ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့အတွက် မီးသတ်တပ်ဖွဲ့ဝင်တွေ ကြိုးစားငြိမ်းသတ်ပေးနေပါတယ်" ဟု ချီလီအာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ **ဇိုင်းဆက်**

စကော့တလန်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်လာနိုင်

အီဒင်ဘတ် ဖေဖော်ဝါရီ ၃

စကော့တလန်နိုင်ငံတွင် ဖေဖော်ဝါရီ ၁ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး မိုးရေချိန်မြင့်မားနေခြင်းကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်လာနိုင်ကြောင်း စကော့တလန်ဗဟို မိုးလေဝသစင်တာက သတိပေးချက်ထုတ်ပြန်ခဲ့သည်ဟု Daily Record သတင်းဌာနက ဖေဖော်ဝါရီ ၂ ရက်တွင် ဖော်ပြခဲ့သည်။

မိုးရေချိန်မှာ ၂၅ မီလီမီတာထိ မြင့်တက်မှုဖြစ်ပွားနေပြီး ရေကြီးရေလျှံမှုမှာ လာမည့် ၄၈ နာရီအတွင်း ဖြစ်ပေါ်လာနိုင်ကြောင်း၊ ရေကြီးရေလျှံမှုသည် စကော့တလန်နိုင်ငံ အနောက်မြောက်ဘက်ပိုင်းတွင်ဖြစ်ပေါ်လာနိုင်ပြီး အာဏာပိုင်အဖွဲ့အစည်းက ကြိုတင်ကာကွယ်ရေး အစီအစဉ်များ ဆောင်ရွက်နေကြောင်း ထုတ်ပြန်ခဲ့သည်။

"ဖေဖော်ဝါရီ ၁ ရက်မှာ စကော့တလန်နိုင်ငံ အနောက်မြောက်ဘက်ပိုင်းမှာ မိုးသည်းထန်စွာရွာသွန်းခဲ့ပါတယ်။ မိုးရေချိန်ဟာ ၂၅ မီလီမီတာထိ ရောက်ရှိနေပြီးတော့ လာမဲ့ ၄၈ နာရီအတွင်း မိုးရေချိန်ဟာ ၁၀၀ မီလီမီတာထိ မြင့်တက်လာနိုင်ပါတယ်။ ရေကြီးရေလျှံမှုတွေလဲ ဖြစ်ပေါ်လာနိုင်ပါတယ်။ စကော့တလန်နိုင်ငံ အနောက်မြောက်ဘက် ကုန်းမြင့်ပိုင်းဒေသတွေမှာလဲ အချိန်တိုအတွင်း ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်လာနိုင်ပါတယ်"ဟု စကော့တလန်ဗဟို မိုးလေဝသစင်တာမှ ပြောရေးဆိုခွင့်ရှိသူ ဒန်စထရောက်က ပြောကြားခဲ့သည်။

လမ်းမကြီးတချို့တွင် ရေလွှမ်းမိုးမှုများစတင်ဖြစ်ပွားနေပြီး လမ်းမကြီးတချို့ကို ယာယီပိတ်ထားကြောင်း၊ စကော့တလန်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးအေဂျင်စီကလည်း နေရာခြောက်နေရာကို ရေဘေးအန္တရာယ် သတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။

"မိုးသည်းထန်စွာရွာသွန်းနေပြီးတော့ နေရာပေါင်း ခြောက်နေရာမှာ ဆိုးရွားတဲ့ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်လာနိုင်ပါတယ်။ ရေကြီးရေလျှံမှုဖြစ်ပေါ်လာနိုင်တဲ့ ဧရိယာတွေကိုလဲ ရေဘေးအန္တရာယ် သတိပေးချက် ထုတ်ပြန်ထားပါတယ်။ ရေဘေးအန္တရာယ် သတိပေးချက် ထုတ်ပြန်ထားတဲ့ ဧရိယာတွေမှာ မော်တော်ယာဉ်အသုံးပြုမောင်းနှင်တာတွေ အထူးဂရုစိုက်ဖို့ သတိပေးအပ်ပါတယ်"ဟု စကော့တလန်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဇိုင်းဆက်

သစ်ပင်စိုက်ပါ တိုးကမ္ဘာ
သာယာလှပ စိမ်းမြမြ

0w Kw ⓓ @

တံလျှပ်ကိုရေထင်မိတော့

အောင်သေး(မြစ်သား)

(၁)

သည်နေ့ ဝတ်ရည်ရွာပြန်လာမည်။ ထိုသတင်းကြောင့် နေဝန်းရံစျေးရောင်းမသွားတော့။ ဝတ်ရည်နှင့်မတွေ့ရသည်မှာ ကြာချေပြီ။ ဝတ်ရည်နှင့် စကားအများကြီးပြောပြီး ဝတ်ရည်ပြုံးလိုက်တိုင်း ကြွေဆင်းလာမည့် မျက်ဝန်းလှလှလေးများကို တွေ့မြင်ချင်လှပြီ။

"နေဝန်းရေ ဖိုးအေးက ဝက်သားရပြီတဲ့။ မြန်မြန်လေးဦးထား တော်ကြာ အဆီ၊ အခေါက်ပဲရနေအုံးမယ်"

အမေ၏အော်သံကြောင့် သေသေသပ်သပ်ဖြီးထားသော ဆံပင်ကိုတစ်ချက်ဖိပြီး နေဝန်းရံထွက်လာခဲ့လိုက်သည်။ ဝက်သားကို စောစောမလုပ်သောကိုဖိုးအေးကို စိတ်တိုမိသည်။ ညနေဝတ်ရည်ပြန်လာလျှင် အဦးဆုံးသွားတွေ့မည်ကြံထားသော နေဝန်းရံ၏အစီအစဉ်က ဝက်သားကြောင့် လွဲရမည်ထင်။ တစ်ပတ်ရစ်တရှတ်ဆိုင်ကယ်လေးကို အားကုန်နင်းနှိုးပြီး နေဝန်းရံထွက်လာခဲ့လိုက်သည်။ စာတော်ပြီး ထက်မြက်သွက်လက်သော ဝတ်ရည်က ကျောင်းထဲတွင် ရေပန်းအစားဆုံးဖြစ်သည်။ မုန့်စားကျောင်းဆင်းချိန် ဝတ်ရည်စျေးတန်းထွက်လျှင် ဝတ်ရည်၏အလှကို မြိန်ရေရှက်ရေ ရှုစားနေကြသော ကျောင်းသားများကလည်း ဟိုနားတစ်စု သည်နားတစ်စု။ သည်အနီးအနားတစ်ဝိုက်တွင် အထက်တန်းကျောင်းတစ်ကျောင်းသာရှိသောကြောင့် ကျောင်းသားပေါင်းစုံ စုစည်းရာလည်းဖြစ်နေသည်။ ထိုထဲကမှ ဝတ်ရည်၏အချစ်ကိုရရန် အသည်းအသန်ကြိုးစားနေသည့် ကျောင်းသားများကလည်း ဒုနဲ့ဒေး။ ကျားရဲပမာအရောင်လက်နေသော မျက်လုံးများဖြင့် ဝတ်ရည်ကိုကြည့်နေသော ကျောင်းသားများကို မြင်လျှင် နေဝန်းရံ မနာလိုဖြစ်မိသည်။ အတန်းကွဲသွားပေမဲ့ ဝတ်ရည်ရှိသည့်အခန်းကို ပိတောက်ပင်အောက်က နေဝန်းရံ တိတ်တဆိုးကြည့်နေတတ်သည်။ နေဝန်းရံကိုတွေ့လျှင် ဝတ်ရည်က အမြဲပြုံးပြနှုတ်ဆက်တတ်သည်။ ကျောင်းတွင်းအားကစားလှုပ်ရှားမှုမှာ နေဝန်းရံပါလျှင် ဝတ်ရည်က အအေးဝယ်တိုက်သည်။ ထိုသို့ ဝတ်ရည်က အရေးတယူဆက်ဆံခြင်းကိုမြင်၍ မကျေမနပ်ဖြစ်နေသော ကျောင်းသားများရှိသလို ချီးကျူးအားကျနေသော ကျောင်းသားများလည်း ရှိလေသည်။ ထိုအခါ နေဝန်းရံ ကိုယ့်ကိုယ်ကိုယ် ထိုနောက် နေဝန်းရံကျောင်းကိုကျောခိုင်းခဲ့တော့သည်။ ဂုဏ်ယူမဆုံး။

(၂)

"ဒေါ်ကြီးသန်း ဝတ်ရည်ရောက်ပြီဆို"

ဝတ်ရည်ကိုမမြင်မိသောကြောင့် နေဝန်းရံအလောတကြီးမေးလိုက်သည်။

"ဟေ မောင်နေဝန်းရေ မင်းသူငယ်ချင်းတော့ မပြောချင်ဘူး။ ယိုးဒယားကလစ်ဆိုင်ကယ်ဆိုလား ဝယ်မပေးလို့ဆိုပြီး မယ်မင်းကြီးမ ထိုင်တောင်မထိုင်နိုင်ဘူး ဆောင့်အောင့်ပြီး ချက်ချင်းပြန်သွားသတဲ့"

ဒေါ်ကြီးသန်း၏စကားကို ကြားလိုက်ရတော့ နေဝန်းရံ ခဲလေသမျှသဲရေကျခဲ့ရတော့သည်။ ဝတ်ရည်ကို တွေ့ခွင့်မရလိုက်သောကြောင့် စိတ်ထဲမှာမကျေနပ်။ ယခုလို ဝတ်ရည်နှင့် ဝေးကွာနေရသည်မှာ မိမိ၏ဘဝ ပေးကုသိုလ်ကြောင့်ပဲဟု နေဝန်းရံ မိမိကိုယ်ကိုဖြေသိမ့်လိုက်သည်။ အကယ်၍ မိမိသာ ကျောင်းဆက်တက်နိုင်ခဲ့မည်ဆိုပါက နေဝန်းရံသက်ပြင်းမောကို ဟူးခနဲမှုတ်ထုတ်လိုက်သည်။ ရှစ်တန်းစာမေးပွဲဖြေခါနီးတွင် နေဝန်းရံတို့မိသားစု၏ ပင်မဒေါက်တိုင်ကြီးဖြစ်သော အဖေဖြစ်သူ ရှတ်တရက် နှလုံးသွေးကြောပေါက်၍ ကွယ်လွန်သွားခဲ့သည်။ နေဝန်းရံ၏အောက်တွင် အရွယ်မရောက်သေးသော ညီလေးနှင့်ညီမလေးလည်း ရှိသေးသည်။ ပိုင်ရှင်မဲ့သွားသော ဆိုင်ကယ်လေးနှင့် စျေးခြင်းတောင်းများကိုကြည့်ပြီး နေဝန်းရံဆုံးဖြတ်လိုက်သည်။ အဖေ့နေရာဝင်ယူပြီး ဆိုင်ကယ်ဖြင့် ရွာစဉ်လှည့် စျေးရောင်းတော့မည်။ အဖေစျေးရောင်းသွားတတ်သောရွာများကို နေဝန်းရံအလွတ်ရသည်။ လည်လည်ဝယ်ဝယ်မရှိလှသောအမေနှင့် အရွယ်မရောက်သေးသောညီလေး၊ ညီမလေးများကို နေဝန်းရံ တာဝန်ယူမည်။ ထိုအချိန်တွင် နေဝန်းရံဘေးမှာ အားပေးစကားပြောနေသူက ဝတ်ရည်။ နေဝန်းရံ ကျောင်းထွက်ရန် ဆုံးဖြတ်လိုက်သည်ကို ဝတ်ရည်သဘောမတူ။ အခြေအနေအရပ်ရပ်ကို သေချာရှင်းပြတော့မှ ဝတ်ရည်မျက်ရည်ဝဲကာ တစ်ဖက်လှည့်သွားတော့သည်။ ဝတ်ရည်၏ဆန္ဒအရ ရှစ်တန်းစာမေးပွဲဖြေပြီးသည်ထိ နေဝန်းရံကျောင်းတက်လိုက်သည်။

(၃)

နံနက်အစောထပြီး ညနေနေဝင်မိုးချုပ်မှ အိမ်ပြန်ရောက်သောကြောင့် ဝတ်ရည်ကို အမြဲမတွေ့ဖြစ်။ ဝတ်ရည်က အိမ်လာမေးလျှင်လည်း နေဝန်းရံစျေးရောင်းထွက်နေသည်ကများသည်။ အစောရောက်သည့်ရက်၊ စျေးရောင်းနားသည့်ရက်များမှသာ ဝတ်ရည်နှင့် အေးအေးဆေးဆေးစကားပြောဖြစ်သည်။ နေဝန်းရံ၏နေ့စဉ်ဘဝက ယခင်ကျောင်းသားဘဝနှင့်မတူတော့။ မိုးနှင့်မြေပမာကွာခြားခဲ့ပြီ။ နံနက်အစော လေးနာရီထပြီး အောင်ပန်း၊ ရွာင်ဘက်မှဆင်းလာသည့် ရှမ်းကားဆိုက်ချိန် ကူမဲစျေးကို အရောက်သွားရသည်။ လိုချင်သောအသီးအနှံများကို ရွေးဝယ်ရသည်။ နောက်ကျလျှင် ကားအကျန်များကိုသာရသည်။ အသီးအနှံများ ဝယ်ပြီးသည်နှင့် အသားငါးတန်းဘက်ကိုသွားကာ ဖောက်သည်များမှာလိုက်သော အသားငါးများကိုဝယ်ရသည်။ မိမိသဘောဖြင့် အသားငါးကိုများများမတင်ရဲ။ အရင်းကြီးသောကြောင့် မကုန်ဘဲကျန်လျှင် အချုံးပေါ်နိုင်သည်။ အသားငါးဝယ်ပြီးသည်နှင့် လက်ဖက်ရည်ဆိုင်ဘက်သွားကာ အီကြာကွေး၊ ပလာတာ ဆယ်ထုပ်ခန့်ဝယ်ပြီး စျေးရောင်းခြင်းကို စတင်တော့သည်။ နံနက်ပိုင်းလှည့်လည်ရောင်းပြီးသည်နှင့် တစ်နေရာတွင် နေ့လယ်စာစားကာ အပန်းဖြေသည်။ ထိုနောက် မွန်းလွဲ ၂ နာရီခန့်တွင် နံနက်ပိုင်းကျန်သည့် ကုန်များရောင်းရန် အိမ်ရှင်မများ မီးဖိုချောင်ဝင်ချိန် အမီလှည့်ရောင်းရင်း အိမ်ပြန်ခဲ့တော့သည်။ ကူမဲ အနောက်ဘက် ပြည့်စုံကုန်းရွာဘက်ရောက်ဖြစ်လျှင် ဝတ်ရည်ကြိုက်တတ်သော ဆီးချိုသီးများ ဝယ်လာရန်သတိရသည်။ ဝတ်ရည်တို့မိသားစုသည် အချမ်းသာကြီးမဟုတ်ပေမဲ့ ချောင်လည်သည်ဟုဆိုရမည်။ ဝတ်ရည်၏ဆန္ဒကို အပြည့်အဝကြီးမဟုတ်စေကာမူ တတ်နိုင်သရွေ့ ဖြည့်ဆည်းပေးကြသည်။ အိမ်ထောင်ခွဲဖြစ်သူ ဝတ်ရည်၏အစ်မကလည်း ကျောင်းစရိတ်အတွက်နိုင်သလောက် ပံ့ပိုးသည်။ ရာသီအလိုလိုကူးပြောင်းလာသည်နှင့်အမျှ နေဝန်းရံသည် ရင့်ကျက်သော စျေးသည်တစ်ဦးဖြစ်လာသလို ဝတ်ရည်လည်း ဆယ်တန်းအောင်ပြီး တက္ကသိုလ်ပထမနှစ်ပင်တက်ရတော့မည်။ ဂုဏ်ထူးနှစ်ဘာသာနှင့် ဝတ်ရည်ဆယ်တန်းအောင်တော့ ဝမ်းသာမဆုံးဖြစ်နေသူက နေဝန်းရံ။ ဝတ်ရည် တက္ကသိုလ်ဆက်တက်မည်ဆိုသောအခါ ဝမ်းနည်းအားငယ်မိသူကလည်း နေဝန်းရံပင်။

(၄)

"ဝတ်ရည် နင် တက္ကသိုလ်ကျောင်းသူကြီးဖြစ်လာလို့လားမသိဘူး။ တော်တော်ပြောင်းလဲလာတယ်ဟာ"

ပထမနှစ်တက်ပြီး ရွာပြန်လာသော ဝတ်ရည်ကိုကြည့်ကာ နေဝန်းရံအံ့ဩနေမိသည်။ ယခင်ကျောပြင်တစ်လျှောက် နက်မှောင်ရှည်လျားသော ပိတုန်းရောင်ကေသာတို့က ကုပ်ဝဲသာသာရှိတော့ပြီး ရွှေအိုရောင်သန်းနေတော့သည်။ ဒူးဖုံးရုံစကတ်အနီရောင်နှင့် ဒေါက်ဖိနပ်တို့ကလည်း ဝတ်ရည်၏ကြော့ရှင်းသွယ်လျသော ခြေထောက်များကို အရောင်တင်ပေးနေသည်။ ခြေဆုံးခေါင်းဆုံးကြည့်နေသော နေဝန်းရံကိုကြည့်ကာ ဝတ်ရည်က-

"ဟဲ့ နေဝန်း ဘာတွေ အဲဒီလောက်တောင်ကြည့်နေတာလဲ"

"မဟုတ်ပါဘူး ဝတ်ရည်ရာ။ အရင်က အဖြူအစိမ်း ဝတ်ကျောင်းသူလေးဝတ်ရည်နဲ့ တက္ကသိုလ်ကျောင်းသူ ဝတ်ရည်တို့ကိုယှဉ်ကြည့်နေတာပါ။ ကျောင်းစိမ်းလုံချည်လေးနဲ့ဝတ်ရည်က ငါ့မျက်စိထဲမှာ ပိုယဉ်ပြီး လှနေသလားလို့"

"ဘာလဲ နေဝန်း။ အခု ငါက မလှလို့လား။ စိတ်ဆိုးမှာနော်"

ဝတ်ရည်က နှုတ်ခမ်းလေးစူကာပြောလေသည်။

"အဲဒီလိုသဘောမျိုးမဟုတ်ပါဘူး ဝတ်ရည်ရယ်။ အခုကလဲ လှပါတယ်။ ဒါပေမဲ့ အခုအလှက ဘယ်လိုပြောရမလဲဟာ။ ငါ့ရင်ထဲမှာ တလှပ်လှပ်ကြီးဖြစ်နေသလိုပဲ။ အရင် ကျောင်းစိမ်းလုံချည်လေးနဲ့ ဝတ်ရည်ရဲ့ပုံရိပ်တွေက အခုချိန်ထိ ငါ့မျက်စိထဲက မထွက်သေးလို့ပါ"

နေဝန်းရံက ရှင်းပြလေသည်။

"နေဝန်းရယ် နင်က ခေတ်နောက်ကျလိုက်တာ။ ငါ အခု ရှစ်တန်းကျောင်းသူမဟုတ်တော့ဘူးဟဲ့။ တက္ကသိုလ်ကျောင်းသူဖြစ်နေပြီ။ ဒီလို ဝတ်နိုင်စားနိုင်မှ တန်ကာကျတာ။ ရွာသူခြေထောက်မွဲခြောက်ခြောက် အမှောင်ထဲရောက်ရင်ပျောက်လို့ပြောတဲ့ မြို့သူတွေရဲ့ ပါးစပ်ကို ပိတ်ပေးချင်လို့ စကတ်ဝတ်ပြီး ငါ့ခြေထောက်လေးတွေ ဘယ်လောက်သွယ်ပြီး လှကြောင်းပြနေတာ"

ဝတ်ရည်က မျက်ခုံးလေးပင့်ပြီး လက်လေးပိုက်ကာ ပြောလေသည်။ ဝတ်ရည်ကိုကြည့်ပြီး နေဝန်းရံစိတ်မချသလိုဖြစ်လာသည်။ အနှစ်နှစ်အလလက မျိုသိပ်ထားခဲ့ရသောစကားကိုဖွင့်ပြောရန် နေဝန်းရံအားယူလိုက်သည်။

"ဝတ်ရည် ငါ ငါ နင့် နင့်ကို"

"တော်တော့ နေဝန်း။ နင် ငါ့ကို ချစ်တယ်လို့ ပြောမလို့မို့လား"

ဝတ်ရည်၏ ထင်မှတ်မထားသောတုံ့ပြန်မှုကြောင့် နေဝန်းရံအံ့ဩသွားသည်။ ဆက်ပြောရန် အင်အားမရှိတော့။ စကားတို့က လည်ချောင်းထဲတွင် တစ်ဆို့နေသည်။

"ဒီမယ် နေဝန်း။ နင့်ကို ငါသူငယ်ချင်းကောင်း တစ်ယောက်လိုပဲ ခင်ပါရစေဟာ။ နင့်နာမည်ကသာ နေဝန်းရံ တကယ့်လက်တွေ့မှာတော့ နင့်ဘဝကို တောင် နင်ပြန်ပြီးအလင်းရောင်မပေးနိုင်တာ။ ငါ့ဘဝကို ဘယ်လောက်ထိခမ်းနားအောင် နင်လုပ်ပေးနိုင်မှာမို့လို့လဲ။ ငါ့ဘဝ၊ ငါ့အနာဂတ်ကို နင်က ဘယ်လောက်ထိ တောက်ပအောင် အလင်းရောင်ပေးနိုင်မှာမို့လို့လဲ"

အစုလိုက်အပြုံလိုက်ပစ်လိုက်သော အဆိပ်လူးမြှားတို့ပမာ တရစပ်ကျလာသော ဝတ်ရည်၏စကားတို့ကို နေဝန်းရံတုံ့ပြန်နိုင်စွမ်းမရှိ။ ဝတ်ရည်ရှေ့မှာခေါင်းငုံပြီး ရင်ထဲကျိတ်ငိုရုံမှတစ်ပါး ဘာများတတ်နိုင်ပါမည်နည်း။ ဝတ်ရည်ကပြောပြီး လှည့်ထွက်သွားတော့သည်။

စာမျက်နှာ ၂၅သို့ ➤

ကျေးသီးမြို့နယ် မိုင်းနန်းကျေးရွာ၌ မုန့်လုပ်နည်းသင်တန်းဖွင့်

ကျေးသီး စက်တိုဘာ ၃

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရူးခရိုင် ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု မုန့်လုပ်နည်းသင်တန်းဖွင့်ပွဲကို ဧပြီလ ၂ ရက် နံနက်ပိုင်းက မိုင်းနန်းကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျေးသီးမြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသား၊ သင်တန်းသူများထံ လွှဲပြောင်းပေးအပ်ခဲ့ကြသည်။

အဆိုပါ မုန့်လုပ်နည်းသင်တန်းသို့ ကျေးသီးမြို့နယ်အတွင်းရှိ ကျေးရွာငါးရွာမှ သင်တန်းသား၊ သင်တန်းသူဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် မုန့်အမျိုးအစား ခုနစ်မျိုးပြုလုပ်နည်းကို ကျွမ်းကျင်နည်းပြဆရာများက ဖေဖော်ဝါရီ ၂ ရက်မှ ဖေဖော်ဝါရီ ၁၆ ရက်ထိ ၁၅ ရက်ကြာ အခမဲ့ဖွင့်လှစ်သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးနိုင်ထံမှ သိရသည်။ **ဗျိုသန်းညွှန့်**

➤ စာမျက်နှာ ၂၄မှအဆက်

"ချန်ရစ်သူထက် ကျန်ရစ်သူက ဘယ်လောက်ထိ နာကျင်ရလဲဆိုတာ ဝတ်ရည်သိပါလေစ"

ထိုစကားတစ်ခွန်းကိုသာ နေဝန်းရံ အထပ်ထပ် ရေရွတ်မိတော့သည်။

(၅)

တစ်ဆင့်စကားတစ်ဆင့်နားအရ တက္ကသိုလ်မှာ ဝတ်ရည်က ရည်းစားထည်လဲတွဲနေသည်ဟုကြားသည်။ တွဲသည့်သူများကလည်း ထိတ်ထိတ်ကြသူဌေးသားများဟု သိရသည်။ တချို့ဆိုလျှင် ကျောင်းသားပင်မဟုတ်ဘဲ အပြင်ကသူဌေးသားများဟုဆိုကြသည်။ ဝတ်ရည်၏သတင်းများက နေဝန်းရံ၏နှလုံးသားကို ကြိတ်စက်ထဲ ထည့်လိုက်သောပန်းသီးတစ်လုံးပမာ အစိတ်စိတ်အမြွှာမြွှာဖြစ်သွားသည်။

"တောက် ဘီးကပေါက်ပြန်ပြီ"

ဆိုင်ကယ်ကလူးပြီး လက်ကိုင်ထိန်းမရသောကြောင့် နေဝန်းရံ ဆိုင်ကယ်ကို ရပ်လိုက်သည်။ နောက်ဘီးကို ကြည့်လိုက်တော့ပြားနေသည်။ ယနေ့မှ ကုန်က ပိုများသည်။ နောက်မှ ဘဝတူဆိုင်ကယ်ဈေးသည်တစ်ဦး တလေများပါလေမလားစောင့်ရင်း နေဝန်းရံသစ်ပင်အောက်တွင် ထိုင်လိုက်သည်။ နံနက်အစော အိမ်မှထွက်ကတည်းက မကြည်လင်သော စိတ်က ဘီးပေါက်သောကြောင့် စိတ်တိုသည့်အဆင့်သို့ရောက်သွားသည်။ နာရီဝက်ခန့်ကြာတော့ မြစ်သားဘက်မှတက်လာသည့် ဈေးသည်တစ်ဦး၏ အကူအညီဖြင့် ခရီးဆက်ခဲ့သည်။ ယခင်ဖော်ရွေပျူဇာလှသောနေဝန်းရံက ယနေ့မှ မရှင်မပျဖြစ်နေသောကြောင့် ဖောက်သည်များက မေးရသည် အထိပင်။

"သား နေဝန်း"

အိမ်ပြန်ရောက်၍ ဆိုင်ကယ်ပင်မထောက်ရသေး တုန်လှုပ်နေသော မျက်နှာနှင့် ခေါ်လိုက်သောအမေ့အသံကြောင့် နေဝန်းရံ ပြန်ထူးဖို့ပင် မေ့နေသည်။

"သား မင်းသူငယ်ချင်း ဝတ်ရည် ပြင်ဦးလွင်ကို အလည်သွားရင်း အပြန်မှာ ဆိုင်ကယ်မှောက်လို့။ အဲဒါ စိုးရိမ်ရတယ်တဲ့။ အခု မန္တလေးဆေးရုံကြီးကို လွှဲလိုက်ပြီ"

"ဗျာ"

နေဝန်းရံ ပါးစပ်အဟောင်းသားနှင့် ဆွံ့အသွားတော့သည်။

"မဟုတ်ဘူး။ မဖြစ်ရဘူး။ ဝတ်ရည် ဘာမှမဖြစ်ရဘူး။ ငါရှိတယ် ဝတ်ရည် ငါရှိတယ်"

ထိုစကားများကိုသာ နေဝန်းရံတဖွဖွပြောနေတော့သည်။

(၆)

သည်နေ့ ဝတ်ရည် ဆေးရုံကဆင်းမည်။ ထို့ကြောင့် နေဝန်းရံ ဈေးရောင်းမထွက်။ ဝတ်ရည်ကြိုက်သည့် ဆီးချိုသီးများကြိုဝယ်ထားသလို ဝတ်ရည်မြတ်နိုးသည့် နှင်းဆီပန်းရဲရဲလေးများကိုလည်းချိုးပြီး ၄က်ပျော ဖက်နှင့်စည်းကာ ရေစိမ်ထားသည်။ ဝတ်ရည်ကို နှင်းဆီပန်းစည်းပေးသည့်နေ့က မှတ်မှတ်ရရ ခုနစ်တန်းကျောင်းသားဘဝ။ ထိုအခါက ဝတ်ရည်ပြောသောစကားကို ယခုထိ နားထဲတွင်စွဲနေတုန်း။

"နှင်းဆီပန်းပေးရင် ဆူးတွေမချိုးပစ်နဲ့နေဝန်းရဲ့။ ဆူးမရှိတဲ့နှင်းဆီဟာ မာနမရှိတဲ့မိန်းကလေးလိုပဲ ပျော့ညံ့ညံ့ဖြစ်တတ်တယ်ဟ"

ဝတ်ရည်၏စကားကိုကြားယောင်ရင်း နေဝန်းရံပြုံးလိုက်မိသည်။

ဆေးရုံမှကြားရသည့်သတင်းအရ ဝတ်ရည် မည်မျှအားငယ်နေမည်ဆိုတာ နေဝန်းရံတွေးကြည့်ရုံနှင့်သိသည်။ ဝတ်ရည်လာလျှင် အဦးဆုံးကြိုရန်ဝတ်ရည်၏အိမ်တွင် သွားစောင့်နေလိုက်သည်။ ခဏကြာတော့ ဝတ်ရည်ကိုတင်ဆောင်လာသော ကားရောက်လာသည်။ ဝတ်ရည်သည် သူ့အစ်မ၏လက်ကိုတွဲကာ ဆင်းလာသည်။ ထို့နောက် အစ်မ၏ အကူအညီကိုမယူတော့ဘဲ ချိုင်းထောက်တစ်ဖက်ဖြင့် ဆက်လျှောက်လာသည်။ ပန်းစည်းကိုင်ထားသော နေဝန်းရံကိုမြင်တော့ ဝတ်ရည်တစ်ခဏ စိုက်ကြည့်ပြီး ခေါင်းပြန်ငုံ့သွားသည်။ ဝတ်ရည်တို့၏ ဆိုင်ကယ်ထိခိုက်မှုက ပြင်းထန်လွန်းသောကြောင့် ဝတ်ရည်၏ခြေထောက်တစ်ဖက်ဖြတ်လိုက်ရသည်။ ဝတ်ရည်၏ခေါင်းနှင့်ပါးတစ်ဖက်တွင်လည်း ထိခိုက်ထားဟန်ရှိသည်။ ပတ်တီးစည်းထားသည်ကိုတွေ့ရသည်။ ဝတ်ရည်၏မျက်ဝန်းအကြည့်တို့က ဖျော့တော့တော့နိုင်လှသည်။

"ဝတ်ရည် ပန်းစည်း"

နေဝန်းရံက ဝတ်ရည်လက်ထဲကို ပန်းစည်းထည့်ပေးလိုက်သည်။ ဝတ်ရည်က ပန်းစည်းကို တစ်ခဏမျှကိုင်ကြည့်ပြီး ဘေးတွင်ချထားသည်။

"နေဝန်း ငါ ငါ"

ဝတ်ရည် အားယူပြီးပြောရဟန်တူသည်။ စကားက ထိုနေရာတွင်ရပ်ပြီး ရှိုက်သံသဲ့သဲ့ထွက်လာသည်။

"ဝတ်ရည် အားမငယ်ပါနဲ့ဟာ။ နင့်ဘေးမှာ ငါလဲရှိပါတယ်ဟ နော် ဝတ်ရည်"

နေဝန်းရံက အားပေးစကားဆိုသည်။ ဝတ်ရည်သည် ကျလုဆဲဆဲ မျက်ရည်ကိုထိန်းချုပ်ပြီး မျက်တောင်ကိုပုတ်ခတ်ကာ-

"ငါ သိပ်မှားတယ် နေဝန်းရယ်။ ငါက လွတ်လပ်တယ်ဆိုတာကို အခွင့်အရေးတစ်ခုလိုမှတ်ပြီး ဂုဏ်ပကာသနတွေရဲ့ နောက်ကိုလိုက်ရင်း ငါ့ဘဝခွန်နစ်ခဲ့ရတာဟ"

ဝတ်ရည်၏မျက်ဝန်းအိမ်ထဲကမျက်ရည်ပေါက်တချို့လိမ့်ဆင်းလာသည်။

"အဲဒီလို မတွေးပါနဲ့ ဝတ်ရည်ရာ အားတင်းထားမှပေါ့ဟ"

"အဲဒါ ဟိုကောင် ဝဏ္ဏကြောင့်"

"ဝဏ္ဏဆိုတာ"

နေဝန်းရံက ဖြတ်မေးသည်။

"ငါ ပထမနှစ်တက်တုန်းက တွဲခဲ့တဲ့ကောင်ပါ။ ငါ့ကို ပြင်ဦးလွင်ထိ လိုက်ပြီး ပြဿနာရှာတာ ခြောက်ထပ်ကွေ့အဆင်းမှာ မူးမူးရှူးရှူးနဲ့ ငါတို့ဆိုင်ကယ်ဘေးကပ်လိုက်ပြီး ရန်စတယ်။ လက်ရှိတွဲနေတဲ့ငါ့ရည်းစားနဲ့ တစ်ယောက်တစ်ခွန်းစကားများကြတယ်။ ပြီးတော့ ဆိုင်ကယ်ပြိုင်မောင်းရင်း ချိတ်မိပြီး နှစ်စီးလုံးမှောက်ကုန်တာပဲဟာ။ အဲဒီနောက်တော့ ငါ ဘာမှမသိတော့ဘူး။ ငါသတိရတဲ့အချိန်မှာ ငါ့ခြေထောက်"

ဝတ်ရည်၏ အသံကတိမ်ဝင်သွားသည်။

"က. . . ဝတ်ရည် ငါ့ကိုကြည့်"

ဝတ်ရည်က နေဝန်းရံ၏မျက်နှာကို မော့ကြည့်လိုက်သည်။

"ငါ နင့်ဘေးမှာ အမြဲရှိနေမယ်။ ငါ့ဘဝကို နင့်ရဲ့ဆုံးရှုံးသွားတဲ့ ခြေထောက်တစ်ဖက်နေရာမှာ အစားထိုးခွင့်ပြုပါ။ နင်ဘယ်သွားသွား ငါ လိုက်ပို့ဖို့အဆင်သင့်ပါ။ နင်ပျော်ရွှင်မယ်ဆိုရင် ငါ ဘာပဲလုပ်ပေးရပေးရဟာ"

နေဝန်းရံ၏စကားက ရင်ထဲကလာမှန်းသိသာသည်။ နေဝန်းရံ၏ စကားအတွက် ဝတ်ရည်ဘယ်လိုတုံ့ပြန်ရမည်မသိ။

"အခုချိန်မှာ ငါ့ကို ချစ်လုပါတယ်ဆိုတဲ့သူတွေက ငါ့အနားမှာ တစ်ယောက်မှမရှိတော့ဘူး။ နင်ကလွဲရင်ပေါ့နေဝန်း။ ငါနင့်ကို အားနာတယ်ဟာ"

စကားအဆုံးမှာ ဝတ်ရည်၏ပါးပြင်ပေါ်သို့ လိမ့်ဆင်းလာသည့် မျက်ရည်စတချို့ကို နေဝန်းရံသုတ်ပေးမိသည်။ ဝတ်ရည်ဆီမှ သည်ထက်ပိုသောစကားကို မျှော်လင့်မိသည်မှန်ပေမဲ့ အားနာတယ်ဆိုသော စကားတစ်ခွန်းနှင့်တင် လုံလောက်ပါပြီဟုတွေးကာ နေဝန်းရံ ကျေကျေနပ်နပ်ကြီးပြုံးလိုက်မိတော့သည်။

နောက်မဆုတ်တမ်း

- မင်းလားကွဲ့ လောကမံ
ကြုံ့ကြုံ့ခံ ရင်ဆိုင်နွဲ့၊
မကြောက်ပါ သည်ဒုက္ခ
ဘဝတိုက်ပွဲ။

- ကြုံတွေ့လာ အခက်အခဲ
ရဲရဲဝံ့ ဖြေရှင်းမည်
ဘဝရပ်တည်၊
အောင်မြင်မှု ပန်းတိုင်ဆီ
ရည်ရွယ်ရာ ခရီးလမ်း၊
မှတ်ကျောက်တင် ဂုဏ်ပန်းလှဖို့
ဘဝကြိုးပမ်း။

- မုန်တိုင်းတွေ ကြမ်းချင်ကြမ်း
တောင်တန်းတို့ မြင့်မားစေ၊
သုံးဦးအဖော် ဝိရိယနှင့်
ဇွဲလုံ့လတွေ၊
ဘဝအတွက် အားအင်ပေ
ကောင်းမိတ်ဆွေ ဉာဏ်ယှဉ်ပြေး၊
ဆန္ဒကို အရင်းပြုပါလို့
အောင်မြင်မှု သရဖူရယ်
သည်မောင်ယူ အားအင်သစ်တွေနှင့်
ထုဆစ်မနေး။

ဗျာန်လေး(ပညာရေး)

ငဖဲမြို့နယ် ဆင်ချည်တိုင်-မန်းဆုံလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

ငဖဲ စက်တိုဘာ ၃

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ ထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်သို့ အလွယ်တကူ သယ်ယူပို့ဆောင်နိုင်ရေးနှင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၂၄၇ ဒသမ ၈၂၇ သန်းဖြင့် ဆောင်ရွက်သည့် ဆင်ချည်တိုင်-မန်းဆုံလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းပြီးစီးမှုအခြေအနေများကို ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ငဖဲမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခိုင်မာသန်းနှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာကော်မတီဝင်များနှင့်အတူ ဆင်ချည်တိုင်-မန်းဆုံလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခိုင်မာသန်းက ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဆင်ချည်တိုင်-မန်းဆုံလမ်း အရှည် ၆၄၈ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေသုံးလက်မရှိ ကတ္တရာခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေ ၂၄၇ ဒသမ ၈၂၇ သန်းဖြင့် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၂ ခုနှစ် ဇွန်လပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ငဖဲမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခိုင်မာသန်းက ပြောပြ၍ သိရသည်။ **စင်မာ**

စာအုပ်စာပေ လူ့မိတ်ဆွေ

ခရီးသွားဆောင်းပါး

သီပေါ-လားရှိုး-သိန်းနီမြို့များကိုဖြတ်ကျော်၍

သက်နိုင်(ပြင်ဦးလွင်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ဘော်ကြိုကျေးရွာ ဘော်ကြိုကျောင်းတိုက်က ဆရာတော်ကြီးရဲ့ ၆၈ နှစ်မြောက်မွေးနေ့မင်္ဂလာပွဲမှာ ဆရာတော်ကြီးကို ဖူးမြော်ကြည်ညြိ၊ ဇည့်ခံကျွေးမွေးတာတွေကို စားသောက်ကြပြီး ရှေ့ခရီးကိုဆက်လက်ထွက်ခွာလာခဲ့ကြတယ်။ ခရီးဖော်တွေထဲမှာ ဘော်ကြိုဘုရားကို ရောက်ရှိ ဖူးမြော်ရသေးခြင်းမရှိသူတွေပါနေပေမဲ့ ဘုရားပေါ်မှာ လူတွေအပြည့်နဲ့ စည်ကားနေတာကြောင့် အပြန်ခရီးရောက်မှ အေးအေးဆေးဆေးဖူးမြော်ရအောင်လို့ ပြောဆိုထားလိုက်ရတယ်။

ရှေ့ခရီးအနေနဲ့ အနီးဆုံးမြို့က ဘော်ကြိုရွာကနေ ၈မိုင်၊ ခြောက်မိုင်လောက်သာ ကွာဝေးတော့တဲ့ သီပေါမြို့ပါ။ သီပေါမြို့မှာ လေ့လာကြည့်ရှုစရာကောင်းပြီး နာမည်ကျော်ကြားလှတဲ့ သီပေါဟော်နန်းရှိနေပေမဲ့ ခရီးစဉ်အရ လောက်ကိုင်မြို့ထိ အရောက်မောင်းနှင်ရမှာဖြစ်လို့ ဟော်နန်းကိုလဲ မဝင်ကြတော့ဘဲ ဆက်လက်မောင်းနှင်လာခဲ့ကြတယ်။ ဒါပေမဲ့ သီပေါမြို့အဝင် ဆိုင်းဘုတ်နဲ့ မြို့အထွက် ဒုဋ္ဌဝတီမြစ်အလှ ရှုခင်းသာနေရာတွေမှာ ကားခဏရပ်ပြီး မှတ်တမ်းဓာတ်ပုံတွေရိုက်ခဲ့ကြတယ်။

သီပေါမြို့ကနေ လားရှိုးမြို့ရောက်တဲ့ထိ ၄၅ မိုင်ဝေးကွာနေသေးတာကြောင့် တမေ့တမြောမောင်းနှင်ရပါအုံးမယ်။ လမ်းတစ်လျှောက်လုံးမှာလဲ ဝင်ရောက်လေ့လာစရာမရှိ။ လှလှပပ၊ သာသာယာယာရှုခင်းရှုကွက်တွေလဲ မက်မက်မောမောမရှိကြလို့ တစ်ဆက်တစ်စပ်တည်း ၄၅ မိုင်ခရီးရှည်ကြီးကို ပျင်းပျင်းရိရိ မောင်းနှင်လာခဲ့ရတယ်။ နေ့လယ်စာထမင်းစားသောက်အပြီး နေပူပူမှာမောင်းနှင်နေရလို့ ပိုပြီးပျင်းရိဖွယ်ကောင်းနေတယ်။ ကားမောင်းနေရင်းနဲ့ ကားရှေ့ခန်းမှာလိုက်ပါလာတဲ့ သမီးတပည့်မလေးကို ဒါကနမ့်လန်၊ လွှိုင်လင်လမ်းခွဲ၊ ဒါက မိုင်းရယ်၊ တန့်ယန်းလမ်းခွဲ စသဖြင့်ပြောဆိုပြသခဲ့ရင်း မိမိရောက်ဖူးပြီးဖြစ်တဲ့ လွှိုင်လင်မြို့၊ မိုင်းရယ်မြို့နဲ့ တန့်ယန်းမြို့တွေအကြောင်းကို ရှင်းလင်းပြောပြပြီး အပျင်းပြေနေရတယ်။

လားရှိုးမြို့ကိုရောက်တော့ မွန်းလွဲ ၁ နာရီ မိနစ် ၃၀ ရှိနေပါပြီ။ ကြိုတင်ဖုန်းဆက်အကြောင်းကြားထားချက်အရ လောက်ကိုင်မြို့မှာ ၁၅ နှစ်ကြာ နေထိုင်ဖူးခဲ့တဲ့ မိမိရဲ့အစ်ကိုဝမ်းကွဲဖြစ်သူတစ်ဦးက မြို့အဝင်ကနေ လာရောက်စောင့်ဆိုင်းနေပြီး လောက်ကိုင်မြို့ကိုသွားရောက်ရမဲ့ ခရီးစဉ်လမ်းကြောင်းအနေအထားနဲ့ အခြေအနေတွေကို ရှင်းလင်းပြောပြပေးတယ်။ လားရှိုးကနေ လောက်ကိုင်မြို့ကိုရောက်တဲ့ထိ ကားမောင်းချိန်အနေနဲ့ အနည်းဆုံး ၅ နာရီကျော်၊ ၆ နာရီကြာမြင့်မှာဖြစ်ကြောင်း လမ်းတွေကကောင်းနေပေမဲ့ အနည်းငယ်ကျဉ်းမြောင်းတဲ့အတွက် သတိထားမောင်းရမှာဖြစ်ကြောင်း၊ ကွမ်းလုံမြို့ကိုကျော်လွန်သွားတာနဲ့ ရှေ့ဆက်တွေ့ရမဲ့ မြို့အဝင်ဂိတ်တွေမှာ ဂိတ်ကြေးအနေနဲ့ မြန်မာငွေကျပ်ကိုပေးဆောင်လို့ မရတော့ဘဲ တရုတ်ယွမ်ငွေနဲ့သာ ပေးဆောင်ရတော့မှာဖြစ်တာကြောင့် ကွမ်းလုံမြို့ကိုရောက်တာနဲ့ မြန်မာငွေကျပ်နဲ့ တရုတ်ယွမ်ငွေကို လဲလှယ်သွားရမှာဖြစ်ကြောင်း၊ ဂိတ်သုံးခုတွေ့ရမှာဖြစ်ပြီး တစ်ဂိတ်ကို ၁၀ ယွမ်ပေးရမှာဖြစ်ကြောင်း၊ ချင်းရွှေဟော်မြို့ကိုကျော်ဖြတ်ပြီးတာနဲ့ တောင်တက်ခရီးလမ်းသာဖြစ်ပြီး အတက်တွေက ရှည်လျားမတ်စောက်ကြောင်း၊ မတ်စောက်လွန်းလှတဲ့ အဓိကအတက်ကြီးသုံးခုရှိကြောင်း၊ ဒုတိယအတက်ကြီး ရောက်ရင် လမ်းကြောအတိုင်း တည့်တည့်မတ်မတ် တိုက်ရိုက်မတက်ဘဲ အသစ်ဖောက်လုပ်ပေးထားတဲ့ ရှောင်ကွင်းလမ်းကနေ ပတ်ဝိုက်တက်သင့်ကြောင်း၊ လမ်းမှာ နေဝင်မိုးချုပ်သွားရင် လောက်ကိုင်မြို့ထိ ဆက်မသွားဘဲ တည်းခိုခန်းတွေ၊ ဟိုတယ်တွေရှိတဲ့ ကွမ်းလုံမြို့နဲ့ ချင်းရွှေဟော်မြို့တွေမှာ ညအိပ်ရပ်နားလို့ ရကြောင်း၊ မြို့အဝင်ဂိတ်တွေအားလုံးက ည ၆ နာရီမှာ ပိတ်တာဖြစ်တဲ့အတွက် အချိန်နာရီကိုကြည့်ပြီး သတိထားမောင်းနှင်ရမှာဖြစ်ကြောင်း၊ ဒါပေမဲ့ အချို့မြို့အဝင်ဂိတ်တွေမှာ အကျိုးအကြောင်းပြောပြပြီး ဖြတ်သန်းမောင်းနှင်လို့ရကြောင်း၊ ကွမ်းလုံမြို့ကိုကျော်တာနဲ့ ဖုန်းလိုင်းတွေမကောင်းတော့ဘဲ တရုတ်ဖုန်းတွေနဲ့သာ ဆက်သွယ်လို့ရတော့မှာဖြစ်ကြောင်း၊ လောက်ကိုင်မြို့မှာ အစစအရာရာစျေးအလွန်ကြီးကြောင်း၊ လမ်းခရီးအတွက်လိုအပ်တာမှန်သမျှကို လားရှိုးမြို့မှာ ကတည်းက ပြည့်ပြည့်စုံစုံဝယ်သွားသင့်ကြောင်း၊ ဥပမာအားဖြင့် တစ်လီတာအောက် ရေသန့်ဘူးတစ်ဘူးကို မြန်မာငွေကျပ် ၄၀၀၀ ကျော်၊ ၅၀၀၀ နဲ့ လက်ဖက်ရည်တစ်ခွက်ကို ငွေကျပ် ၈၀၀၀ ဝန်းကျင်ရှိကြောင်း စသဖြင့် ရှည်လျားစွာရှင်းပြပြောပြပေးတယ်။

လောက်ကိုင်မြို့ကိုသွားမယ်ဆိုပြီး အရင်တုန်းက စုံစမ်းသိရှိထားတာက လားရှိုးနဲ့လောက်ကိုင်ဆိုတာ ပြင်ဦးလွင်-လားရှိုးလောက်မဝေးတော့ဘဲ ကားမောင်းချိန် ၃ နာရီကျော်လောက်သာရှိတယ်လို့ သိထားရတယ်။ အခုအစ်ကိုဝမ်းကွဲဖြစ်သူက လားရှိုး-လောက်ကိုင်ကို အနည်းဆုံး ၅ နာရီကျော်၊ ၆ နာရီလောက် မောင်းရအုံးမယ်ဆိုလို့ နည်းနည်းရင်မောသွားရတယ်။ ဒါပေမဲ့ လားရှိုးမြို့ကို ရောက်ရှိနေပြီဖြစ်တဲ့ မွန်းလွဲ ၁ နာရီခွဲဆိုတဲ့အချိန်နဲ့ လောက်ကိုင်မြို့ရောက်တဲ့ထိ ကားမောင်းရအုံးမဲ့ ကြာချိန်ကိုတွက်ဆကြည့်လိုက်တော့ အချိန်မီရောက်နိုင်တယ်ဆိုတဲ့ ခန့်မှန်းတွက်ဆချက်ရယ် အချို့ဂိတ်တွေက အကျိုးအကြောင်းပြောပြီး ဖြတ်သန်းမောင်းနှင်လို့ရကြောင်း၊ ကွမ်းလုံမြို့နဲ့ ချင်းရွှေဟော်မြို့တွေမှာ တည်းခိုခန်းတွေ၊ ဟိုတယ်တွေ ပေါများကြောင်း သိထားလိုက်ရတာကြောင့် စိတ်သက်သာရာရတော့တယ်။

ဒီလိုစိတ်သက်သာရာရသွားလို့လဲ ရှေ့ခရီးအတွက် အလောတကြီးမဖြစ်တော့ဘဲ လောက်ကိုင်မြို့ကို ဆက်လက်သွားရောက်ဖို့အတွက် လားရှိုးမြို့ရှောင်လမ်းကနေသွားရင် အချိန်ကုန်သက်သာပြီး ခရီးနီးနိုင်ပေမဲ့ ခရီးဖော်တွေမရောက်ဖူးကြသေးတဲ့ လားရှိုးမြို့တွင်းကနေ ဖြတ်သန်းမောင်းနှင်ပေးလိုက်တယ်။ ဘယ်နေရာဒေသတွေကိုပဲဖြစ်ဖြစ် အတူတူသွားလာနေကြတဲ့ ခရီးဖော်တွေအတွက် မဖူးရသေးတဲ့ဘုရားစေတီတွေကို ဖူးမြော်ခွင့်ပေး၊ မရောက်ဖူးသေးတဲ့နေရာတွေကို လေ့လာကြည့်ရှုခွင့်ရအောင် စေတနာပါပါနဲ့ လိုက်လံပို့ဆောင်ပေးနေတဲ့ အကျိုးကျေးဇူးတွေကြောင့် ဘယ်ခရီးကိုသွားသွား အခက်အခဲမရှိ အဆင်ပြေပြေနဲ့ အန္တရာယ်တွေလဲ ကင်းရှင်းနေပါတယ်။

လားရှိုးမြို့တွင်းကနေ မောင်းနှင်လာရင်းနဲ့ ဒါကမြို့တော်ခန်းမ၊ ညာဘက်လမ်းအတိုင်းသွားရင် ပြည်သူ့ဆေးရုံကြီးနဲ့ မြို့မစည်ပင်သာယာဈေးကြီး၊ ဘယ်ဘက်လမ်းကသွားမယ်ဆိုရင် ဘူတာရုံ၊ လေယာဉ်ကွင်း၊ တက္ကသိုလ်ရှိရာကို ရောက်မယ်ဆိုတဲ့အကြောင်းတွေကို ရှင်းပြလာခဲ့ရသလို အခုရောက်ရှိနေတာက လားရှိုးလေး၊ ရှေ့ဆက်သွားရင်လားရှိုးကြီးကိုရောက်မယ်။ လားရှိုးမြို့သူ၊ မြို့သားတွေက လားရှိုးကြီးကိုသာ လားရှိုးလို့ခေါ်ဆိုကြကြောင်း စသဖြင့်ပြောပြလာခဲ့ရတယ်။ ကားမောင်းလာရင်းနဲ့ မြို့မစျေးကြီးအနီး လမ်းဆုံတစ်ခုကိုရောက်တော့ မြို့တွင်းပြေးယာဉ်လိုင်းတစ်ခုကနေ "လားရှိုးကို. . . လားရှိုး. . . လားရှိုး. . . လားရှိုး"ဆိုပြီး ခရီးသည်တွေကို ခေါ်ဆိုနေတဲ့ အသံတွေကြောင့် ကားပေါ်မှာလိုက်ပါလာကြတဲ့ ခရီးဖော်တွေအားလုံးက လားရှိုးနဲ့လားရှိုးကြီးဆိုတာကို ကွဲကွဲပြားပြားသိရှိသွားကြရတယ်။

လားရှိုးအကျဉ်းထောင်၊ လားရှိုးရေပူစမ်းတွေကို ကျော်လွန်လာခဲ့ပြီး မကြာခင်မှာ တစ်ချိန်တစ်ခါ နာမည်ကျော်ကြားခဲ့ရတဲ့ အေတီ(AT) စစ်ဆေးရေးဂိတ်ဟောင်းနေရာနဲ့ အေတီချောင်း၊ အေတီတံတားနေရာကိုရောက်လာတယ်။ အရင်က အလွန်စည်ကားခဲ့ရပြီး လူတွေရဲ့ အထူးသဖြင့်ကုန်သည်တွေရဲ့ ဘဝအတက်အကျ၊ အပြောင်းအလဲ၊ အနိမ့်အမြင့်တွေများစွာဖြစ်သွားခဲ့ရတဲ့ နေရာကြီးတစ်ခုပါ။ ဒါပေမဲ့ အေတီချောင်းကလေးကတော့ အရင်တုန်းကလဲ တသွင်သွင်စီးဆင်းနေခဲ့၊ အခုလဲ အပြောင်းအလဲမရှိ တသွင်သွင်စီးဆင်းနေဆဲဖြစ်ကြောင်းကို တွေ့မြင်နေရတယ်။ ဒါကြောင့်မို့ လူတွေက လာလိုက်ကြ၊ သွားလိုက်ကြ၊ မွေးလိုက်ကြ၊ သေလိုက်ကြဖြစ်နေပေမဲ့ စမ်းချောင်းကလေးကတော့ အမြဲတမ်းအပြောင်းအလဲမရှိ စီးဆင်းနေဆဲကို ဖော်ညွှန်းရေးသားထားတဲ့ The Brook အင်္ဂလိပ်ကဗျာထဲက For men may come and men may go. But I go on for ever. ဆိုတဲ့စာကြောင်းလေးကို သွားပြီးသတိရလိုက်မိတယ်။

အေတီချောင်းတံတားကို ဖြတ်ကျော်လာပြီးတာနဲ့ ဟိုပိတ်ဆိုတဲ့ရှမ်းရွာကြီးတစ်ရွာကို ရောက်ရှိလာတယ်။ ဟိုပိတ်က အရင်ကတည်းက ဈေးတွေ၊ ကျောင်းတွေနဲ့ စည်ကားနေခဲ့တဲ့ ရွာကြီးတစ်ရွာဖြစ်သလို အခုအချိန်မှာ နည်းပညာတက္ကသိုလ်တွေကို ဆောက်လုပ်ဖွင့်လှစ်လိုက်တာကြောင့် ပိုပြီးစည်ကားလာတာကိုတွေ့ရတယ်။ ဒါပေမဲ့ လားရှိုးမြို့ရှောင်လမ်းကြီး ဖောက်လုပ်လိုက်လို့ မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးက ဟိုပိတ်ရွာကိုမဖြတ်တော့ဘဲ ရွာအနောက်ကနေ ဖြတ်သန်းသွားရတာကြောင့် တစ်ချိန်က နာမည်ကြီးစားသောက်ဆိုင်၊ ထမင်းဆိုင်ကြီးတွေမှာ ကားအဝင်၊ ဧည့်သည်အဝင်နည်းပါးသွားကြရပြီး အချို့ဆိုင်တွေ ပိတ်လိုက်ကြရတယ်။ ဆိုင်ကြီးတွေက အလုပ်မဖြစ်တော့ဘဲ ပိတ်လိုက်ရပေမဲ့ ကျောင်းသား၊ ကျောင်းသူတွေထားတဲ့ ဘော်ဒါဆောင်တွေက စီးပွားဖြစ်လာခဲ့ကြရတယ်။ လောကဓံတရားအရ အစဉ်အမြဲတည်တံ့မှုရှိမနေဘဲ နိမ့်လိုက်၊ မြင့်လိုက်၊ တက်လိုက်၊ ကျလိုက်၊ ဖြစ်လိုက်၊ ပျက်လိုက်နဲ့ မတည်ငြိမ်တဲ့ သဘောပါ။

လားရှိုးမြို့ကနေ ထွက်လာရင် ပြည်ထောင်စုလမ်းမကြီးအတိုင်း မိုင် ၃၀ အကွာမှာ သိန်းနီမြို့ရှိနေပါတယ်။ လောက်ကိုင်မြို့က သိန်းနီမြို့အထိ မောင်းသွားပြီးမှ လမ်းခွဲကနေ ဆက်လက်သွားရောက်ရမှာပါ။ လားရှိုးနဲ့ သိန်းနီမြို့ကြားမှာ အတက်အဆင်း၊ အကွေ့အကောက် အနည်းငယ်ရှိနေပေမဲ့ ကားတွေရှင်းနေတာကြောင့် ပုံမှန်မောင်းနှင်လာခဲ့ရတယ်။ သိန်းနီမြို့ရောက်ခါနီးမှာ ရေပူစစ်ဆေးရေးဂိတ်ကိုဖြတ်သန်းရတယ်။ ရေပူဂိတ်ကလဲ ဒီလမ်းမကြီးပေါ်မှာ နာမည်ကျော်ကြားလှပါတယ်။ ဒါပေမဲ့ ပြောင်းလဲဖြစ်ပေါ်နေတဲ့ခေတ်အခြေအနေကိုလိုက်ပြီး ပိတ်လိုက်၊ ဖွင့်လိုက်နဲ့ပါ။ ရေပူဂိတ်မှာ ကားကြီး၊ ကားငယ်တွေ အများအပြားတန်းစီပြီးရှိနေကြပေမဲ့ အချိန်ကြာမြင့်စွာမစောင့်လိုက်ရဘဲ တစ်ခဏနဲ့ဖြတ်ကျော်လာခဲ့ရတယ်။

ရေပူဂိတ်ကိုကျော်လွန်လာပြီး မကြာခင်မှာ သိန်းနီမြို့ကိုရောက်လာကြတယ်။ သိန်းနီက မြို့နယ်တစ်ခုဖြစ်နေပေမဲ့ သာမန်မြို့ငယ်လေးတစ်ခုလိုပါ။ မြို့မစည်ပင်သာယာဈေးရှိတဲ့ နေရာပတ်ဝန်းကျင်တစ်ဝိုက်မှာသာ စည်ကားနေပြီး ကျန်တဲ့နေရာတွေမှာ ရှင်းလင်းနေတယ်။ လမ်းမကြီးဘေးကပ်လျက်နေရာတွေမှာ အိမ်တွေ၊ ဆိုင်တွေ၊ အဆောက်အအုံတွေ အများအပြားရှိနေကြပေမဲ့ အိမ်တွေ၊ အဆောက်အအုံတွေ ကျော်လွန်သွားတာနဲ့ အနောက်ဘက်တစ်ကြောမှာ လယ်ကွင်း၊ လယ်ကွက်တွေကိုသာ တွေ့မြင်နေရတော့တယ်။ သိန်းနီမြို့တွင်းကနေ ဖြတ်သန်းမောင်းနှင်လာရင်းနဲ့ ခရီးဖော်တွေကို ရှေ့ ၁၅ မိုင်အကွာ တောင်တန်းကြီးပေါ်မှာ ကွတ်ခိုင်မြို့တည်ရှိနေကြောင်း၊ ကွတ်ခိုင်မြို့က ပင်လယ်ရေမျက်နှာပြင်အမြင့် ၄၄၂၉ ပေမှာ ရှိနေကြောင်းနဲ့ မြို့နယ်တွင်းမှာ ပေ ၆၀၀၀ ကျော်တဲ့တောင်ကြီးတွေရှိကြောင်း၊ ကွတ်ခိုင်မြို့ကိုရောက်အောင် တောင်တန်းကြီးတွေကိုကွေ့ဝိုက်တက်ရောက်သွားရမှာဖြစ်ကြောင်းနဲ့ တောင်တန်းကြီးတွေပေါ် လမ်းပိုင်းနေရာတွေကနေ လွှင်ပြင်အဖြစ်တည်ရှိနေတဲ့ သိန်းနီမြို့ကို လှလှပပမြင်တွေ့ရမှာဖြစ်ကြောင်းတွေကို ပြောပြနေရတယ်။ မြန်မာနိုင်ငံမှာ မြောက်ယဉ်စွန်းတန်း သို့မဟုတ် မြောက်လတ္တီတွဒ် ၂၃°၂ ဒီဂရီမျဉ်းဖြတ်သွားခဲ့တဲ့မြို့သုံးမြို့မှာ ကွတ်ခိုင်မြို့ပါဝင်နေပါတယ်။ အဲဒီမြို့တွေက တီးတိန်၊ တကောင်း၊ ကွတ်ခိုင်မြို့တွေပါ။ မိမိအနေနဲ့ မြို့သုံးမြို့စလုံးကို ရောက်ဖူးနေပြီး "မြောက်ယဉ်စွန်းတန်း ဤနေရာ၌ ဖြတ်သန်းသွားသည်"ဆိုတဲ့ ဆိုင်းဘုတ်တွေနဲ့အတူ မှတ်တမ်းဓာတ်ပုံတွေ ရိုက်ယူထားနိုင်ခဲ့တာက ထူးခြားချက်တစ်ခုလိုဖြစ်နေပါတယ်။

သိန်းနီမြို့တွင်းကို ကျော်ဖြတ်လာပြီးတာနဲ့ လမ်းဆုံနေရာတစ်ခုကို ရောက်လာတယ်။ ဘယ်ဘက်လမ်းအတိုင်း လိုက်သွားမယ်ဆိုရင် ကွတ်ခိုင်၊ မူဆယ် စတဲ့မြို့တွေကို ရောက်ရှိသွားမှာဖြစ်ပြီး ညာဘက်လမ်းကနေ သွားမယ်ဆိုရင် ကွမ်းလုံ၊ ချင်းရွှေဟော်နဲ့ လောက်ကိုင်မြို့တွေရှိရာကို ရောက်သွားမှာပါ။ မိမိတို့အဖွဲ့က လောက်ကိုင်မြို့ကိုသွားမှာဖြစ်လို့ ဘယ်ဘက်လမ်းကနေ မောင်းနှင်လာခဲ့ရတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း ၃၀ ဝန်းကျင်လောက်က ကွမ်းလုံလမ်းခွဲနေရာကို ရောက်ရှိခဲ့ရပြီး အဲဒီတုန်းကလမ်းအခြေအနေက ကတ္တရာလမ်းကျဉ်းကျဉ်းနဲ့အတူ ချိုင့်တွေ၊ ကျင်းတွေ ပေါများနေတဲ့လမ်းဆိုးဆိုးကြီးပါ။ အခုလက်ရှိအခြေအနေမှာ ဘယ်လိုလမ်းမျိုးကနေ ဘယ်လိုမောင်းနှင်သွားလာကြရမယ်ဆိုတာကို မသိသေးပါဘူး။ ဘာပဲဖြစ်ဖြစ် ကွမ်းလုံမြို့ကနေတစ်ဆင့် ချင်းရွှေဟော်မြို့ကိုဖြတ်ပြီး လောက်ကိုင်မြို့ကို အချိန်မီရောက်အောင် မောင်းနှင်လိုက်ပါအုံးမယ်။

အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေကြောင်းသင်္ဘောလိုင်း ၁၈ လိုင်းမှ ယခုလတွင် ကုန်သေတ္တာတင်သင်္ဘော ၅၁ စီး ဝင်ရောက်ဆိုက်ကပ်နိုင်ရေး လျာထားဆောင်ရွက်နေ

ရန်ကုန် ဖေဖော်ဝါရီ ၃

အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေကြောင်း သင်္ဘောလိုင်း ၁၈ လိုင်းမှ ယခုလတွင် ကုန်သေတ္တာတင်သင်္ဘော ၅၁ စီး ဝင်ရောက်ဆိုက်ကပ်နိုင်ရေး လျာထားဆောင်ရွက်နေကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ဖေဖော်ဝါရီ ၁ ရက် ထုတ်ပြန်သော သတင်းများအရ သိရသည်။

ယခုအခါ ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံများနှင့် ကုန်သွယ်မှုလုပ်ငန်းများကို ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှ ပိုမိုဆောင်ရွက်လာနေသဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများသို့ နိုင်ငံတကာ ကုန်သေတ္တာတင် ကုန်သွယ်ရေကြောင်း သင်္ဘောကြီးများ လစဉ်ဝင်ရောက်ဆိုက်ကပ်နိုင်ရေးအတွက်ကိုလည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ အကောက်ခွန်ဦးစီးဌာနနှင့်ဌာနဆိုင်ရာများ၊သက်ဆိုင်ရာ အသင်းအဖွဲ့များ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်း ပိုင်ရှင်များက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများအရ ယခု ဖေဖော်ဝါရီလအတွင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများသို့ နိုင်ငံတကာကုန်သေတ္တာတင် ကုန်သွယ်ရေကြောင်း သင်္ဘောလိုင်းများဖြစ်သည့် NEW GOLDEN SEA(COSCO) သင်္ဘောလိုင်းမှ ကိုးစီး၊ SEA AND MAERSK ASIA သင်္ဘောလိုင်းမှ ကိုးစီး၊ M.S.C LINE သင်္ဘောလိုင်းမှ လေးစီး၊ P.I.L သင်္ဘောလိုင်းမှ သုံးစီး၊ R.C.LLINE သင်္ဘောလိုင်းမှ သုံးစီး၊ SAMUDERA SHIPPING LINE သင်္ဘောလိုင်းမှ သုံးစီး၊ SITC LINE သင်္ဘောလိုင်းမှ သုံးစီး၊ TI2 CONTAINER LINE သင်္ဘောလိုင်းမှ သုံးစီး၊ BIPL LINE သင်္ဘောလိုင်းမှနှစ်စီး၊ EVERGREENLINE သင်္ဘောလိုင်းမှ နှစ်စီး၊ X-PRESS FEEDER LINEသင်္ဘောလိုင်းမှ နှစ်စီး၊ BAY LINE သင်္ဘောလိုင်းမှ တစ်စီး၊ CMA-CGM LINE သင်္ဘောလိုင်းမှ တစ်စီး၊ GOLD STAR LINE သင်္ဘောလိုင်းမှ တစ်စီး၊ IAL LINE သင်္ဘောလိုင်းမှ တစ်စီး၊ LAND AND SEA သင်္ဘောလိုင်းမှ တစ်စီး၊ MTT SHIPPING LINE သင်္ဘောလိုင်းမှနှစ်စီး၊ RCLLINEသင်္ဘောလိုင်းမှ တစ်စီး ဝင်ရောက်ဆိုက်ကပ်ရန် လျာထား ဆောင်ရွက်နေခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သိရသည်။

(၃၃၆)

ပုံရွာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၂၅၈၁ ဧက စိုက်ပျိုးပြီးစီး

မုံရွာ ဖေဖော်ဝါရီ ၃

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၁၂၅၈၁ ဧက စိုက်ပျိုးစီးနေပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရ သိရသည်။

မုံရွာခရိုင်အတွင်း ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၂၀၈၅၆ ဧကစိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဟင်းသီးဟင်းရွက်သီးနှံ ၁၂၅၈၁ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

"မုံရွာခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဟင်းသီးဟင်းရွက်သီးနှံ ဧက ၂၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားတယ်။ လက်ရှိအချိန်ထိတော့ ဧက ၁၀၀၀၀ ကျော်လောက် စိုက်ပျိုးပြီးစီးနေပြီ။ ဟင်းသီးဟင်းရွက်သီးနှံဧက လျာထားချက်ပြည့်မီအောင်စိုက်ပျိုးသွားမှာပါ။ ဟင်းသီးဟင်းရွက်သီးနှံတွေဖြစ်တဲ့ မုန်ညင်းရွက်၊ ဂေါ်ဖီထုပ်၊ ပန်းမုန်လာ၊ နံနံ၊ ဆလတ် စတဲ့ဟင်းသီးဟင်းရွက်တွေ စိုက်နေကြတာပါ"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

မုံရွာခရိုင်အတွင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၆၅၈၈ ဧက၊ ဘုတလင်မြို့နယ်တွင် ၁၅၅ ဧက၊ အရာတော်မြို့နယ်တွင် ၁၃၅ ဧက၊ ချောင်းဦးမြို့နယ်တွင် ၁၃၃ ဧက၊ ဒီပဲယင်းမြို့နယ်တွင် ၆၅၈၈ ဧက၊ ဘုတလင်မြို့နယ်တွင် ၁၅၅ ဧက၊ အရာတော်မြို့နယ်တွင် ၁၃၃ ဧက၊ ချောင်းဦးမြို့နယ်တွင် ဧက ၄၅၂၀ စုစုပေါင်း ၁၂၅၈၁ ဧက တို့ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ ကျန်းမာရေးနှင့် ညီညွတ်သော ဟင်းသီးဟင်းရွက် ရရှိရေး၊ သဘာဝမြေဩဇာ၊ ပိုးသတ်ဆေးများ ပြုလုပ်သုံးစွဲရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၂၀၆)

မိုးကောင်းမြို့နယ် တောင်နီကျေးရွာ၌ မြစ်မံးရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မိုးကောင်း ဖေဖော်ဝါရီ ၃

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြစ်မံးရောင် ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တောင်နီကျေးရွာ၌ ဆီထွက်သီးနှံ(နေကြာ)စိုက်ပျိုးနေမှုကို ဖေဖော်ဝါရီ ၂ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူဝင်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက တောင်နီကျေးရွာ၌ ဆီထွက်သီးနှံ (နေကြာ)စိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြစ်မံးရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)လုပ်ငန်းအဖွဲ့ဝင်များက နေကြာစိုက်ပျိုးထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ရာ မြို့နယ်ဦးစီးမှူးက မြစ်မံးရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းနှင့် ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

မိုးကောင်းမြို့နယ်အတွင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကုန်းတန်းကြီး၊ တောင်နီနှင့် ပင်လုံကျေးရွာသုံးရွာတို့၌ မြစ်မံးရောင်ကျေးရွာ စီမံကိန်း Type-3 အမျိုးအစားဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ တောင်နီကျေးရွာတွင် နေကြာစိုက်တောင်သူ ၂၄ ဦးတို့က စိုက်ဧက ၇၁ ဒသမ ၅ ဧက စိုက်ပျိုးထားရှိပြီး တောင်သူများ လိုအပ်လျက်ရှိသည့် စိုက်ပျိုးစရိတ်၊ မျိုးစေ့နှင့်သွင်းအားစုများ ဝယ်ယူသုံးစွဲနိုင်ရန် မြစ်မံးရောင်ကျေးရွာ စီမံကိန်း(ဆီထွက်သီးနှံ) ရန်ပုံငွေ ကျပ်သိန်း ၁၀၀ ထုတ်ချေးပေးထားကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူဝင်းထံမှ သိရသည်။

ဗျစ်ဦးကို

မြန်အောင်မြို့နယ် ပန်းညိုကွင်းကျေးရွာ၌ မြစ်မံးရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

မြန်အောင် ဖေဖော်ဝါရီ ၃

ရောဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ပန်းညိုကွင်းကျေးရွာနှင့် ပြည့်စင်ကွင်းကျေးရွာ၌ မြစ်မံးရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ တတိယအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက ပန်းညိုကွင်းကျေးရွာ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ထွန်းအောင်က မြစ်မံးရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့်တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစ်မံးရောင်ကျေးရွာ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားပြီး မြစ်မံးရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၃၂ ဒသမ ၄ သန်းကို ကျေးရွာကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစ်မံးရောင်ကျေးရွာ စီမံကိန်း ကော်မတီဝင်များက ပန်းညိုကွင်းကျေးရွာနှင့် ပြည့်စင်ကွင်းကျေးရွာတို့မှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၈ ဦးကို ငွေကျပ် ၂၂ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦးကို ငွေကျပ် ၅ ဒသမ ၅သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် တစ်သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ် ၃ ဒသမ ၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သံသာ**

ဘုတ်ပြင်းမြို့နယ် ကျေးရွာနှစ်ရွာတွင် မီးလင်းရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

ဘုတ်ပြင်း ဖေဖော်ဝါရီ ၃

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘုတ်ပြင်းမြို့နယ် ကျေးရွာနှစ်ရွာတွင် ဆိုလာအသေးစားဓာတ်အားပေးစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဦးအောင်ထွန်းလေးနှင့် တာဝန်ခံအင်ဂျင်နီယာများက သက်ဆိုင်ရာကျေးရွာ မီးလင်းရေးကော်မတီဝင်များ၊ ကုမ္ပဏီတာဝန်ရှိသူများနှင့်အတူ ဘုတ်ပြင်းမြို့နယ်အတွင်းရှိ ကံမော်ကြီးနှင့် ရေင်ကြီးကျေးရွာနှစ်ရွာ၌ ဆိုလာအသေးစားဓာတ်အားပေးစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဆိုလာစက်ရုံ တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တမြို့နယ်ဦးစီးမှူးက လုပ်ငန်းအရည်အသွေး ပြည့်မီစေရေး၊ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးနိုင်ရေးနှင့် ကျေးရွာမှ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးရမည့် အကြောင်းအရာများကို ဆွေးနွေးပြောကြားသည်။

အဆိုပါ ဆိုလာအသေးစားဓာတ်အားပေးစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် စီမံကိန်းပုံပိုးငွေ(မဲခေါင်-လန်ချန်းအထူးရန်ပုံငွေနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဘတ်ဂျက်) ၆၀ ရာခိုင်နှုန်း၊ ကုမ္ပဏီမှရင်းနှီးမြှုပ်နှံငွေ ၂၀ ရာခိုင်နှုန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ၂၀ ရာခိုင်နှုန်း စုစုပေါင်းရန်ပုံငွေ ကျပ် ၁၇၅၆ ဒသမ ၉ သန်းဖြင့် ၎င်းနဝါရီ ၁၈ ရက်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ ကံမော်ကြီးနှင့် ရေင်ကြီးကျေးရွာနှစ်ရွာတွင် မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာနှစ်ရွာရှိ အိမ်ခြေ ၅၄၀ မှ ပြည်သူများ လျှပ်စစ်မီးရရှိသည့် အပြင် ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေးနှင့် အသေးစား၊ အကြီးစား ကုန်ထုတ်လုပ်ငန်းများကို အထောက်အကူပြုနိုင်တော့မည်ဖြစ်ကြောင်း ခေတ္တမြို့နယ် ဦးစီးမှူး ဦးအောင်ထွန်းလေးက ပြောပြ၍ သိရသည်။ **မင်းမြင့်မိုရ်**

ချိန်ခါမရွေး သတိပေး
မီးဘေးကင်းဝေးမှာ

ခေတ်မရွေးတဲ့ကဗျာ (၁၂)

မန်းတင့်မော်

လူနှင့်လူပတ်ဝန်းကျင်တွင် အလှတရားများစွာ တည်ရှိနေပါသည်။ သဘာဝအလှတို့ဖြင့် ကြွယ်ဝသော ပတ်ဝန်းကျင်ကလည်း လူသားတို့ထက်ပင် ရှေးကျစွာ ပေါ်ထွက်ခဲ့သည်ဟု ပညာရှင်များကဆိုပါသည်။ ကမ္ဘာဦးလူတို့ နေနှင့်လကို စတင်တွေ့ရှိစဉ်က အလွန် ပျော်ရွှင်ခဲ့ကြသည်ဟူ၍လည်း မှတ်သားဖူးပါသည်။ ဤနေရာတွင် နေနှင့်လ၏ လူသားတို့အပေါ် အကျိုးပြုပုံများကလည်း ဆင်ခြင်တွေးတောရာမှတစ်ဆင့် နှစ်ပေါင်းရာထောင်ချီ၍ လေ့လာစူးစမ်းခဲ့ စူးစမ်းဆဲ စူးစမ်းနေဦးမည်မှာလည်း သေချာမှုတစ်ခုပင်ဖြစ်သည်။ လူသားတို့၏ နေနှင့်လဆိုင်ရာ ကိုးကွယ်ယုံကြည်မှု၊ အသုံးချမှုနှင့် ခံစားမှုများကား တွက်ရေမဆုံးများစွာရှိနေသေးသည်။ အခြေခံအားဖြင့် နေ့အခါတွင် နေ၏အလင်းရောင်က ဝန်းကျင်အလှဆောင်သကဲ့သို့ ညအခါတွင် လမင်းအလင်းရောင်ကလည်း တစ်မျိုးတစ်ဖုံ အလှဖြည့်စွက်ပေးလျက်ရှိပါသည်။

လမင်း၏အဆင်းကား ပဝင်းလှပါ၏။ လဆန်းစ လကွေးကွေးကလေးသည်ပင် မြင်ရသူအဖို့ ဝမ်းမြောက်စေသကဲ့သို့ လပြည့်ည၏ရှန်းပသော ငွေရောင်အဆင်းက လူသားတို့အတွက် ရှင်ပျအားရ နှစ်သက်မှုကိုဖြစ်စေသည်။ ငွေစန္ဒာလရထားဟူ၍လည်းကောင်း၊ စန္ဒာယုန်မင်းဟူ၍လည်းကောင်း၊ ချမ်းမြေမြသီတဂူဟူ၍တစ်နည်း အမည်သညာအမျိုးမျိုးဖြင့် တင်စားခံရသော လမင်းလည်းဖြစ်ပါပေသည်။ လမင်း၏အလင်းရောင်က နေနှင့်ဆက်စပ်မှုရှိသည်ဟူ၍လည်း သိပ္ပံပညာရှင်များက ရှေးအခါကပင် ဖော်ထုတ်ပြသနိုင်ခဲ့ပါ၏။ နေ၏အလင်းရောင်ပူပြင်းခြင်းက အပင်နှင့်သတ္တဝါများကို ရှင်သန်စေနိုင်သကဲ့သို့ လ၏အလင်းရောင် အေးမြခြင်းကလည်း လူသားတို့၏ စိတ်နှလုံးချမ်းမြေ့ခြင်းကို ဖြစ်ပေါ်စေပါသည်။ လနှင့်ဆိုင်ရာ စာပေ၊ ဂီတ၊ သဘင်၊ ရုပ်ရှင်ရုပ်မြင်ဆိုင်ရာများကို ကမ္ဘာ့နိုင်ငံအသီးသီးက ခေတ်အဆက်ဆက်ရေးသားဖွဲ့ဆို ကပြရိုက်ကူးခဲ့ကြသည်များကလည်း များပြားလှပါသည်။ မြန်မာ့စာပေဂီတအဖွဲ့အန္ဓဲ့များကလည်း လကိုအလေးထား၍ ခံစားရေးဖွဲ့ခဲ့သည်များကလည်း များစွာရှိခဲ့ရှိဆဲ၊ ရှိနေဦးမည်ဖြစ်ပါသည်။ ၎င်းတို့အထဲမှ ဆရာတင်မိုး၏ အလှကိုယ်စီကဗျာအဖွင့်တွင်-

ဖိုးလမင်းလည်း
သူ့အဆင်းနှင့် အလင်းနှင့်။ ဟုစတင်လိုက်ပါသည်။

ကျောက်ခေတ်လူသားများက မီးကိုစတင်အသုံးပြုတတ်ကြသည်ဟု မနုဿဗေဒပညာရှင်များက ဆိုပါသည်။ မီး၏စွမ်းအားကား ကြီးမားလှပါ၏။ သုံးတတ်လျှင်မိတ်ဆွေ၊ မသုံးတတ်လျှင်ရန်သူလည်းမည်ပါ၏။ ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လျှပ်စစ်မီးကို သုံးစွဲလာကြရာ စက်မှုဖွံ့ဖြိုးတိုးတက်သည်နှင့်အမျှ လျှပ်စစ်မီးထုတ်လုပ်ရန် ကြိုးပမ်းမှုများကလည်း မရပ်မနားလုပ်ဆောင်ခဲ့ရာ ရေအားလျှပ်စစ်အစ နေစွမ်းအင်၊ လေစွမ်းအင်၊ အလယ်ဇီဝစွမ်းအင် အသုံးလျှပ်စစ်ဓာတ်များထုတ်လုပ်သုံးစွဲနိုင်ခဲ့ပြီးဖြစ်သည်။ တစ်ခေတ်တစ်ခါက "လျှပ်စစ်ဖြင့် လောကနိဗ္ဗာန်တည်ဆောက်အုံ့"ဟူသော ဆောင်ပုဒ်ပေါ်ပေါက်ခဲ့ဖူးသည်ကိုလည်း အမှတ်ရနေမိသည်။ မီး၏အရောင်အဆင်းသည် လောကလူဘောင်ကို အမှောင်ခွင်း၍ အလင်းဆောင်နိုင်သည်။ ကိုးကွယ်ယုံကြည်ရာ ဘာသာတရားတို့တွင် မီးပူဇော်သော အလေ့အထများလည်းရှိကြသည်။ သဘာဝအားဖြင့် ထင်းမှီးရရှိနိုင်သလို ဆီအမျိုးမျိုးကို မီးစာတပ်လျက် ဆီမီးထွန်းညှိပူဇော်လေ့ရှိကြပါသေးသည်။

ဆီမီးကို ပညာနှင့်ထပ်တူပြုကာ ပညာဆီမီးဟူ၍လည်း ပုံခိုင်းသုံးနှုန်းကြပါသေးသည်။ ဆီမီးက အရပ်မျက်နှာအားလုံး လင်းလက်စေသကဲ့သို့ ပညာကလည်း အရပ်ဒေသမရွေး၊ လူမျိုးမရွေး၊ ဘာသာမရွေး အတွေးသစ်၊ အမြင်သစ်၊ အသိသစ်များကို ဖြန့်ကြက်နိုင်ပေသည်။ ဤနေရာတွင် ပညာ၏သဘော၊ ပညာသဘာဝ၊ ပညာ၏စွမ်းပကားကလည်း အကျဉ်းအကျယ်၊ ကြီးငယ်အလတ်နှင့် အတိမ်အနက်ဟူသော အတိုင်းအတာများလည်း ရှိပေသေးသည်။ အလင်းဆောင်သော မီးတိုင်ငယ်လေးဟူ၍လည်း အထင်မသေးသင့်ပါ။ ကဗျာဆရာက-

မီးတိုင်ငယ်လည်း
သူ့အရွယ်နှင့် အစွယ်နှင့်။ဟုဆက်လက်ရေးဖွဲ့သည်။

သဘာဝပတ်ဝန်းကျင်ကို အခြေခံအားဖြင့် အလှဆင်ကြသည်မှာ သစ်တောသစ်ပင်များဖြစ်သကဲ့သို့ နွေ၊ မိုး၊ ဆောင်းရာသီများကို သိရှိနိုင်သောပန်းများကလည်း ဖူးပွင့်ဝေဆာလျက်ရှိနေတတ်ပါသည်။ မြန်မာတို့က "ရာသီမသီ ပန်းနှင့်ညှိ"ဟူသော ဆိုရိုးစကားဖြင့် ပတ်ဝန်းကျင်ရှိ ပန်းအလှများကို ရှုမြင်ခံစားလေ့ရှိသည်။ သဘာဝပန်းပင်သာမက တယုတယစိုက်ပျိုးလေ့ရှိသော တန်ဖိုးအသီးသီးရှိ ပန်းများကလည်း ဘယ်ပန်းသာလို့ ယဉ်ဟု ဆိုရလောက်အောင်ပင် ပေါများလှပါသေးသည်။ ပန်းဟူသည်မှာလည်း မွှေးမှ လှမှ သူ၏ဂုဏ်သတင်းက ကျော်ကြားလေ့ရှိသည်။ မြန်မာတို့က ပန်းအမျိုးမျိုးကို ရိုးရာယုံကြည်မှုဆိုင်ရာ ကိုးကွယ်မှုများတွင် လေးလေးစားစား ကပ်လှူပူဇော်မြဲဖြစ်သည်။ ပန်းအရွယ်ငယ်လျှင် ကုံးသီ၍ ပူဇော်သည်။ ပန်းဖူးပန်း ခက်ပန်းခိုင်များကိုလည်း မြိုင်ဆိုင်လှပစွာ အိုးတွင်ထိုးစိုက်လျက်လည်း လှူလေ့ရှိသည်။ သာရေး၊ နာရေး၊ လူမှုရေးများတွင်လည်း ပန်းကိုအသုံးပြုကြသည်။ ရှေ့တိုင်းနိုင်ငံအများတွင် မိန်းမယျိုလေးများ ပန်းပန်သောဓလေ့ရှိကြသည်။ မြန်မာတို့ကမူ အရွယ်မရွေး ပန်းပန်လေ့ရှိကြသည်။ အထူးသဖြင့် မွေးသော၊ လှသော ပန်းများကို ကြိုးဖြင့်သီကုံးပန်ဆင်လေ့ရှိရာ ပန်းပန်ထားသော အမျိုးသမီးကြီး၊ ငယ်တို့တွင် ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသည်ဟု ယူဆလေ့ရှိကြသည်။ ရာသီအလိုက်ပွင့်သောပန်းများကိုလည်း မြတ်နိုးစွာ ပန်ဆင်လေ့ရှိကြရာ "မိုးမှာစံပယ် နွေဝယ်ပိတောက် ဆောင်းရောက်သဇင်"ကိုလည်း မျှော်လင့်စောင့်စားလျက်ရှိကြသေးသည်။ စံပယ်၏အလှကား အဆင်းဖြူ ဖွေးခြင်းနှင့် ရနံ့ကြိုင်သင်းခြင်းကို ညွှန်းဆိုနိုင်သည်။ ရှေးအခါက စံပယ်ပန်းနှင့် နှမ်းကို ရောနှောကြိတ်၍ စံပယ်ဆီအဖြစ်ရောက်စေကာ နန်းတွင်းတွင် အသုံးပြုခဲ့သော မှတ်တမ်းများလည်းရှိသည်။ နွေအရောက်တွင် ရွှေပိတောက်တို့က ဝါဝါထိန်ထိန်ပွင့်ကြပြီ။ မြန်မာတစ်မျိုးသားလုံးက ပိတောက်များလှိုင်သည့်နှစ်ကို ဝမ်းမြောက်ဝမ်းသာကြိုဆိုလေ့ရှိကြသည်။ ပိတောက်နှင့် မြန်မာ ခွဲခြားမရအောင် တစ်သားတည်းရှိသဖြင့် အမျိုးသားပန်းသဖွယ် ဂုဏ်ယူကြရသော ပန်းလည်းဖြစ်နေပါသည်။ မြန်မာ့နှစ်ဦးသက်ဒိန်ကာလနှင့် ပိတောက်ပွင့်ချိန်တို့ကလည်း တိုက်ဆိုင်လျက်ရှိရာ ရေသာဘင်ပွဲနှင့် ပန်းပိတောက်တို့၏လိုက်ဖက်တင့်တယ်မှုမှာလည်း ပြည့်စုံလျက်ရှိပါတော့သည်။ ထို့ကြောင့်ပင် ကဗျာဆရာတင်မိုးက-

စပယ်ဦးလည်း
သူ့ဂုဏ်ထူးနှင့် ငုံဖူးနှင့်။
ပိတောက်ဝါလည်း
သူ့အခါနှင့် နုံသာနှင့်။ ဟုဆက်လက်စပ်ဆိုပါသည်။

သက်ရှိလောကသဘာဝတွင် မရှိမဖြစ်လိုအပ်ချက်မှာ "ရေ"ဖြစ်ပါသည်။ သစ်ပင်နှင့်လူအပါအဝင် သတ္တဝါအားလုံး ရေရှိမှအသက်ရှင်နိုင်ကြသည်။ ပတ်ဝန်းကျင်ရှိရေကိုလည်း နည်းအမျိုးမျိုးဖြင့် ရယူသုံးစွဲကြရပါသည်။ ရေမြေတောတောင်သဘာဝတွင် မြစ်ချောင်းများက သွယ်ဖြာစီးဆင်းလျက်ရှိရာ မြစ်ချောင်းတို့၏ အလှကလည်း အလှတရားများပင်ဖြစ်သည်။ မြစ်ကချောင်းထက်ကျယ်ဝန်း၍ နက်ရှိုင်းသည်။ မြစ်အတွင်းစီးဆင်းနေသော ရေအလျဉ်ကလည်း တသွင်သွင်။ တစ်ခါတစ်ရံ ငြိမ်သက်ပြီး အချို့ကာလများတွင် လှိုင်းကြီးလေထန်သည်။ လေ၊ သင်္ဘော၊ ဖောင်များက မပြတ်စုန်ဆန်ဆဲ။ ထို့အတူ ချောင်းရေကလည်း ရေစီးရေလာသဘာဝချင်းတူ၍ အကျဉ်းအကျယ်နှင့် အတိမ်အနက်သာ ကွာခြားသည်။ ချောင်းငယ်ဆိုသော်ငြား သူ့အလှနှင့်သူ ရှိနေပုံကို-

မြစ်ပြင်နက်လည်း
သူ့သိုင်းကွက်နှင့် လှိုင်းယက်နှင့်။
စမ်းချောင်းခွေလည်း
သူ့ချောင်းရေနှင့် လောင်းလှေနှင့်။ ဟု မြစ်ချောင်းအလှကို အကျဉ်းမျှဖွဲ့သီပါသည်။

လူတိုင်း လူတိုင်းတွင် အလှရှိသည်။ မည်သည့်အရာပင်ဖြစ်ဖြစ် လှပမှု အကွက်တစ်ကွက်စီရှိနေသည်။ သဘာဝက လူပင်ဖြစ်စေ၊ သတ္တဝါပင်ဖြစ်စေ၊ သစ်ပင်များဖြစ်စေ အားလုံးတွင် ရုပ်အလှနှင့် စွမ်းဆောင်ရည်အလှများကို ပေးအပ်ထားသည်ဟုဆိုပါသည်။ ထိုအလှများကို အချင်းချင်းတွင် မနာလိုဝန်တိုစိတ်များနှင့် ငြိုငြင်ခြင်းသည် မလှမပဖြစ်ခြင်းမည်သည်။ လူအားလုံးတွင်မဆိုသာသော်လည်း အများစု၌တော့ မနာလိုဝန်တိုမှုများ အနည်းနှင့်အများ သို့မဟုတ် ကာလတို ကာလရှည်ရှိနေတတ်သည်သာ။ ထိုမကောင်းမှု အတွေးအမြင်မှ ကြီးထွားလာသော ကာယကံအမှုများ ကြောင့်လည်း မိတ်ဆွေမှရန်သူအဖြစ် ပြောင်းလဲတတ်သည်။ ပို၍ဆိုရလျှင် ဆန့်ကျင်ဘက်များ အားကောင်း၍ စစ်ပွဲကြီးများအသွင်သို့ပင် ပြောင်းလဲတတ်ပါသည်။ လူတိုင်းလူတိုင်း၊ မြို့၊ ရွာ၊ တိုင်းပြည်၊ အဖွဲ့အစည်းစသည်ဖြင့် ဆိုင်ရာဆိုင်ရာများတွင် ဂုဏ်ကျက်သရေနှင့် အရှိန်အဝါအသီးသီးဖြင့် ရပ်တည်လျက်ရှိပါသည်။ ကာလဒေသအလျောက်လည်း အရေးပါအရာရောက်လျက်လည်း ရှိနေပါသည်။ စွမ်းဆောင်ရည် အသီးသီးရှိနေသော သတ္တိများလည်းရှိပြန်သည်။ အလှတရားအားလုံးတို့တွင် စိတ်အလှကသာ အလိုအပ်ဆုံး၊ အရေးပါဆုံးနှင့် အလှဆုံးဖြစ်ကြောင်းကိုလည်း နိမိတ်ပုံများနှင့် ယှဉ်ထိုးကာ သတိပေးခြင်းဖြင့် ကဗျာကို-

မည်သည့်အရာ၊ မဆိုသာတည့်
သူမှာကိုယ့်မှာ၊ အလှသာတည့်။
သဘာဝလျှင်
အလှကိုယ်စီ၊ စွမ်းရည်ကိုယ်ငယ
လက်ဆောင်ဌ၏။
အလှဝန်တို၊ မငြင်ငြိုနှင့်
ဝန်တိုမှုသာ၊ မလှရာတည့်။
သူ့ဂုဏ်သူ့သိန်း၊ သူ့အရှိန်နှင့်
အချိန်အခါ၊ နေရာဒေသ
ဌာနအလျောက်၊ အရေးရောက်သည်
စွမ်းလောက်နိုင်သူချည်းပါတကား။ ။ ဟု ကဗျာစာဆိုက အဆုံးသတ်လိုက်ပါသည်။ အလှအပနှင့်အလှတရားက ကမ္ဘာကြီးတည်ရှိသရွေ့ တည်ရှိနေပါလိမ့်ဦးမည်။ အလှနှင့်ယှဉ်၍ တွေးမြင်စရာပေးသော အထက်ပါကဗျာကလည်း ခေတ်မရွေးသည့် ကဗျာတစ်ပုဒ်ဟု ထင်မြင်လျက်ရှိပါကြောင်း တင်ပြလိုက်ရပါသတည်း။

❖ လမင်း၏အဆင်းကား ပဝင်းလှပါ၏။ လဆန်းစ လကွေးကွေးကလေးသည်ပင် မြင်ရသူအဖို့ ဝမ်းမြောက်စေသကဲ့သို့ လပြည့်ည၏ရှန်းပသော ငွေရောင်အဆင်းက လူသားတို့အတွက် ရှင်ပျအားရနှစ်သက်မှုကို ဖြစ်စေသည်။ ငွေစန္ဒာလရထားဟူ၍လည်းကောင်း၊ စန္ဒာယုန်မင်းဟူ၍လည်းကောင်း၊ ချမ်းမြေမြသီတဂူဟူ၍တစ်နည်း အမည်သညာအမျိုးမျိုးဖြင့် တင်စားခံရသော လမင်းလည်းဖြစ်ပါပေသည်။ လမင်း၏အလင်းရောင်က နေနှင့်ဆက်စပ်မှုရှိသည်ဟူ၍လည်း သိပ္ပံပညာရှင်များက ရှေးအခါကပင် ဖော်ထုတ်ပြသနိုင်ခဲ့ပါ၏။ နေ၏အလင်းရောင်ပူပြင်းခြင်းက အပင်နှင့်သတ္တဝါများကို ရှင်သန်စေနိုင်သကဲ့သို့ လ၏အလင်းရောင် အေးမြခြင်းကလည်း လူသားတို့၏ စိတ်နှလုံးချမ်းမြေ့ခြင်းကိုဖြစ်ပေါ်စေပါသည်။ ❖

ဘားအံမြို့နယ် မုဏ္ဍဒီကျေးရွာ၌ Smart Village စီမံကိန်းလုပ်ငန်းများ စစ်ဆေး

ဘားအံ ဖေဖော်ဝါရီ ၃

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် မုဏ္ဍဒီကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် Smart Village(စံပြကျေးရွာ)စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးရန်မျိုးနိုင်၊ ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်နှင့် တာဝန်ရှိသူများသည် မုဏ္ဍဒီကျေးရွာ၌ နိုင်ငံတော်ပံ့ပိုးရန်ပုံငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ငါးသန်းဖြင့် ကျေးရွာတွင်းလမ်းဘေးအုတ်စီရေမြောင်း အရှည် ပေ ၁၀၀၀၊ အကျယ် နှစ်ပေ၊ အနက် နှစ်ပေ တည်ဆောက်နေမှု၊ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၃၃ ဒသမ ၂ သန်းဖြင့် မုဏ္ဍဒီ-မိကရင်ကျေးရွာ ကုန်ထုတ်လမ်းပေါ်၌ ကွန်ကရစ်တံတားလေးစင်းနှင့် Box Culvert နှစ်စင်း တည်ဆောက်နေမှု၊ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၅၃ ဒသမ ၈ သန်းဖြင့် ကုန်ထုတ်လမ်းအရှည် ၈ဒေါ်ဝလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မ မြေနီကျောက်စရစ်ခင်းခြင်းနှင့် Box Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း၊ ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၁၅၆ ဒသမ ၈၃ သန်းဖြင့် မုဏ္ဍဒီ-မိကရင်လမ်း အရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူး ဦးရန်မျိုးနိုင်က လုပ်ငန်းများ အချိန်မီပြီးစီးရေး မှာကြားသည်။

အဆိုပါ Smart Village(စံပြကျေးရွာ) စီမံကိန်းလုပ်ငန်းကို ကျေးရွာအခြေခံအဆောက်အအုံဖွံ့ဖြိုးရေး၊ အသက်မွေးဝမ်းကျောင်းနှင့် ကျေးလက်စီးပွားမြင့်မားစေရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း စသည်ကဏ္ဍကြီး ခြောက်ရပ်တွင် အကျုံးဝင်သော လုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အတွေး

တနင်္ဂနေနေ့ညပွဲစဉ်တွေထဲက ဥရောပဝင်ခွင့်သေချာဖို့ အစွမ်းကုန်ကြိုးပမ်းလာမဲ့ စပါး၊ အင်တာမီလန်၊ ဆိုစီဒက်အသင်းတို့ကို အားပေးရမှာပါ

ML

လာမဲ့တနင်္ဂနေနေ့ညမှာကစားမဲ့ အမှတ်ပေးပြိုင်ပွဲတွေမှာတော့ ပရီးမီးယားလီဂ်၊ စီးရီးအေနဲ့ လာလီဂါပြိုင်ပွဲတွေထဲက ပြိုင်ဆိုင်မှုအားကောင်းတဲ့အသင်းတွေကိုပဲ ဆက်လက်ရွေးချယ်သွားမှာပါ။ အခုဆိုရင် အပြောင်းအရွှေ့ပိတ်သိမ်းခဲ့ပြီးဖြစ်လို့ အသင်းအားလုံးရဲ့ရည်မှန်းချက်နဲ့ခြေစွမ်းပိုင်းတွေကို ခန့်မှန်းလို့ရတဲ့အခြေအနေမှာရှိနေပါတယ်။

စပါး နဲ့လက်တွဲရမှာပါ

တနင်္ဂနေနေ့ညမှာကစားမဲ့ ပရီးမီးယားလီဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ စပါးနဲ့ မန်စီးတီးအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ စပါး အသင်းဟာ ဇန်နဝါရီ ၂၀ ရက်က မန်စီးတီးအသင်းနဲ့ကစားခဲ့တဲ့ပွဲစဉ်မှာ စပါးအသင်းက လေးဂိုးနှစ်ဂိုးနဲ့ရှုံးနိမ့်ခဲ့ပေမဲ့ အဲဒီပွဲစဉ်မှာ ခြေစွမ်းပိုင်းက ကွာဟချက်မရှိတာကိုတွေ့ရမှာပါ။ အဲဒီပွဲစဉ်မှာ စပါးအသင်းဟာ တန်ပြန်တိုက်စစ်ကနေ မန်စီးတီးအသင်းကို ဖိအားပေးကစားနိုင်ခဲ့တာကြောင့် ပထမပိုင်းပွဲပြီးဆုံးခါနီးမှာ ကူလူဆက်စကီး၊ အယ်မာဆန်တို့ရဲ့ သွင်းဂိုးနှစ်ဂိုးနဲ့ ဦးဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ ဒုတိယပိုင်းပြန်လည်စတင်ချိန်မှာ ခံစစ်အားပြုကစားခဲ့တာကြောင့် ပွဲချိန် ၅၁ မိနစ်၊ ပွဲချိန် ၅၇ မိနစ်၊ ပွဲချိန် ၆၃ မိနစ်နဲ့ ပွဲချိန်မိနစ် ၉၀ တို့မှာ ဦးဆောင်ဂိုးတွေ ထပ်မံခွင့်ပြုလိုက်ရပြီး လေးဂိုးနှစ်ဂိုးနဲ့ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ အခုပွဲစဉ်မှာတော့ စပါးအသင်းအိမ်ကွင်းမှာကစားရမှာဖြစ်လို့ မန်စီးတီးအသင်းအနေနဲ့ အခက်တွေ့မှာသေချာပါတယ်။ စပါးအသင်းဟာ ပရီးမီးယားလီဂ်ပွဲစဉ် ၂၁ ပွဲအပြီးမှာ ၁၁ ပွဲနိုင်၊ သုံးပွဲသရေ၊ ခုနစ်ပွဲရှုံးနဲ့ ရမှတ်(၃၆)မှတ်ရရှိခဲ့လို့ အဆင့်(၅)မှာရောက်ရှိနေပေမဲ့ ချန်ပီယံလီဂ်ဝင်ခွင့်ရဖို့တော့ နယူးကာဆယ်၊ မန်ယူတို့နဲ့ ယှဉ်ပြိုင်ရအုံးမှာဖြစ်ပါတယ်။ လက်ရှိ သူတို့အသင်းတိုက်စစ်ကိုတော့ ဟယ်ရီကိန်းက ဦးဆောင်နေပြီး သွင်းဂိုး ၁၆ ဂိုးနဲ့ ပရီးမီးယားလီဂ်ရဲ့ ဂိုးသွင်းအများဆုံးဖြစ်နေတာကိုတွေ့ရမှာပါ။ သူတို့နှစ်သင်းထိပ်တိုက်တွေ့ဆုံမှုမှာတော့ အိမ်ရှင်အသင်းက အားသာလေ့ရှိတာကြောင့် အခုပွဲစဉ်မှာလဲ စပါးအသင်းအိမ်ကွင်းဖြစ်တာကြောင့် မန်စီးတီးရှုန်းကန်ရဖို့ မျှားပါတယ်။

မန်စီးတီးအသင်းဟာ တိုက်စစ်မှူးဟာလန်းကိုခေါ်ယူခဲ့ပြီးနောက်ပိုင်း ဂိုးရဖို့လွယ်ကူလာပေမဲ့ ဟာလန်းဂိုးမသွင်းနိုင်တဲ့ပွဲစဉ်တွေမှာတော့ ရလဒ်ကောင်းဖို့ ခက်ခဲခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံငါးပွဲမှာ သုံးပွဲနိုင်၊ နှစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့တာကိုတွေ့ရမှာပါ။ အဲဒီပွဲစဉ်တွေမှာ အဝေးကွင်းပွဲစဉ်တွေဖြစ်တဲ့ ဆောက်သမ်တန်အသင်းကို နှစ်ဂိုးဂိုးမရ၊ မန်ယူအသင်းကို နှစ်ဂိုးတစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲတွေမှာ တိုက်စစ်မှူး ဟာလန်းပါဝင်ခဲ့ပေမဲ့ ပြိုင်ဘက်အသင်းရဲ့ လူကပ်ကစားပုံကြောင့် ဂိုးရဖို့ရှုန်းကန်ခဲ့ရတာကိုတွေ့ရမှာပါ။ ဒါ့ပြင် ခံစစ်ပိုင်းကလဲ အာကန်ဂျီ၊ အကီ၊ ဝေါ်လ်ကာ၊ ကန်ဆယ်လိုတို့အမှားများခဲ့တာကြောင့် သူတို့အသင်းအမှတ်ပေးပြိုင်ပွဲမှာရမှတ်ဆုံးရှုံးခဲ့ပြီး အဆင့်(၁)က အာဆင်နယ်အသင်းနဲ့ ရမှတ် ငါးမှတ်ထိ ကွာဟသွားတာကိုတွေ့ရမှာပါ။ နည်းပြဂွါဒီယိုလာဟာ ခံစစ်ပိုင်းမှာ တောင်ပံကစားသမားအခက်အခဲရှိပေမဲ့ ကန်ဆယ်လိုကို ဘိုင်ယန်မြူးနစ်ကို ပြောင်းရွှေ့ခွင့်ပြုလိုက်တာကြောင့် ခံစစ်ပိုင်းအားနည်းမှုက သူတို့အသင်းအတွက် အဓိကထိုးနှက်ချက်ဖြစ်လာတာကိုသတိပြုရမှာပါ။ ဒါပေမဲ့ ဂွါဒီယိုလာဟာ နောက်ဆုံးကစားခဲ့တဲ့ နှစ်ပွဲဆက်မှာ ၃-၂-၄-၁ ကစားကွက်ကိုပြောင်းသုံးပြီး ခံစစ်အားနည်းမှုကို ပြင်ဆင်လာတာတွေ့ရမှာပါ။ အခုပွဲစဉ်ဟာ နှစ်သင်းစလုံးအတွက် အရေးကြီးနေပေမဲ့ စပါးအသင်းအိမ်ကွင်းမှာရှုန်းကန်ရလေ့ရှိတဲ့ မန်စီးတီးအနေနဲ့ လက်ရှိမှာလဲ အဝေးကွင်းခံစစ်ပိုင်းတည်ငြိမ်မှုမရှိသေးတာကြောင့် အိမ်ရှင်စပါးအသင်းနဲ့ပဲ လက်တွဲရမှာပါ။

စပါး အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

စပါး	၁	-	၀	ပိုမောက်
စပါး	၀	-	၂	အာဆင်နယ်
မန်စီးတီး	၄	-	၂	စပါး
ဖူလ်ဟမ်	၀	-	၁	စပါး
ပရက်စတန်	၀	-	၃	စပါး

မန်စီးတီး အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

ဆောက်သမ်တန်	၂	-	၀	မန်စီးတီး
မန်ယူ	၂	-	၁	မန်စီးတီး
မန်စီးတီး	၂	-	၁	စပါး
မန်စီးတီး	၃	-	၀	ဝုဗ်
မန်စီးတီး	၁	-	၀	အာဆင်နယ်

အင်တာမီလန်ကို ရွေးချယ်ရမှာပါ

တနင်္ဂနေနေ့ညမှာကစားမဲ့ စီးရီးအေပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ အင်တာမီလန်နဲ့ အေစီမီလန်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ အစဉ်အလာရပြိုင်ဆိုင်မှုပြင်းထန်တဲ့ မြို့ခံပြိုင်ဘက်တွေဖြစ်တာကြောင့် အခုပွဲစဉ်ကလဲ ပွဲကောင်းတစ်ပွဲဖြစ်လာအုံးမှာ သေချာပါတယ်။ သူတို့နှစ်သင်းအနေနဲ့ ပြီးခဲ့တဲ့ ဇန်နဝါရီ ၁၉ ရက်မှာ ကစားခဲ့တဲ့ စူပါဖလားဝိုလ်လုပွဲစဉ်မှာလဲတွေ့ဆုံခဲ့ပြီး အင်တာမီလန်က အေစီမီလန်ကို သုံးဂိုးပြတ်နဲ့အနိုင်ရခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာလဲ အင်တာမီလန်အသင်းဟာ ဒဏ်ရာရကစားသမားတွေ ပြန်လည်သက်သာလာတာကြောင့် ခြေစွမ်းပိုင်းတိုးတက်လာပြီး နောက်ဆုံးငါးပွဲမှာ လေးပွဲနိုင်၊ တစ်ပွဲရှုံးရလဒ်ရရှိခဲ့တာကိုတွေ့ရမှာပါ။ အဲဒီပွဲစဉ်တွေမှာ ခံစစ်ပိုင်းက နှစ်ဂိုးပဲပေးခဲ့ရသလို တိုက်စစ်ပိုင်းက ခုနစ်ဂိုးထိ သွင်းယူနိုင်ခဲ့တာလဲဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ အမှတ်ပေးပြိုင်ပွဲ ၂၀ ကစားအပြီးမှာ ၁၃ ပွဲနိုင်၊ တစ်ပွဲသရေ၊ ခြောက်ပွဲရှုံးနဲ့ ရမှတ်(၄၀)ထိ ရရှိခဲ့တာကိုတွေ့ရမှာပါ။ ဒါကြောင့် ဇယားထိပ်က နာပိုလီနဲ့ ရမှတ်ခုနစ်မှတ်ပဲ ကွာဟတာကြောင့် ချန်ပီယံဆုမျှော်လင့်ချက်ရှိနေဆဲဖြစ်ပါတယ်။ ဒါ့ပြင် အင်တာမီလန်အသင်းဟာ စီးရီးအေအိမ်ကွင်းပွဲစဉ်တွေမှာလဲ ရှုစ်ပွဲနိုင်၊ နှစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပြီး တိုက်စစ်ပိုင်းက သွင်းဂိုး ၂၁ ဂိုးထိ သွင်းယူနိုင်ခဲ့တာကို သတိပြုရမှာပါ။ အခုပွဲစဉ်မှာလဲ အင်တာမီလန်အသင်းဟာ ပြီးခဲ့တဲ့ဖလားပြိုင်ပွဲကလိုမျိုး ပြိုင်ဘက်ကိုထိန်းချုပ်ကစားနိုင်မယ်ဆိုရင် ရလဒ်ကောင်းတစ်ခု ပိုင်ဆိုင်မှာသေချာပါတယ်။

လက်ရှိ ချန်ပီယံအေစီမီလန်အသင်းဟာ အသင်းရဲ့ခံစစ်ကစားသမားတွေဖြစ်တဲ့ တိုမိုရီ၊ ဖလိုရန်ဇီ၊ မိုင်ဂနန်တို့ ဒဏ်ရာရပြီးနောက်ပိုင်း ရလဒ်ပိုင်းကျဆင်းသွားခဲ့တာကိုတွေ့ရမှာပါ။ အေစီမီလန်ဟာစီးရီးအေပွဲစဉ် ၂၀ အပြီးမှာ ၁၁ ပွဲနိုင်၊ ငါးပွဲသရေ၊ လေးပွဲရှုံးရလဒ်နဲ့ ရမှတ်(၃၈)မှတ်ရခဲ့ပြီး အဆင့်(၅)မှာရောက်ရှိနေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ အခုရာသီမှာ အဝေးကွင်းကစားပုံကျဆင်းသွားတာကြောင့် ၁၀ ပွဲမှာ လေးပွဲနိုင်၊ လေးပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပြီး တိုက်စစ်က သွင်းဂိုး ၁၃ ဂိုး သွင်းယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။ အခုပွဲစဉ်ဟာ ခြေရည်တူနှစ်သင်းတွေ့ဆုံနေတယ်ဆိုပေမဲ့ အေစီမီလန်အသင်းက ဒဏ်ရာရကစားသမားများပြားနေသလို စုဖွဲ့မှုမှာလဲ အင်တာမီလန်ကိုယှဉ်လို့မရသေးပါဘူး။ ဒါကြောင့် ချန်ပီယံဆုကိုစိန်ခေါ်ဖို့ အခွင့်အရေးကောင်းနေတဲ့ အင်တာမီလန်အသင်းကိုပဲ ရွေးချယ်ရမှာပါ။

အင်တာမီလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

အင်တာမီလန်	၁	-	၀	ဗီရိုနာ
အေစီမီလန်	၀	-	၃	အင်တာမီလန်
အင်တာမီလန်	၀	-	၁	အမ်ပိုလီ
ခရီမိုနန်စီ	၁	-	၂	အင်တာမီလန်
အင်တာမီလန်	၁	-	၀	အတ္တလန်တာ

အေစီမီလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

အေစီမီလန်	၀	-	၁	တိုရီနို
လက်ချီ	၂	-	၂	အေစီမီလန်
အေစီမီလန်	၀	-	၃	အင်တာမီလန်
လာဇီယို	၄	-	၀	အေစီမီလန်
အေစီမီလန်	၂	-	၅	ဆက်ဆူအိုလို

ဆိုစီဒက်ကို အားပေးရမှာပါ

တနင်္ဂနေနေ့ညမှာကစားမဲ့ စပိန်လာလီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ဆိုစီဒက်နဲ့ ဗယ်လာဒိုးလစ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဆိုစီဒက်အသင်းဟာ ပြီးခဲ့တဲ့ နှစ်ပွဲဆက်မှာ ဘာစီလိုနာ၊ ရီးရဲလ်မက်ဒရစ်တို့နဲ့ ပွဲကျပ်ကစားခဲ့ရလို့ နိုင်ပွဲမရခဲ့ပေမဲ့ ခြေစွမ်းပိုင်းကတော့ ကျဆင်းသွားခြင်းမရှိပါဘူး။ သူတို့အသင်းဟာ ပြီးခဲ့တဲ့နွေရာသီမှာ တိုက်စစ်မှူးဆာဒစ်၊ ဆိုလော့၊ ကူဘိုတို့ကိုခေါ်ယူနိုင်ခဲ့တာကြောင့် ကစားပုံတိုးတက်လာခဲ့ပြီး အမှတ်ပေးပွဲ ၁၉ ပွဲမှာ ၁၂ ပွဲနိုင်၊ သုံးပွဲသရေ၊ လေးပွဲရှုံးရလဒ်နဲ့ ရမှတ်(၃၉)မှတ်ထိ ရယူနိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းရဲ့ နည်းပြအီမန်နော်ကတော့ ခံစစ်အသားပေးကစားနေတာကြောင့် အသင်းကြီးတွေနဲ့ရင်ဆိုင်ရတဲ့ပွဲစဉ်တွေမှာတောင် ပေးဂိုးနည်းပြီး ရမှတ်တွေခွဲယူနိုင်ခဲ့ပါတယ်။ လက်ရှိ ၄-၃-၁-၂ ကစားကွက်အခင်းအကျင်းမှာလဲ တိုက်စစ်မှူး ဆိုလော့၊ အိုရာဇာဘယ်၊ ကူဘိုတို့ ခြေစွမ်းပြနေပြီး ဆိုလော့က သွင်းဂိုးရှစ်ဂိုးထိသွင်းယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။ ဒါ့ပြင် ဆိုစီဒက်အသင်းဟာ အခုရာသီအိမ်ကွင်းမှာ ဘာစီလိုနာနဲ့ ဘက်တစ်တို့ကိုပဲ ရှုံးနိမ့်ထားတာကြောင့် ဗယ်လာဒိုးလစ်လို ခြေစွမ်းမတည်ငြိမ်တဲ့အသင်းအတွက် အခက်တွေ့မှာဖြစ်ပါတယ်။

ဗယ်လာဒိုးလစ်အသင်းဟာ ပြီးခဲ့တဲ့ပြိုင်ပွဲစုံငါးပွဲမှာ တစ်ပွဲနိုင်၊ လေးပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပြီး အမှတ်ပေးဇယားအဆင့်(၁၇)မှာရောက်ရှိနေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ ပြီးခဲ့တဲ့အိမ်ကွင်းမှာဗလင်စီယာကိုအနိုင်ရခဲ့ပြီး အေတီကို၊ ဗယ်လ်ကာနို၊ မာယောဲ့ကာ၊ အလာဗက်တို့ကို ရှုံးနိမ့်ခဲ့တာတွေ့ရမှာပါ။ ဒါ့ပြင် သူတို့အသင်းဟာ အခုရာသီအဝေးကွင်းကိုးပွဲမှာ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ ခုနစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပြီး ခံစစ်က ပေးဂိုး ၁၉ ဂိုးထိခွင့်ပြုခဲ့ရတာကိုတွေ့ရမှာပါ။ လက်ရှိ နည်းပြပါချီတာရဲ့ လက်အောက်မှာတော့ လီယွန်က သွင်းဂိုး၈ဂိုးနဲ့ ဂိုးသွင်းအများဆုံးအဖြစ်ရပ်တည်ပါတယ်။ အခုပွဲစဉ်မှာတော့ ဒဏ်ရာရကစားသမားလေးယောက်ရှိနေတဲ့ ဗယ်လာဒိုးလစ်အနေနဲ့ ဆိုစီဒက်လို အသင်းလိုက်ကစားအားကောင်းတဲ့အသင်းကို ပွဲချိန်ပြည်ထိန်းချုပ်ဖို့ဆိုတာမဖြစ်နိုင်ပါဘူး။ ဒါ့ပြင် ကူဘို၊ ဆိုလော့တို့တိုက်စစ်အတွဲကို မထိန်းချုပ်နိုင်ရင်တော့ ဗယ်လာဒိုးလစ်အသင်း ဂိုးပြတ်ရှုံးသွားနိုင်တာကြောင့် နည်းစနစ်ပိုင်းတည်ငြိမ်တဲ့အပြင် အသင်းလိုက်ကစားအားကောင်းတဲ့ ဆိုစီဒက်အသင်းကိုပဲ အားပေးရမှာပါ။

ဆိုစီဒက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

ဆိုစီဒက်	၃	-	၁	ဘီလ်ဘာအို
ဆိုစီဒက်	၁	-	၀	မာယောဲ့ကာ
ဗယ်လ်ကာနို	၀	-	၂	ဆိုစီဒက်
ဘာစီလိုနာ	၁	-	၀	ဆိုစီဒက်
ရီးရဲလ်မက်ဒရစ်	၀	-	၀	ဆိုစီဒက်

ဗယ်လာဒိုးလစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

အလာဗက်	၁	-	၀	ဗယ်လာဒိုးလစ်
မာယောဲ့ကာ	၁	-	၀	ဗယ်လာဒိုးလစ်
ဗယ်လာဒိုးလစ်	၀	-	၁	ဗယ်လ်ကာနို
အေတီကို	၃	-	၀	ဗယ်လာဒိုးလစ်
ဗယ်လာဒိုးလစ်	၁	-	၀	ဗလင်စီယာ

နယ်စပ်ကုန်သွယ်ရေးဒေသများမှ ကုန်ပစ္စည်းတင်ဆောင်မည့်ယာဉ်များ ကုန်ပစ္စည်းသယ်ဆောင်ခွင့်ကို အွန်လိုင်းစနစ်ဖြင့် ကြိုတင်လျှောက်ထားရမည်

နေပြည်တော် ဖေဖော်ဝါရီ ၃

နယ်စပ်ကုန်သွယ်ရေးဒေသများမှ ကုန်ပစ္စည်းတင်ဆောင်မည့်ယာဉ်များ ကုန်ပစ္စည်းသယ်ဆောင်ခွင့်ကို အွန်လိုင်းစနစ်ဖြင့် ကြိုတင်လျှောက်ထားရမည်ဖြစ်ကြောင်း ကုန်သွယ်ရေးဦးစီးဌာန၏ ဖေဖော်ဝါရီ ၂ ရက် သတင်းများအရ သိရသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနသည် နယ်စပ်ကုန်သွယ်ရေးဒေသများမှ ပြည်ပသို့ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းနှင့် မြေပဲတင်ပို့ခြင်းများကို စနစ်တကျကြေပ်မတ်ဆောင်ရွက်နိုင်ရေးအတွက် ပို့ကုန်လိုင်စင်ရရှိပြီးသည့် ကုန်ပစ္စည်းများ သယ်ဆောင်ရန် ပို့ကုန်မော်တော်ယာဉ်များအနေဖြင့် ကုန်ပစ္စည်းသယ်ဆောင်ခွင့်လက်မှတ်(မျှော)ကို ကြိုတင်ရယူပြီးမှသာ သယ်ဆောင်ခွင့်ပြုပေးလျက်ရှိကြောင်း၊ ထိုသို့ခွင့်ပြု ဆောင်ရွက်ပေးနေရာမှ လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းများကို ပိုမိုလွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကုန်ပစ္စည်းသယ်ဆောင်ခွင့်ကို အွန်လိုင်းစနစ်ဖြင့် ခွင့်ပြုဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကုန်ပစ္စည်းသယ်ဆောင်ခွင့် လျှောက်ထားရာတွင် ပြည်ပသို့တင်ပို့မည့်ကုန်ပစ္စည်းများအတွက် နယ်စပ်ပို့ကုန်လိုင်စင်ကို Myanmar Tradenet 2.0 စနစ်တွင် ဦးစွာလျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့လျှောက်ထားပြီး နယ်စပ်ပို့ကုန်လိုင်စင်ရရှိပြီးသည့်အခါ QR Code ပါဝင်သည့် ကုန်ပစ္စည်းသယ်ဆောင်ခွင့်ကို ထုတ်ပေးမည်ဖြစ်သည်။ ပို့ကုန်ပစ္စည်းသယ်ဆောင်သည့်ယာဉ်များသည် ကုန်စည်စစ်ဆေးရေဂိတ်များတွင် အဆိုပါ QR Code ကို ပြသအစစ်ဆေးခံရမည်ဖြစ်သည်။ ထို့ကြောင့် လုပ်ငန်းရှင်များအနေဖြင့် QR Code ပါဝင်သည့် ကုန်ပစ္စည်းများသယ်ဆောင်ခွင့်ကို အွန်လိုင်းမှကြိုတင်လျှောက်ထားဆောင်ရွက်ကြရန် လိုအပ်ကြောင်း ထုတ်ပြန်ပေးခြင်းဖြစ်သည်။

အဆိုပါစနစ်ဖြင့် ကုန်ပစ္စည်းများ သယ်ဆောင်ခွင့်ပြုခြင်းကို ယခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၁၀ရက်ထိ စမ်းသပ်ကာလအဖြစ် မူဆယ်၊ မြဝတီနှင့် ချင်းရွှေဟော် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများတွင် စတင်အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါစမ်းသပ်ကာလအတွင်း ငွေကြေးကောက်ခံခြင်းမပြုဘဲ ခွင့်ပြုဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကုန်ပစ္စည်းသယ်ဆောင်ခွင့်ကို QR Code ရရှိပြီးမှသာ ခွင့်ပြုပေးသည့်စနစ်ကို ယခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်မှစတင်၍ အသုံးပြုမည်ဖြစ်သဖြင့် ဖေဖော်ဝါရီ ၁၀ ရက်မှ စကာ ယာဉ်တစ်စီးလျှင် ငွေကျပ် ၅၀၀၀ နှုန်း ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။ SKL

ဆိပ်ဖြူမြို့နယ် ၄ိုက်ကွေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ဆိပ်ဖြူ ဖေဖော်ဝါရီ ၃

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန က ၄ိုက်ကွေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂ ရက် မွန်းလွဲပိုင်းက ၄ိုက်ကွေးကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်က ရပ်မိ၊ ရပ်ဖများ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ၄ိုက်ကွေးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၃ ဦးကို ငွေကျပ် ၁၉၅၅၀၀၀၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၇ ဦးကို ငွေကျပ် ၁၂၄ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၎င်းဦးကို ငွေကျပ် ၂၂ သိန်း စုစုပေါင်းအသင်းသား၊အသင်းသူ ၉၅ ဦးကို ငွေကျပ် ၃၄၄၅၀၀၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

နွဲ့.ယဉ်

ဗလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၄-၂-၂၀၂၃ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၂၁၃၀	၂၁၈၀	၂၁၇၀	၂၁၄၀	၂၁၇၅	၂၂၀၀	၂၁၈၅	၂၁၆၅	၂၂၆၀	၂၂၇၅	၂၁၇၀	၂၁၈၀	၂၂၁၅	၂၂၁၅	၂၂၂၀	၂၄၄၅	၂၉၀၀
95 Ron	၂၁၉၅	၂၂၄၅	၂၂၄၀	၂၂၀၅	၂၂၄၀	၂၂၆၅	၂၂၅၀	၂၂၃၀	၂၃၂၅	၂၃၄၅	၂၂၃၅	၂၂၅၀	၂၂၈၀	၂၂၈၀	၂၂၈၅	၂၅၁၅	၂၉၈၀
HSD (500 ppm)	၂၂၇၀	၂၃၁၅	၂၃၁၅	၂၂၇၅	၂၃၁၅	၂၃၄၀	၂၃၃၅	၂၃၀၀	၂၄၂၀	၂၄၁၅	၂၃၀၅	၂၃၂၀	၂၃၅၅	၂၃၅၅	၂၃၅၅	၂၅၈၅	၃၅၀၀
HSD (50 ppm)	၂၃၅၀	၂၃၉၅	၂၃၉၅	၂၃၅၅	၂၃၉၅	၂၄၂၀	၂၄၁၅	၂၃၈၀	၂၅၀၀	၂၄၉၅	၂၃၈၅	၂၄၀၀	၂၄၃၅	၂၄၃၅	၂၄၃၅	၂၆၆၅	၃၅၃၀
HSD (10 ppm)	၂၃၅၀	၂၃၉၅	၂၃၉၅	၂၃၅၅	၂၃၉၅	၂၄၂၀	၂၄၁၅	၂၃၈၀	၂၅၀၀	၂၄၉၅	၂၃၈၅	၂၄၀၀	၂၄၃၅	၂၄၃၅	၂၄၃၅	၂၆၆၅	၃၅၃၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၀၂၁	၂၀၉၅
95 Ron	၂၀၈၅	၂၁၆၀
HSD (500 ppm)	၂၁၅၈	၂၂၃၁
HSD (50 ppm)	၂၂၃၂	၂၃၀၆
HSD (10 ppm)	၂၂၃၂	၂၃၀၆

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

ဝ၆၇- ၄၀၉၈၈၁၊ ဝ၉-၆၉၉၆၁၁၁၁၆

ဝ၆၇- ၄၁၁၁၂၉၊ ဝ၉-၄၄၀၄၃၃၅၅

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလိမိတက်

မိသားစုဘဝလုံခြုံစိတ်ချဖို့

ကျန်းမာရေးအာမခံ

ထားကြစို့!

၁။ ပြည်သူ့ပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုင်ငေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူ့ပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀၊ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ

အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁ - ၈၃၇၈၉၆၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၃

၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇

ဝန်ထမ်းအလိုရှိသည်

- Sale & Marketing ကျား (2)ဦး
- ဘွဲ့တစ်ခုခုရရှိပြီးသူ ဖြစ်ရမည်။
- အသက် (25)နှစ်အတွင်း
- လုပ်ငန်းအတွေ့အကြုံမလို။
- 51 လမ်း၊134×135 လမ်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ စိန်မန်းမြေ(ပီနံအိတ်)
- ဆက်သွယ်ရန်ဖုန်း 09-401303014

ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ အလက(၁)ခွဲ၊ Grade-3၊ ကျောင်းဝင်အမှတ်-၁၀၂၄၊ မောင်ညီမင်းထက် ၏ ဖခင်အမည်မှန်မှာ ဦးမောင်ထွေး (၉/ပဥလ(နိုင်)၀၃၄၁၀၁) ဖြစ်ပါကြောင်း။

ဦးမောင်ထွေး (၉/ပဥလ(နိုင်)၀၃၄၁၀၁)

အမည်မှန်

ပြင်ဦးလွင်မြို့၊ အလက(၁)ခွဲ၊ Grade-8၊ ကျောင်းဝင်အမှတ်-၁၀၂၅၊ (အဘ) ဦးမောင်ထွေး ၏သမီး အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မယွန်းနဒီမောင် ဖြစ်ပါကြောင်း။

မယွန်းနဒီမောင်

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မလှိုင်မြို့နယ်၊ ကူကြီးကျေးရွာအုပ်စု၊ ခုနစ်ချက်ကျေးရွာနေ ဦးတက်တိုး+ဒေါ်ဖြိုးဖြိုးဟန် တို့၏သားဖြစ်သူ **မောင်နေလင်းအောင်(၉/မလန(နိုင်)၁၈၂၉၃၄)** သည် မိဘနှစ်ပါး၏ ဆိုဆုံးမမှုကို အကြိမ်ကြိမ်မနာခံဘဲ စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် သားဖြစ်သူအား ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်၍ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးတက်တိုး(၉/မလန(နိုင်)၁၁၁၅၂၉)
ဒေါ်ဖြိုးဖြိုးဟန်(၉/မလန(နိုင်)၀၉၇၉၇၄)

ဥတ္တရာသီ တောကိုမှီ

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-စာ၀၃၃၄၄၇၊
၀၆၇-စာ၀၃၃၄၄၄
Email Address – accm@accm.gov.mm
Website Address – http://www.accm.gov.mm

ပူးယစ်ကိုပစ်
ပန်းတိုင်သစ်
စိတ်သစ်
လူသစ်
ဘဝသစ်

စာပေ
မြင့်မှ
လူမျိုး
တင့်မည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုဧကတိမီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုပိတ်ဆို့၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးနည်းနှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြွယ်များကို အခြေခံသည့် အသေးစား၊ အလယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဝေလေထုံးစံအမေ၊အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ဒေတာမီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ လက်နက်ကိုင်ပဋိပက္ခများ၊ သဘောထားကွဲလွဲမှုများဖြင့် ဒေသနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတည်ဆောက်၍ မရနိုင်သည်ကို နားလည်သဘောပေါက်၍ ငြိမ်းချမ်းမှုရရှိပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်...

❖ တိုင်းပြည်ငြိမ်းချမ်းရေးနှင့် နယ်မြေဒေသအားလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်သည့် ငြိမ်းချမ်းရေးဆိုင်ရာ လက်တွေ့တိုးတက်မှုတစ်ခုကို ပုံဖော်နိုင်ရေး၊ ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဩဂုတ် ၂၂ ရက်တွင် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) ဥက္ကဋ္ဌ စွန်သူရိန်၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) ဥက္ကဋ္ဌ ကျာဆော်လမ္ဘန်နှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ခုတိယဥက္ကဋ္ဌ စောမြရာဇာလင်းတို့ ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ကို တွေ့ဆုံဆွေးနွေးစဉ်ပြောကြားမှုမှ ကောက်နုတ်ချက်)

မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ပဟိဋ္ဌာနများတွင် ဌာပနာတော်ထပ်မံထည့်သွင်း သွင်းလှူပူဇော်နိုင်ရေး စေတနာရှင်၊ အလှူရှင်များက လာရောက်လှူဒါန်းလျက်ရှိ

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိဋ္ဌာနများတွင် ဌာပနာတော်ထပ်မံထည့်သွင်း၊ သွင်းလှူပူဇော်နိုင်ရေး၊ စေတနာရှင်၊ အလှူရှင်များက လာရောက်လှူဒါန်းကြစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ခုနစ်ရက်သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကို ပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများ လာရောက်ခြင်းဖြင့်

စာမျက်နှာ ၁၉ ကော်လံ ၁ ☆

အနော်ရထာတံတား(ချောက်) ရေလမ်းပြောင်းလဲမည်

၁။ အနော်ရထာတံတား(ချောက်)ရေလမ်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင်(၅)နှင့် (၆)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်(၄)နှင့်(၅)အကြားမှလည်းကောင်း သတ်မှတ်ပေးထားပါသည်။ ယခုအခါ တံတားမြစ်ကြမ်းပြင် မြစ်ရေတိုက်စားမှုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်မည်ဖြစ်သောကြောင့် ရေယာဉ်များဖြတ်သန်းသွားလာရန် အစုန်၊အဆန်ရေလမ်းကြောင်းကို ရေလယ်တိုင်အမှတ်(၃)နှင့်(၄)အကြားမှ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ပြောင်းလဲဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ မီတာ ၁၁၀ ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၁၇ မီတာရှိပါသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင်တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားပါမည်။ မဝင်ရမည့် ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ်အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားပါမည်။

၃။ တံတားတိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့်ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုရန်နှင့် တွဲတွန်းရေယာဉ်များ တစ်တွဲချင်းသာချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် သတင်းထုတ်ပြန်ထားပါသည်။

Quality For You VEGA ဗီဂျာ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ VEGA Quality For You

ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စည်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၃၉၆၈၉၊ ၀၉-၇၉၉၈၅၂၆၂၄၉